The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

စီးပွားရေးသတင်းဂျာနယ်

VOL .16, NO . 26 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 18 , 2016

### ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးလက်ကျန်များ လျော့နည်း မြို့နယ်အချို့တွင်စပါး၊ ဆန်အရောင်းအဝယ်သွက်ပြီး ဈေးနှုန်းများမြင့်တက်

|pmrsu EsS- 4|

### အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် Viber က အာဇာနည်နေ့ အခမဲ့စတေကာ အသစ်များဖြင့်ဂုဏ်ပြု

|pmrsu EsS- 15|

### မလေးရှားနိုင်ငံသို့ ပလတ်စတစ် ဖလင်လိပ်များ တင်ပို့

|pmrsu EsS- 23|

### အင်ဒိုနီးရှားသို့ မြန်မာ့ဆေးရွက်ကြီး တန်ချိန် ၂၀၀ ကျော် တင်ပို့

|pmrsu EsS- 23|

## tpdkoopfyxr&uf(100)umv twGif

# ကုန်သွယ်မှုကဏ္ဍအပေါ် သက်ရောက်မှု



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အစိုးရသစ်ဟာ နိုင်ငံတော်ကိုပြုပြင်ပြောင်းလဲဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ ဖော်ဆောင်ရာမှာ အစိုးရသစ်ရဲ့ ပထမရက် ၁၀၀ ဆိုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အရေးအရာကိစ္စတွေအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ပထမရက် ၁၀၀အတွင်းမှာ အစိုးရသစ်ရဲ့ ပုံဖော်မှုလမ်းစဉ် အားလုံးအနက် မှန်တာတွေရှိသလို မှားတာတွေလည်း ရှိခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအဖြစ် ရွေးချယ်ခံနိုင်ခြင်းမရှိပေမယ့်

|pmrsu EsS- 18|



### ဒေသသုံး ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုရာမှ ကယားပြည်နယ်မှ မက်ခါသီးဈေးကွက်ဝင်လာ

မက်ခါသီးကို ကယားပြည်နယ်မှာ ရိုးရာဟင်းခတ် အမွှေးအကြိုင် အသုံးပြုခဲ့ရာမှ ယခုအခါ ဧည့်သည် များက အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူကြရာမှတစ်ဆင့် ဈေးကွက်ဝင်ပစ္စည်းတစ်ခု ဖြစ်လာတာကို တွေ့ရပါတယ်။

|pmrsu EsS- 8|



### ဖျာပုံမြို့နယ်တွင် ငါးရှဉ့်အဝယ်လိုက်ပြီး အရောင်းအဝယ်သွက်နေ

ဖျာပုံမြို့နယ် ငါးရှဉ့်အရောင်းအဝယ်ဒိုင်များမှာ ယခု ဇူလိုင်လဆန်းပိုင်းအတွင်း ရန်ကုန်မြို့မှ ငါးရှဉ့်ဝယ်လက်များ အဝယ်လိုက်သဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ငါးရှဉ့်ဈေးကွက်မှ သိရပါတယ်။

|pmrsu EsS- 17|




DIAMOND LION

Authorized Customs Clearing & Forwarding Agency

Air, Sea & Road Customs Clearing
Door To Door
Import & Export Service



No.(170/176), Room. (513), MGW Tower, Bo Aung Kyaw Street, Lower Block, Botathaung Township, Yangon, Myanmar.
Ph : 09-5118160, 09-977924222 E-mail : dlionagency001@gmail.com



FBT
福興兄弟集團公司
FU XING BROTHERS GROUP OF COMPANIES
လူကြီးမင်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်အရောက်ပို့စနစ်ဖြင့် သင့်လျော်သောဈေးနှုန်း၊ အရည်အသွေး၊
အာမခံချက်အပြည့်အဝရှိသော ပြည်ပမှစံချိန်မှီ Originalသံချောင်း (HRB-400B, BS460B, BS500B) နှင့် Coil(SAE1008B)
အမျိုးမျိုးတို့ကို ဝယ်ယူရရှိနိုင်ပါသည်။
" FDA " ၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှတရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများ ဖြစ်ပါသည်။
Chemical, Food Additives & Milk Powder
Two Butterflies Full Cream Milk Powder (400 g)
Rainbow Milk Powder (20g)
Non Dairy Creamer (25 kg)
Potassium Sorbate (1 kg)
Corn Starch (25 kg)
Maltodextrin (25 kg)
Dextrose Monohydrate (25 kg)
Sodium Benzoate (25 kg)
Benzoic Acid (25 kg)
Potassium Chloride (25 kg)
Amanda Margarine (15 kg)
Palmia Butter Oil (18 kg)
Meizan Shortening (16 kg)
Angel Yeast (500 g)
Eagle Yeast (500 g)
Ammonium Bicarbonate (25 kg)
Sodium Bicarbonate (25 kg)
Citric Acid Monohydrate (25 kg)
Citric Acid Anhydrous (25 kg)
Sodium Citrate (25 kg)
Sodium Carboxy Methyl Cellulose (CMC) FH 1000 (25 kg)
Sodium Cyclamate Rainbow Brand (1kg)
Sodium Cyclamate Jin Tian Brand (1kg)
Sodium Cyclamate Golden Gate Brand (1kg)
Sodium Cyclamate Jin Tian Brand (25kg)
Sodium Saccharin (450g)
Sodium Hydrosulfite 85% (50 kg)
522 Sulphur Black (50 kg)
Caustic Soda Flakes 99% (25kg)
Soda Ash Light (40 kg)
Sodium Carboxy Methyl Cellulose (CMC) FH 500 (25 kg)
မုန့်ဖုတ်လုပ်ငန်းသုံး၊ ဖျော်ရည်လုပ်ငန်းသုံး၊ အခြားစားသောက်ကုန်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ နှင့် စက်မှုလုပ်ငန်းသုံး ဓာတုကုန်ကြမ်းများကို အထူးဈေးနှုန်းများဖြင့် လက်လီလက်ကားရောင်းချပေးနေပါသည်။
RSS-1, RSS-3, RSS-5, MSR-10 & MSR-20 Rubber Grade မျိုးစုံကိုမှာယူရရှိနိုင်ပါသည်။
1
3
FBT
Yangon Office : No. 16-17, U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon.
Tel : 01-554140,554080, 554083, 554087, Fax : 01- 401105, E-mail : fuxingb@gmail.com
Mandalay Office : No. 275, 81St Street, 24th & 25th Street, Aung Myay Thar San Tsp., Mandalay.
Tel : 02-21977, 02-32990, 02-34803, Fax : 02-33181, E-mail : cmfuxingmdy@gmail.com
Wholesale : A-2, Nyaung Pin Lay Plaza, Lanmadaw Tsp., Yangon. Tel : 01-210212, 210407

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

# မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇူလိုင် ၁၃ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် Myanmar-Japan Joint Initiative (Phase II) ၏ ပထမအကြိမ်အစည်းအဝေးတွင် သဘောတူညီခဲ့သည့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့ငါးဖွဲ့အနက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းအဖွဲ့ အစည်းအဝေးအား ဩဂုတ် ပထမပတ်အတွင်း ကျင်းပနိုင်ရေး၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်၊ သွင်းကုန်စနစ် ဖြစ်ပေါ်လာစေရေး အတွက် ကူညီဆောင်ရွက်ပေးသွားနိုင်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး၊ သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေး ကိစ္စရပ်များအား နှစ်ဖက် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**





## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (ဒုတိယညွှန်ကြားရေးမှူးများ) ဆွေးနွေးပွဲနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အမှတ်စဉ် (၂/၂၀၁၆)သို့ တက်ရောက်အမှာစကားပြောကြား

အရာထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး (ဒုတိယညွှန်ကြားရေးမှူးများ) ဆွေးနွေးပွဲနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အမှတ်စဉ် (၂/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် နိုင်ငံတော်ပြုပြင် ပြောင်းလဲရေးတွင် ခေတ်နှင့်အညီလိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ရန် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမျိုးမျိုးကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိပြီး စွမ်းဆောင်ရည်မြင့်မားနေမှသာ

**စာမျက်နှာ ၂၂ သို့ ➲**

## ဥရောပသမဂ္ဂ၏ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ (CBRN CoE) စီမံချက်တွင် ပါဝင်သည့် Project 47 “Outreach Programme on Export Control of Dual-Use Goods” နှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူ (Chemical Biological Radiological and Nuclear-CBRN) ဆိုင်ရာ ဘေးအန္တရာယ်များ လျော့ပါးလာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိရာ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ CBRN CoE စီမံချက်တွင်ပါဝင်သည့် Project 47 “Outreach Programme on Export Control of Dual-Use Goods” နှင့်စပ်လျဉ်းသည့်

**စာမျက်နှာ ၂၂ သို့ ➲**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.26 Monday July 18 2016

## ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဈေးကွက်သစ် ပါပူဝါနယူးဂီနီနိုင်ငံသို့ဆန်တင်ပို့

ဇူလိုင်ပထမပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၄ဒသမ ၉၆၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၃၅၄၅ တန် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၆၀၁၇ တန်ခန့်နဲ့ ဧည့်မထဆန် ၂၁၉၃တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေး စခန်းမှ ငစိန်ဆန်တန်၁၂၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၂၁၅တန် တင်ပို့ခဲ့ပါတယ်။

ဆန်စုစုပေါင်း အခြေအနေကို နှိုင်းယှဉ်ကြည့်ရင် ယခင်တစ်ပတ်တင်ပို့မှုအောက် ၁၅၂၁ တန် လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲတင်ပို့မှုလည်း လျော့ကျခဲ့ပါတယ်။ နယ်စပ်စခန်းများအလိုက် တင်ပို့မှုမှာ မူဆယ်(၁၀၅) မိုင်မှ ကန်ဒေါ်လာ သုညဒသမ ၄၃၄ သန်း တန်ဖိုးရှိ ဆန်ကွဲ၁၃၃၄တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုညဒသမ ၀၇၉ သန်းဖိုးရှိ ဆန်ကွဲ ၂၄၆ တန်၊ စုစုပေါင်းတန်ချိန် ၁၅၈၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုအောက် တန်ချိန် ၁၃၀၀ လျော့နည်းခဲ့ပါတယ်။

ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုညဒသမ ၅၇၁သန်းဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် တန်၁၅၅၀တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၁၂၀၀နဲ့ အိန္ဒိယနိုင်ငံသို့ ဧည့်မထဆန် တန်၁၅၀ အပြင် ဈေးကွက်သစ်ဖြစ်တဲ့ ပါပူဝါနယူးဂီနီနိုင်ငံသို့ ပေါင်းဆန်တန်၂၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၆၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ ယခုတစ်ပတ်မှာ ကန်ဒေါ်လာ သုညဒသမ ၉၂၆သန်းဖိုးရှိ ဆန်ကွဲ ၃၃၇၅ တန်ကို အီးယူနိုင်ငံများသို့သာ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၇၁တန် လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၈ရက်အထိ အမေရိကန်ဒေါ်လာ ၇၃ဒသမ ၅၇၆သန်းဖိုးရှိဆန်တန်ချိန် ၂၀၅၂၃၆ တန်တင်ပို့ခဲ့ရာ ကာလတူထက် ၁၆၈၁၆၄ တန် လျော့နည်းခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၁ဒသမ ၃၃၅ သန်းဖိုးရှိဆန်ကွဲတန်ချိန် ၇၁၈၁၉ တန်ကျော် တင်ပို့ခဲ့ရာ ကာလတူထက် ၁၀၄၈၀၈တန်ကျော် လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးလက်ကျန်များ လျော့နည်း မြို့နယ်အချို့တွင် စပါး၊ ဆန်အရောင်းအဝယ်သွက်ပြီး ဈေးနှုန်းများမြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များတွင် စပါးလက်ကျန်လျော့နည်းလာချိန်တွင် အရောင်းအဝယ်လည်း သွက်လာတဲ့အတွက် အချို့မြို့နယ်များတွင် မိုးစပါးရော၊ နွေသီးထပ်ရင် စပါးပါ ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

ဈေးကွက်ကျယ်ဝန်းတဲ့ မြို့နယ်များဖြစ်တဲ့ ပုသိမ်ခရိုင်၊ ဟင်္သာတ၊ ဇလွန်၊ အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ မအူပင်မြို့နယ်များတွင် စပါး၊ ဆန်ဈေးနှုန်းများ ယခင်ထက် မြင့်တက်လျက်ရှိကြောင်း၊ ယခင်ဧည့်မထမိုးစပါး(ဟောင်း) ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၈၀၀၀၀ မှ ကျပ် ၅၉၀၀၀၀ ဝန်းကျင် ဈေးရှိခဲ့တဲ့ မြို့နယ်များတွင် ယခုအခါကျပ် ၆၁၀၀၀၀ မှ ကျပ် ၆၂၀၀၀၀ ဝန်းကျင်ဈေးနဲ့ စပါးဈေးနှုန်းမြင့်တက်မှုကြောင့် ဆန်ဈေးမှာလည်း ၁၀၈ ပေါင် ဆန်တစ်အိတ်လျှင် ယခင် ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ ရှိခဲ့ရာမှ ယခုကျပ် ၂၆၀၀၀ မှ ၂၆၅၀၀ ဈေးဖြင့် မိုးဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၊ ၁၅၀၀၀၊ ၂၀၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်သွား ကြောင်း ဈေးကွက်မှ သိရပါတယ်။

မိုးစပါးဆန်ဈေးနဲ့အတူ နွေသီးထပ်ရင် ဈေးနှုန်းမှာလည်း မြင့်တက်သွားပြီး မြို့နယ်အလိုက် စပါးဈေးနှုန်းကွာခြားမှုရှိသော်လည်း နွေသီးထပ်ရင်စပါးဈေးမှာ ၄၆ ပေါင် တင်း ၁၀၀ ကို ယခင်က ကျပ် ၄၃၅၀၀၀ မှ ကျပ် ၄၄၀၀၀၀ ဈေးနှုန်းရှိခဲ့ရာမှ ယခုအခါ ကျပ် ၄၅၀၀၀၀ မှ ကျပ် ၄၆၀၀၀၀ ဈေးနှုန်းဖြင့် စပါး တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀ ဝန်းကျင်ခန့် ဈေးနှုန်းမြင့်တက်သွားပြီး ဆန်တစ်အိတ်လျှင် ယခင်က ကျပ် ၁၉၀၀၀မှ ကျပ် ၁၉၅၀၀ ဈေးရှိခဲ့ရာမှ ယခုအခါ ကျပ် ၂၀၀၀၀မှ ကျပ် ၂၁၀၀၀ ဈေးနှင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ ဝန်းကျင် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

လက်ရှိဈေးကွက်တွင် တောင်သူလက်ကြီးသမားများမှာ ဝမ်းစာကြိတ်ခွဲခြင်းမပြုဘဲ စပါးကိုသိုလှောင်ထားကာ ဆန်ကိုသာပြန်ဝယ်စားလျက်ရှိပါတယ်။ မိုးစပါး၊ နွေစပါးလှောင်ထားတဲ့ စက်ပိုင်ကုန်သည်ကြီးများမှာ ဈေးကွက်လိုအပ်ချက်အရသာ ကြိတ်ခွဲလျက်ရှိရာ အချို့မြို့နယ်များတွင် စပါး/ဆန်ဈေးနှုန်းများ မြင့်တက်၍ ကျန်မြို့နယ်များတွင် ပုံမှန်ရောင်းဝယ်မှုသာရှိကြောင်း ဆန်စပါးကုန်သည်များထံမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## မိုးအေးသလို အရောင်းအဝယ်ပါအေးတဲ့ဆန်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဇူလိုင် ၁၄ ရက် ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် တစ်အိတ် ထိပ်စ ကျပ် ၃၅၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၂၅၀၀၊ မြောင်းမြပေါ်ဆန်းဆန်တစ်အိတ်ထိပ်စ ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၄၅၀၀၊ နယ်စုံပေါ်ဆန်းဆန်တစ်အိတ် ထိပ်စ ကျပ် ၃၄၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၂၅၀၀ နဲ့ဈေးငြိမ်နေပါတယ်။ ဆန်ဈေးကွက်ငြိမ်နေပြီး အရောင်းအဝယ်လည်း ပုံမှန်အတိုင်းပဲရှိနေတယ်လို့ သိရပါတယ်။ အဝင်မများသလို အဝယ်လည်းမသွက်ဘူးလို့ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

ဧည့်မထဆန်ဈေးမှာ ထိပ်စ တစ်အိတ် ကျပ် ၂၃၀၀၀၊ လတ်စတစ်အိတ် ကျပ် ၂၁၅၀၀ဖြစ်လို့ တစ်အိတ် ကျပ် ၅၀၀ ဈေးကျလာပါတယ်။ နွေသီးထပ် (ရှယ်) တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၈၀၀၊ မနောသုခ ဆန်တစ်အိတ် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀ နဲ့ဈေးငြိမ်နေပြီး၊ နွေဆန်ရက် ၉၀ ကတော့ တစ်အိတ်ကျပ် ၂၁၀၀၀၊ ကျပ် ၂၂၀၀၀ ဖြစ်လို့ တစ်အိတ် ကျပ် ၅၀၀ ဈေးတက်လာပါတယ်။ ပြည်ပပို့တဲ့ ဧည့်မထဆန် ၂၅ မှတ်ကတော့ တစ်အိတ်ကို ကျပ် ၁၇၅၀၀ မှ ကျပ် ၁၇၇၀၀ ဖြစ်တဲ့အတွက် တစ်အိတ်ကျပ် ၅၀၀ ဈေးတက်လာတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဇူလိုင် ၁၅ ရက်ဈေးနှုန်းအရ ဧည့်မထဆန် ၅ မှတ် မော်ဘီတစ်အိတ် ၁၄၃ မှ ၁၄၆ ယွမ်နဲ့ စူပါတစ်အိတ် ၁၄၆ မှ ၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၈ မှ ၁၄၁ ယွမ်နဲ့ စူပါတစ်အိတ် ၁၄၄ မှ ၁၄၅ ယွမ်၊ မနောသုခ ၂၅မှတ် တစ်အိတ် ၁၃၀ မှ ၁၃၄ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ်၁၄၅ မှ ၁၄၇ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၄၀ မှ ၁၄၃ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၃၆ မှ ၁၃၈ ယွမ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။

ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ မူဆယ်ကုန်စည်ဒိုင်သို့နယ်စုံမှ နေ့စဉ်ပြည်တွင်းဆန် ပျမ်းမျှအဝင်တန်ချိန် ၆၂၀ ခန့်ရှိပြီး၊ ရက်သတ္တပတ်အတွင်း တန်ချိန် ၄၃၄၀ ခန့် အဝင်ရှိပါတယ်။ ယခင်တစ်ပတ်ထက် ထက်ဝက်ကျော် အဝင် လျော့ကျခဲ့ပါတယ်။ မိုးရွာပြီး မြစ်ရေကြီးတာနဲ့ ရာသီဥတုမကောင်းတဲ့အတွက် သယ်ယူပို့ဆောင်မှုခက်ခဲနေလို့ အဝင်လျော့ကျသွားတယ်။ ကုန်အဝင်နည်းသလို ကုန်သည်လည်းဝင်ရောက်မှုနည်းတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။ ဇူလိုင် ၁၅ ရက်နေ့ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၇၄ ဒသမ ၂၁ ကျပ် ဈေးပိတ်တယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး-**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၇-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၆ | ၄၅၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၁ | □ | ၃၇၅ | ၃၈၀ | △ | ၃၇၅ | ၃၉၀ | △ | ၄၀၀ | ၄၀၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၆၅ | ၃၇၀ | △ | - | - | - | ၃၉၀ | ၃၉၀ | □ |
| ဆန်ဖြူ ၂၅% | ၄၂၃ | ၄၂၃ | □ | ၃၄၀ | ၃၄၅ | △ | ၃၆၅ | ၃၆၀ | ▽ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၅၆ | ၄၇၂ | △ | - | - | - | ၃၇၅ | ၃၉၅ | △ | ၄၂၅ | ၄၂၅ | □ |

**Source: oryza.com**

## ပြည်တွင်းမြို့ကြီးများ၏ (၁၅-၇-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၆၃၀၀ | △ | ၂၃၅၀၀ | △ | ၇၉၀၀ | △ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၅၅၀ | △ | ၂၁၀၀၀ | △ | ၇၁၀၀ | △ | ၃၁၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | △ | ၂၀၀၀၀ | □ | ၁၁၉၀၀ | □ | ၃၇၅၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၇၈၀ | □ | ၂၂၀၀၀ | △ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၂၉၅၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၁-၇-၂၀၁၆ မှ ၁၅-၇-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 292 | 13,396,386.570 |
| 2 | Form D | 48 | 2,578,991.910 |
| 3 | Form E | 66 | 875,751.190 |
| 4 | Korea GSP | 4 | 122,171.580 |
| 5 | Form AK | 57 | 3,865,808.710 |
| 6 | Form AJ | 13 | 498,357.830 |
| 7 | Form AI | 77 | 3,724,274.420 |
| 8 | Form AANZ | 3 | 12,328.00 |
| 9 | Form DFTP | - | - |
| **Grand Total** | | **560** | **25,074,070.210** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၇-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၈/၇ | ၁၅/၇ | ပြောင်းလဲမှု | ၈/၇ | ၁၅/၇ | ပြောင်းလဲမှု | ၈/၇ | ၁၅/၇ | ပြောင်းလဲမှု | ၈/၇ | ၁၅/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၉၄၉ | ၂၉၆၇ | ▲ | ၂၅၅၀ | ၂၈၆၇ | ▲ | ၂၀၀၀ | ၂၀၅၀ | ▲ | ၂၀၂၅ | ၂၀၅၀ | ▲ |
| ၂ | ပဲစင်းငုံ | - | - | - | - | - | - | ၂၃၉၀ | ၂၃၀၀ | ▼ | ၂၃၇၅ | ၂၃၆၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၁၅ | ■ | ၁၃၈၇ | ၁၄၀၄ | ▲ | ၁၅၀၀ | ၁၃၄၂ | ▼ | ၁၄၂၀ | ၁၃၉၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၁၉၅၀ | ၂၀၈၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၆၅ | ▲ | - | ၁၀၀၀ | - | - | - | - | ၁၂၆၅ | ၁၂၆၅ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၇၅ | ▼ | ၈၁၈ | - | - | ၆၀၅ | ၆၀၅ | ■ | ၅၈၀ | ၅၉၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၅-၇-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု | ၇/၇ | ၁၄/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၁၅၂၆ | ၁၅၅၅ | ▲ | ၁၅၄၈ | ၁၅၇၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၃၀၀ | ၁၂၈၀ | ▼ | ၁၃၂၆ | ၁၃၁၀ | ▼ | ၁၃၄၁ | ၁၃၂၃ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၁၅ | - | - | - | - | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၂၀၀ | ▲ | ၁၁၇၈ | - | - | ၁၁၈၂ | - | - |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂.၇.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၉.၇.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၉.၇.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၁၉၀၈ | ၇၂၈၃ | ၃၅၉၉၈၁ |
| ပဲတီစိမ်း | ၁၃၉၉ | ၁၈၆၉ | ၁၃၁၀၇၉ |
| ပဲစင်းငုံ | ၆၀၇၅ | ၃၈၀၅ | ၁၅၉၂၀၅ |
| ကုလားပဲ | ၇၄၆ | ၄၂၂ | ၁၇၃၁၆ |
| ပဲလွန်းဖြူ | ၃၃၅ | ၄၈၇ | ၁၃၁၀၈ |
| မြေထောက်ပဲ | ၆၃၉ | ၄၁၀ | ၇၆၉၉ |

## တောင်ကြီးမြို့စားသုံးသူရေးရာဦးစီးဌာနတွင် ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စားသုံးသူရေးရာဦးစီးဌာနတွင် ဇူလိုင် ၈ ရက်က ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် ၂/၂၀၁၆ သင်တန်းဆင်းပွဲကျင်းပရာ အဆိုပါ သင်တန်းတွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအောင်မောင်းက ယခုကဲ့သို့ဝန်ထမ်း စွမ်းဆောင်ရည်မြှင့်သင်တန်း ပြုလုပ်ပေးခဲ့သဖြင့် ဝန်ထမ်းများ၏ အရည်အသွေးများ မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိခဲ့သည့် အသိပညာဗဟုသုတများဖြင့် ပြည်သူကို ပညာပေးဆွေးနွေးမှု များ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ သိရှိသည့် ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့်ဟောပြောနိုင်သူများက ဆွေးနွေးဟောပြောရန်လည်း လိုအပ်ကြောင်း၊ စားသုံးသူရေးရာကိစ္စမှန်သမျှကို ဆောင်ရွက်ရာတွင် နေ့စားမှစ၍ အထက်အကြီးအကဲများအထိ အသီးသီး တာဝန်ရှိပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသွားပါတယ်။

သင်တန်းတွင် ရုံးစာရေးသားနည်းအကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများအကြောင်း၊ စားသုံးသူရေးရာဥပဒေအကြောင်း၊ အရည်အသွေးစီမံခန့်ခွဲမှု အကြောင်းအရာများ၊ ပို့ကုန်၊ သွင်းကုန်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများအကြောင်း၊ ငွေစာရင်းဇယားများ ပြုစုရေးဆွဲခြင်း ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများအကြောင်း၊ မူဝါဒလေ့လာရေးနှင့် စီမံကိန်းစာရင်းအင်းများအကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေများအကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်း ဥပဒေများအကြောင်း၊ ITC ကတ်ဖြင့်ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများအကြောင်းတို့ကို ပို့ချခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါသင်တန်းကို ဇူလိုင် ၆ ရက်မှ ဇူလိုင် ၈ ရက်အထိ ပို့ချခဲ့ရာ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်း ၃၄ ဦးတက်ရောက်ခဲ့ကြတယ်လို့သိရပါတယ်။

**စောမောင်(တောင်ကြီး)**

# ၂၀၁၆ ခုနှစ် ဇူလိုင်လ ဒုတိယပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ်အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံများရဲ့ ယခုတစ်ပတ် (၂၀၁၆ခုနှစ် ဇူလိုင်လ ဒုတိယပတ်) မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းများမှာ

| သီးနှံအမည် | နိမ့် | မြင့် |
|---|---|---|
| ပဲတီစိမ်းအညာ | ၁၅၄၇ | ၁၅၆၄ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၈၃ |
| ပဲကြီး | ၁၄၄၈ | ၁၆၂၉ |
| ပဲနီပြား | ၁၁၇၆ | ၁၃၂၁ |
| ပဲပုပ်(ရှမ်း) | ၈၀၈ | ၉၉၅ |
| ပဲပုပ်(ဗမာ) | ၉၇၇ | ၉၉၅ |
| ပဲယင်း | - | ၇၁၇ |
| ထောပတ်ပဲ | ၈၃၆ | ၈၅၃ |
| ပဲဇီးကွက် | ၇၃၈ | ၇၅၅ |
| နိုင်လွန်ပဲ | ၉၄၅ | ၉၇၉ |
| မြေထောက်ပဲ | ၁၁၁၁ | ၁၂၅၉ |
| မတ်ပဲ | ၂၅၈၃ | ၂၈၃၃ |
| ကုလားပဲဖြူကြီး | - | ၂၀၉၆ |
| ကုလားပဲထိုင်ဝမ် | - | ၁၉၇၃ |
| ပြောင်းဖူးစေ့(ရှမ်း) | ၄၂၆ | ၄၃၀ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၃၅ | ၄၄၄ |
| အထွက်တိုးပြောင်း | ၅၁၉ | ၅၂၈ |
| ဆန်ပြောင်း | ၅၆၅ | ၅၇၄ |
| နှမ်းဖြူ | ၁၇၇၈ | ၁၉၅၆ |
| နှမ်းညို | ၁၅၇၈ | ၁၆၂၂ |
| နှမ်းနက် | ၂၀၀၀ | ၂၃၇၈ |
| နှမ်းနက် (စမုံ) | ၂၈၄၄ | ၃၄၄၄ |
| ပန်းနှမ်း | ၂၀၀၀ | ၂၀၂၂ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၅၀၀ | ၂၅၅၀ |

ယခုတစ်ပတ်မှာ ပဲတီစိမ်း တစ်ပိဿာ ၁၅၆၄ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ကာလတူ ဈေးအောက် တစ်ပိဿာ ၈၉ ကျပ် (တစ်တန် ၅၄၅၀၃ကျပ်) ဈေးအေးပြီး နေ့စဉ် သုံးတင်း အိတ် ၁၅၀၀ကျော်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၈၃ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းတူနေကာ အရောင်းအဝယ် အေးလျက်ရှိပါတယ်။ ယခုတစ်ပတ်မှာ ပဲကြီးတစ်ပိဿာ ၁၆၂၉ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးထက် တစ်ပိဿာ ၅၄ ကျပ် (တစ်တန် ၃၃၀၆၉ကျပ်) ဈေးမာပြီး နေ့စဉ်သုံးတင်းအိတ် ၃၀၀ခန့်၊ ပဲနီပြားမှာ ယခင်တစ်ပတ် ဈေးနှုန်းတူနဲ့ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲပုပ်(ရှမ်း)ရော ပဲပုပ်(ဗမာ)ပါ ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းမှာ ယခင်တစ်ပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းနဲ့ ကွာဟမှု ကျဉ်းမြောင်းစွာနဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲယင်းမှာ တစ်ပိဿာ ၇၁၇ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းထက် တစ်ပိဿာ ၁၆ ကျပ် (တစ်တန် ၉၇၉၈ကျပ်) နဲ့ နေ့စဉ် သုံးတင်း အိတ် ၂၀၀ ကျော်၊ ထောပတ်ပဲနဲ့ ပဲဇီးကွက်မှာ ယခင်တစ်ပတ် ဈေးနှုန်းထက် တစ်ပိဿာ ၁၆ကျပ်/၁၇ကျပ်၊ ဈေးမြင့်တက်ပြီး ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နိုင်လွန်ပဲမှာ တစ်ပိဿာ ၉၇၉ကျပ်နဲ့ ယခင်တစ်ပတ်ဈေးနှုန်းထက် တစ်ပိဿာ ၃၄ကျပ် (တစ်တန် ၂၀၈၂၀ကျပ်) ဈေးမာသလို မြေထောက်ပဲ တစ်ပိဿာ ၁၂၅၉ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းထက် တစ်ပိဿာ ၃၇ကျပ် (တစ်တန် ၂၂၆၅၈ကျပ်) ဈေးမာပြီး ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

ပြည်ပ (အိန္ဒိယ)ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်မှ ဝယ်ယူမှုရှိတဲ့ မတ်ပဲရဲ့ ယခုတစ်ပတ်ဈေးနှုန်းမှာ တစ်ပိဿာ ၂၈၃၃ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၂၀၀ကျပ် (တစ်တန် ၁၂၂၄၇၈ကျပ်) ဈေးမာပြီး နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၂၀၉၆ ကျပ်၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၉၇၃ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ ကွာဟမှု ကျဉ်းမြောင်းစွာနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းများမှာ ပြောင်းလဲမှုမရှိသလို အရောင်းအဝယ်လည်း အေးပါတယ်။

နှမ်းရောင်စုံများရဲ့ ဈေးနှုန်းမှာ နှမ်းဖြူ တစ်ပိဿာ ၁၉၅၆ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအထက် တစ်ပိဿာ ၄၄ကျပ် (တစ်တန် ၂၆၉၄၅ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၆၂၂ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်နှင့် ဈေးနှုန်းတူနေတာ တွေ့ရပါတယ်။ နှမ်းနက်မှာလည်း တစ်ပိဿာ ၂၃၇၈ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းထက် တစ်ပိဿာ ၃၇၀ကျပ် (တစ်တန် ၂၂၆၅၈၄ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၃၄၄၄ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ် ဈေးနှုန်းအထက် တစ်ပိဿာ ၂၈၈ ကျပ် (တစ်တန် ၁၇၆၃၆ ကျပ်)နဲ့ ဈေးမာပြီး ပန်းနှမ်း တစ်ပိဿာ ၂၀၂၂ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၂၂ကျပ် (တစ်တန် ၁၃၄၇၃ကျပ်) ဈေးအေးပြီး နှမ်းရောင်စုံများ နေ့စဉ် သုံးတင်းအိတ် ၁၈၀၀ခန့် အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ မြေပဲဆန် (S1 လုံးဆန်)တစ်ပိဿာ ၂၅၅၀ကျပ်နဲ့ ယခုတစ်ပတ်မှာ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာ ၂၀၀ကျပ် (တစ်တန် ၁၂၂၄၇၈ကျပ်) ဈေးအေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဒီတစ်ပတ်မှာ ပဲ၊ နှမ်း၊ မြေပဲဆန်ဈေးအနေနဲ့ ပဲနဲ့ နှမ်းအများစု ယခင်တစ်ပတ်ဈေးရဲ့အထက်နဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ မြေပဲဆန်မှာ တရုတ်ဝယ်လိုအား ကျဆင်းတာကြောင့် ဈေးအေးသလို အရောင်းအဝယ်အေးကြောင်း၊ လှောင်လက်ကြီးများအနေဖြင့် ပဲနှင့်နှမ်းများကို သိုလှောင်မှု အနည်းငယ်ပြုလုပ်လာကြောင်း၊ တွက်ချေကိုက်မည့်ဈေးကို စောင့်မျှော်လျက်ရှိကြောင်း၊ နှမ်းရောင်စုံဈေးများ ယခုထက် ဈေးကျစရာအကြောင်းမရှိဘဲ ဈေးတက်ဖို့သာရှိကြောင်း၊ မိမိတို့ဘက်မှသာ အရည်အသွေးကောင်းမွန်တဲ့ သီးနှံများကိုရောင်းချပါက ဈေးမရနိုင်စရာမရှိကြောင်း ကုန်သည်လှောင်လက်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင် (မန္တလေး)**

## ပြည်စားတော်ပဲ လက်လီသာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရ

ပြည်ပဲဈေးကွက်မှာ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ပြည်ပဝယ်လက်ပဲများနည်းတူ ဈေးကောင်းရနေတဲ့သီးနှံကတော့ စားတော်ပဲသီးနှံဖြစ်ခဲ့ပါတယ်။

အခြားပဲများကဲ့သို့ ဈေးအတက်အကျ သိပ်မဖြစ်ဘဲ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့တာကို တွေ့ရပါတယ်။ အရောင်းအဝယ်ဖြစ်မှု အခြေအနေကတော့ ဒေသတွင်း လက်လီသမားများသာ ပုံမှန်ရောင်းဝယ်နေခဲ့ကြပါတယ်။ ယခုနှစ်စမှစ၍ ပဲတစ်တင်း ၄၁၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး မတ်လအတွင်း ဈေးလျှော့သွားလို့ တစ်တင်း ၃၁၀၀၀ ကျပ်သာ ရရှိခဲ့ပေမယ့် ဧပြီလကုန်နှင့် မေ၊ ဇွန်လများမှစ၍ ဈေးပြန်လည်မြင့်တက်ခဲ့ကာ ယခုအချိန်မှာတော့ တစ်တင်း ၃၈၅၀၀ ကျပ်ဖြင့် လက်လီပဲများအနက် ဈေးအမြင့်ဆုံးရရှိခဲ့တဲ့ပဲ ဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# ဇူလိုင်လ ဒုတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ် ပြန်လည်မြင့်တက်ခဲ့ပေမယ့် ပဲစင်းငုံဈေးငြိမ် အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသော ပဲများရဲ့ ဈေးနှုန်းများကို လေ့လာရာမှာ ပြည်ပဝယ်လက်မတ်ပဲနှင့် ပဲစင်းငုံသီးနှံမှာ မတ်ပဲဈေးအနည်းငယ်ပြန်တက်လာပြီး ပဲစင်းငုံဈေးမှာငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဝယ်လက် ပဲများဖြစ်တဲ့ ကုလားပဲနဲ့ ပဲကြီးသီးနှံအနက် ကုလားပဲသီးနှံ ဈေးပြန်မြင့်လာသလို ပဲကြီးဈေးကတော့ ဈေးငြိမ် အရောင်းအဝယ်ဖြစ်နေခဲ့တာကို လေ့လာသိရှိရပါတယ်။ ကျန်ပဲများကတော့ လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့သလို ဈေးလည်းအေးနေခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ နေ့စဉ် အိတ် ၂၀၀ ကျော် ၃၀၀ ခန့် ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း မြို့နယ်များမှ ဝင်ရောက်ခဲ့ကြပါတယ်။ ပဲလက်ကျန်လည်းရှိခဲ့လို့ အဝယ်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ရန်ကုန်ဝယ်လက်မှ နေ့စဉ် ဝယ်ယူနေကြတာကြောင့် အိတ် ၄၀၀ ကျော် အရောင်းအဝယ်ဖြစ်ကာ ပဲဈေးနှုန်းမှာ တစ်တင်း ၅၇၂၀၀ ကျပ်ဖြင့် ဇူလိုင်ပထမပတ်ကထက်လည်း ဈေးပိုလာခဲ့ပါတယ်။ ယခင်နှစ်ဈေးနှုန်းအရ ဇူလိုင်လအတွင်း တစ်တင်း ၄၃၀၀၀ ကျပ်ခန့်သာ ရရှိခဲ့လို့ ယခုနှစ်မှာတော့ တစ်တင်းကျပ် တစ်သောင်းကျော်ခန့် ဈေးပိုရရှိနေပေမယ့် တချို့တောင်သူနဲ့ လှောင်လက်သမားတွေကတော့ ကျပ်ခြောက်သောင်းအထိ ဈေးကောင်းဆက်မျှော်ကာ ထုတ်မရောင်းသေးကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲအချို့ ရှိခဲ့တဲ့အတွက် နေ့စဉ်အရောင်းအဝယ်မဖြစ်သော်လည်း ရက်ခြားစုပြီး ဝယ်ယူနေကြတာကြောင့် အရောင်းအဝယ်ဖြစ်သည့်အခါ အိတ် ၃၀၀ နှင့် ၄၀၀ ကြား ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ပါတယ်။ ပဲစင်းငုံဈေးမှာ တစ်တင်း ၄၈၃၀၀ ကျပ်ဖြင့် လဆန်းရက်ဈေးအတိုင်း ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ယခင်က ဇူလိုင်လအတွင်း တစ်တင်း ၄၃၀၀၀ ကျပ်ရရှိပြီး ယခုနှစ်ထက်ဈေးလျော့နည်းခဲ့ပေမယ့်၊ ယခင်နှစ်က မတ်ပဲနှင့် ပဲစင်းငုံဟာ ဇူလိုင်လမှာ ဈေးပြိုင်ရရှိခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်မှာတော့ ပဲစင်းငုံဈေးက မတ်ပဲဈေးထက် ဈေးလျော့နည်းခဲ့ပြီး တစ်တင်း ကျပ်တစ်သောင်းကျော်ခန့် ဈေးကွာခြားမှုရှိခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပန်းတောင်း၊ ကံမ၊ မင်းတုန်းဘက်မှ အဝင်ရှိနေလို့ တစ်ရက် အိတ် ၁၅၀ ကျော် ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ်ဖြစ်မှုကတော့ ပြည်အနီး ရထားလမ်းတစ်လျှောက် မြို့နယ်အချို့မှ ဝယ်ယူသလို ခွဲစက်သမားများကလည်း ဝယ်ယူနေကြတာကြောင့် အိတ် ၂၀၀ နှင့် ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာ ယခုဇူလိုင်ဒုတိယပတ်အတွင်း တစ်တင်း ၄၁၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်း ၁၅၀၀ ကျပ်ခန့် ဈေးပိုလာခဲ့တယ်လို့ သိရပါတယ်။ ကုလားပဲဈေးမှာ ယခင်နှစ်က တစ်တင်း ၂၈၀၀၀ ကျပ်ခန့်သာ ရရှိလို့ ယခုနှစ်ကတော့ ပြည်ပဝယ် လက် ပဲဈေးနီးပါး ဈေးကောင်းရနေခဲ့ကြောင်းသိရပါတယ်။ ပဲကြီးသီးနှံမှာ ပဲအဝင်ပါးသွားလို့ နေ့စဉ်ဝင်ရောက်မှုမရှိတော့ဘဲ လက်ကျန်ပဲများရှိခဲ့လို့ ပုံမှန်ရောင်းဝယ်ခဲ့ကြပါတယ်။ ပဲကြော်ဖိုလုပ်ငန်းသမားများမှ နေ့စဉ်အိတ် ၁၅၀ ကျော် ၂၀၀ ခန့် ဝယ်ယူနေပြီး ပဲဈေးမှာ (ရွှေကျွန်း) တစ်တင်း ၂၈၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်သလို လက်လီပဲများဖြစ်တဲ့ ဘိုကိတ်၊ ပဲလွန်းဖြူ၊ ထောပတ်ပဲ သီးနှံများမှာလည်း ယခင်တစ်ပတ်က ဈေးနှုန်း အတိုင်းသာ ဈေးငြိမ်နေခဲ့လို့ ဘိုကိတ်တစ်တင်း ၂၂၀၀၀ ကျပ်၊ ပဲလွန်းဖြူ တစ်တင်း ၂၁၅၀၀ ကျပ်၊ ထောပတ်ပဲတစ်တင်း ၁၄၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးနေခဲ့တယ်လို့ သိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင် ဇူလိုင်ဒုတိယပတ် ပဲဈေးကွက် ကုလားပဲဈေး အမြင့်ဆုံးတက်လာ

မုံရွာကုန်စည်ဒိုင် ဇူလိုင် ဒုတိယပတ် ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက် အဝယ်သွက်ခဲ့လို့ ကုလားပဲမျိုးစုံ ဈေးမြင့်တက်ကာ အရောင်းအဝယ်ပါ သွက်လာတာ တွေ့ရပါတယ်။ နှစ်နှစ်ကျော်ကြာ ပြည်ပဝယ်လိုအား ရပ်တန့်ခဲ့လို့ ဈေးပါကျဆင်းခဲ့တဲ့ ကုလားပဲဈေးကွက်မှာ ယခုတစ်ပတ်အတွင်း Export အတွက် ရန်ကုန်ဝယ်လက် ဝယ်အားသွက်ခဲ့လို့ V2 တစ်တင်း ၄၂၅၀၀ ကျပ်၊ 929 တစ်တင်း ၄၁၀၀၀ ကျပ်အထိ အမြင့်ဆုံးဈေးတက်ခဲ့ကာ တစ်ရက် ကုလားပဲမျိုးစုံ အိတ် ၂၅၀၀ မှ ၅၀၀၀ အကြားအထိ အရောင်းအဝယ်သွက်လာခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

အခြားပြည်ပပို့ကုန်ပဲတွေဖြစ်တဲ့ ငုံနီနဲ့ မတ်ပဲ၊ ပဲတီစိမ်းဈေးကွက်မှာတော့ ဈေးရော အရောင်းအဝယ်ပါ ပုံမှန်သာဖြစ်နေတယ်လို့ ဆိုပါတယ်။ ယခုတစ်ပတ်မှာ ငုံနီဟာ တစ်တင်း ၄၈၂၀၀ ကျပ်အထိသာ အမြင့်ဆုံးဈေးရောက်ခဲ့ပြီး တစ်ရက် အိတ် ၃၀၀မှ ၅၀၀ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပဲတီစိမ်းဈေးကွက်မှာလည်း ရေသွင်းစိမ်းကြီး နယ်အဝင်ပုံမှန် ရှိပေမယ့် အဝယ်အနည်းငယ်အေးလို့ တစ်တင်း ၂၆၅၀၀ ကျပ်မှ ၂၈၅၀၀ ကျပ်အတွင်း ပေါက်ဈေးဖြစ်ခဲ့ပြီး၊ တစ်ရက် အိတ် ၅၀၀ ခန့်သာ အရောင်း အဝယ်ဖြစ်တယ်လို့ ဆိုပါတယ်။ မတ်ပဲဈေးကွက်မှာလည်း ယခုတစ်ပတ် အတွင်း တစ်တင်း ၅၁၀၀၀ ကျပ်မှ ၅၇၀၀၀ ကျပ်အတွင်း ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၂၀၀၊ ၃၀၀ခန့် ပုံမှန်အရောင်းအဝယ်သာ ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ပြည်တွင်းသုံး ပဲမျိုးစုံဈေးကွက်မှာ ပဲအများစုဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်သာဖြစ်ခဲ့ကာ လွန်းပြာအနေနဲ့ ပဲ လက်ကျန်လျော့လာပြီး လက်လီဝယ်လိုအားရှိလို့ ယခုတစ်ပတ်မှာ တစ်တင်း ၂၂၅၀၀ကျပ် ပေါက်ကာ ယခင် တစ်ပတ်ကထက် တစ်တင်း ၂၀၀၀ ကျပ် တက်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ကျန်ပဲမျိုးစုံတွေရဲ့ တစ်တင်း အမြင့်ဆုံးပေါက်ဈေးများအနေဖြင့် ထောပတ်ပဲ ၁၁၅၀၀ကျပ်၊ စွန်တာနီ ၁၅၀၀၀ ကျပ်၊ ပဲကြီး ၂၆၅၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၇၅၀၀ကျပ်၊ မလွမ်းပို ၁၅၃၀၀ ကျပ်၊ ပုဂံပဲ ၁၇၀၀၀ ကျပ်၊ မြေထောက်ပဲ ၁၉၅၀၀ကျပ်နဲ့ ပဲယင်း ၁၅၅၀၀ကျပ် အသီးသီး ဖြစ်ပေါ်ခဲ့ပြီး ပဲတစ်မျိုး တစ်ရက် အိတ်တစ်ရာမှ နှစ်ရာကြားသာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

## မန္တလေးမြို့အတွက် ၁၆မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်ကိုဖြတ်၍ ရှမ်းပြည်နယ်မြောက်ပိုင်းမှတစ်ဆင့် ပြည်ပ (တရုတ်)သို့ စီးထွက်သွားသည့် ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ မြေပဲဆန်

မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ပဲ၊ နှမ်းနှင့် မြေပဲကုန်သည်ကြီးများက ပြည်ပ (အိန္ဒိယနှင့် တရုတ်) နိုင်ငံများသို့ ကုန်းလမ်းခရီးဖြင့် ကုန်သွယ်မှုပြုလျက်ရှိရာ အဆိုပါ ကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်ရာတွင် မန္တလေးမြို့ကို ဖြတ်သန်းသွားရာ ၂၀၁၆ ခုနှစ်အတွင်း လအလိုက် သယ်ယူပို့ဆောင်သည့် ပဲတီစိမ်း၊ နှမ်းနှင့် မြေပဲများရဲ့ မန္တလေးမြို့အတွက် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးဂိတ်ရဲ့ ဂိတ်ဖြတ်စာရင်းမှာ -

| သီးနှံအမည် | ၁/၂၀၁၆ | ၂/၂၀၁၆ | ၃/၂၀၁၆ | ၄/၂၀၁၆ | ၅/၂၀၁၆ | ၆/၂၀၁၆ | ၁-၇-၂၀၁၆ မှ ၉-၇-၂၀၁၆ |
|---|---|---|---|---|---|---|---|
| ပဲတီစိမ်း | ၄၃၀၅၇ | ၂၆၉၂၇ | ၄၇၂၀၉ | ၁၅၀၅၅ | ၂၉၉၇၃ | ၃၅၄၉၂ | ၁၀၉၃၄ |
| နှမ်း နီ/ညို/နက် | ၁၀၀၀၂ | ၂၇၆၀ | ၃၂၉၁ | ၂၅၅၃ | ၂၄၀၇ | ၂၃၂၀ | ၈၃၇ |
| နှမ်းဖြူ | ၃၁၃၇ | ၉၆၃ | ၁၃၂၉ | ၆၄၇ | ၉၂၇ | ၂၇၄၇ | ၁၂၂၉ |
| မြေပဲဆန် | ၇၇၀၄ | ၅၂၅၅ | ၁၃၈၈၂ | ၆၉၈၅ | ၁၂၈၂၂ | ၈၉၇၈ | ၄၇၀ |

၂၀၁၆ခုနှစ် ပထမ ခြောက်လအတွင်း မန္တလေးမြို့အတွက် ၁၆မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်အား ဖြတ်သန်းပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှတစ်ဆင့် ပြည်ပ(တရုတ်)သို့ စီးထွက်သွားတဲ့ သီးနှံများရဲ့ ပမာဏမှာ ပဲတီစိမ်းကြီး ၁၉၈၅၁၃တန် (တစ်ရက်ပျမ်းမျှ ၁၀၉၇တန်)၊ နှမ်းနီ/ညို/နက် စုစုပေါင်း ၂၃၃၃၃တန် (တစ်ရက်ပျမ်းမျှ ၁၂၉တန်)၊ နှမ်းဖြူ ၉၇၅၀တန် (တစ်ရက်ပျမ်းမျှ ၅၄တန်)၊ မြေပဲဆန် ၅၅၆၂၆တန် (တစ်ရက် ပျမ်းမျှ ၃၀၇ တန်) စီးထွက်သွားကြောင်း သိရပါတယ်။ ဇန်နဝါရီလတွင် ပဲတီစိမ်းနဲ့ နှမ်းများ အများဆုံးတင်ပို့ပြီး မတ်လတွင် မြေပဲဆန်အများဆုံးတင်ပို့ကြောင်း သိရပါတယ်။

ယခုဇူလိုင် ၁ရက်မှ ၉ရက်နေ့အထိ ပဲတီစိမ်း ၁၀၉၃၄ တန် (တစ်ရက်ပျမ်းမျှ ၁၂၁၅တန်)၊ နှမ်းနီ/ညို/နက် စုစုပေါင်း ၈၃၇တန် (တစ်ရက်ပျမ်းမျှ ၉၃တန်)၊ နှမ်းဖြူ ၁၂၂၉တန် (တစ်ရက် ပျမ်းမျှ ၁၃၇တန်)၊ မြေပဲဆန် ၄၇၀တန် (တစ်ရက်ပျမ်းမျှ ၅၂တန်) စီးထွက်သွားတဲ့အတွက် တစ်ရက်ပျမ်းမျှ စီးထွက်မှုအနေနဲ့ ယခင်ခြောက်လနဲ့ နှိုင်းယှဉ်ပါက ပဲတီစိမ်း တစ်ရက် ၁၁၈တန် (သုံးတင်း အိတ်၁၂၈၅အိတ်) ပိုမိုတင်ပို့နိုင်ပြီး နှမ်းရောင်စုံ တစ်ရက်ပျမ်းမျှ ၄၇တန် (သုံးတင်းအိတ် ၆၄၀အိတ်) ပိုမိုတင်ပို့နိုင်ပြီး မြေပဲဆန်တစ်ရက်ပျမ်းမျှ ၂၅၅ တန် (သုံးတင်း အိတ် ၃၃၉၅ အိတ်) လျော့နည်းတင်ပို့နိုင်ခဲ့ပါတယ်။

ပဲတီစိမ်းနဲ့ နှမ်းရောင်စုံများ ဝယ်ယူမှုပုံမှန်ရှိပေမယ့် မြေပဲဆန်များ ဝယ်ယူမှုလျော့ပါးတာကြောင့် တင်ပို့မှုလည်း လွန်စွာနည်းပါးကြောင်း၊ အရည်အသွေးအပေါ် မူတည်ပြီး ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

**စိုးအောင် (မန္တလေး)**

## ပြည်ပဲနီပြား ဈေးပိုလာသော်လည်း နှစ်ဆန်းပိုင်းဈေးကိုမမီခဲ့

ပြည်ပဲဈေးကွက်မှာ ပဲနီပြားသီးနှံဟာ လက်လီသာ အရောင်းအဝယ် ဖြစ်ခဲ့ပြီး ယခုကာလများတွင် ပဲဝင်ရောက်မှုမရှိတော့ဘဲ ပဲလက်ကျန်အချို့နဲ့ ဒေသတွင်းဝယ်လက်များ အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးနှုန်းမှာ ယခုဒုတိယပတ်အတွင်း တစ်တင်း ၂၅၅၀၀ကျပ်ခန့်ဖြင့် အခြား လက်လီအရောင်းအဝယ်ဖြစ်သော ပဲလွန်းဖြူ ထောပတ်ပဲ၊ ဘိုကိတ်ပဲများနှင့်ယှဉ်လျှင် ဈေးပိုရနေတယ်လို့ သိရပြီး နှစ်ဆန်းပိုင်းက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲဈေးနှုန်းကို မမီခဲ့ဘူးလို့ သိရပါတယ်။

နှစ်ဆန်းပိုင်းကတော့ ပဲနီပြားသီးနှံဈေးမှာ တစ်တင်း ၃၅၀၀၀ကျပ်ခန့် ရရှိခဲ့ကြောင်း သိရပါတယ်။ ယင်းကာလတွင် ပဲဈေးကွက်ရဲ့ လက်လီပဲများအနက် စားတော်ပဲသီးနှံပြီးလျှင် ဒုတိယဈေးအမြင့်ဆုံးရနေတဲ့ ပဲဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း**

## ချင်း

### အောင်ပန်းချင်းဈေးကွက်မှာ အရောင်းအဝယ်ကောင်းနေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)တွေ အဝင်လှိုင်နေပါတယ်။ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ပင်လောင်းစတဲ့ ဒေသအစုံက ချင်း (ဥမ)တွေက အောင်ပန်းဈေးကွက်ကို ဝင်တာကြောင့် အဝင်များသလို ရောင်းအားကလည်း ကောင်းနေပါတယ်။ ပြည်ပတင်ပို့ဖို့အတွက် ပြည်မြို့က ဝယ်လက်တွေ အဝယ်များလာတာကြောင့် တစ်ပတ်ကို ချင်း(ဥမ) ပိဿာချိန် တစ်သောင်းရှစ်ထောင်၊ နှစ်သောင်းခန့် အရောင်းအဝယ် ဖြစ်နေပါတယ်။

ပြည်တွင်းသုံး ဈေးပတ်သမားတွေကလည်း ချင်း(ဥမ)ကိုသာ ဝယ်ယူနေကြတယ်လို့လည်း သိရပါတယ်။ ချင်း(ဥမ)က ချင်းတက်တွေထက် ဒါးလှီးရာမှာ ပိုကောင်းတာကြောင့် ချင်း(ဥမ)ကိုပိုပြီး သုံးကြတယ်လို့လည်း သိရပါတယ်။ ချင်းတက်ကတော့ လက်ကျန်လည်းနည်းသွားပြီး၊ အရောင်းအဝယ်ကလည်း အေးသွားတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းတက် တစ်ပိဿာ ၄၀၀ကျပ်၊ ၅၀၀ကျပ်ရှိပြီး ချင်း(ဥမ)ကတော့ တစ်ပိဿာ ၃၀၀ကျပ် ဈေးသာ ရှိပါတယ်။

ချင်းခြောက်ကတော့ အဝင်မရှိသလောက်ဖြစ်နေပြီး ပွဲရုံလက်ကျန်တွေသာ ရှိပါတယ်။ ချင်း(ဥမ)ပေါ်ပြီးစမှာ ချင်းခြောက်လည်း အရောင်းအဝယ် ငြိမ်နေပါတယ်။ တစ်ပိဿာကို အနိမ့်ဆုံး ၁၄၀၀ကျပ်မှ အမြင့်ဆုံး ၁၇၀၀ကျပ် ဈေးရှိတယ်လို့လည်း အောင်ပန်းချင်းပွဲရုံများမှ သိရှိရပါတယ်။

**ဧခိုင် (တောင်ကြီး)**

### ပင်လယ်ရေကြောင်းမှ ချင်း ၁၁ တန်ကျော် ပြန်လည်တင်ပို့နိုင်

ဇူလိုင်လ ၃ ရက်မှ ၉ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ချင်း ၁၁ ဒသမ ၀၇ တန်ကို ကိုရီးယားနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်နှစ်ပတ်ဆက်တိုက် အပို့ပျောက်ခဲ့တဲ့ချင်းက ဒီတစ် ပတ်မှ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၂၇၂ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက် ဈေးငြိမ်ပြီး အဝင်သွက်

ပြည်ချင်းဈေးကွက်တွင် ချင်းဈေးမှာ ယခုတစ်ပတ်အတွင်း ဈေးငြိမ်ကာ ယခင်တစ်ပတ်ကအတိုင်း တစ်ပိဿာလျှင် အနိမ့်ဆုံး ၆၀၀ ကျပ်မှ အမြင့်ဆုံး ၁၂၀၀ ကျပ်အထိရှိပြီး ပုံမှန်ရောင်းဝယ်လျက်ရှိပါတယ်။

ယခုအချိန်ဟာ အောင်ပန်းဘက်မှ ချင်း (ဥမ) များထွက်ရှိတာဖြစ်လို့ ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင် အိတ် ၅၀ ခန့် ဝင်ရောက်လာတာ တွေ့ရပါတယ်။ ချင်းအဝင်များပေမယ့် ဈေးနှုန်း ပုံမှန်ရှိသလို ပွဲရုံများမှာလည်း ပိဿာချိန် ၂၀၀ ခန့် နေ့စဉ် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသ ကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ပိဿာချိန် ပျမ်းမျှ ၄၀၀ ခန့် စီးဆင်းသွားခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

## နနွင်း

### ယခင်တစ်ပတ်ထက် နနွင်းတင်ပို့မှုလျော့

ဇူလိုင် ၃ ရက်မှ ၉ ရက်သီတင်းပတ်အတွင်း နနွင်း၁၉၉ ဒသမ ၁၅၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘယ်လ်ဂျီယံနိုင်ငံသို့ နနွင်း၈၄ တန်၊ ဘူလ်ဂေးရီးယားသို့ ၅၆ တန်၊ တရုတ်သို့ သုည ဒသမ ၆၅၃ တန်နဲ့ စင်ကာပူသို့ ၅၈ ဒသမ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘူလ်ဂေးရီးယားသို့ အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၅၃၀ ကျော်ထိတင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၃၃၀ ကျော် တင်ပို့မှုလျော့ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၅၃၇၂၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### အောင်ပန်းဈေးကွက်မှာ ရှမ်းနနွင်း အရောင်းအဝယ် ပြန်ကောင်းလာ

ရှမ်းနနွင်းကတော့ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် အရောင်းအဝယ်ပြန်အေးနေပါတယ်။ ဈေးကွက်မှာလည်း အဝင်နည်းနေပြီး တောင်သူ၊ ခြံရှင်အချို့ကသာ ထုတ်ရောင်းနေလို့ တစ်ပတ်၊ နှစ်ပတ်အတွင်းမှာ နနွင်းအဝင်က ပိဿာချိန် တစ်ရာ့ရှစ်ဆယ်၊ နှစ်ရာခန့်သာရှိတယ်လို့ သိရပါတယ်။ ပွဲရုံတွေကတော့ အရောင်းအဝယ်မဖြစ်လည်း လာရောင်းတဲ့ပစ္စည်းတွေကို ဝယ်ပြီးစုထားကြတယ်လို့ သိရပါတယ်။ ဒီနှစ်က ချင်းရော နနွင်းပါ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ပြည်ပဝယ်လက်တွေက ဝယ်လိုက်၊ နားလိုက်နဲ့ ရောင်းနေရတာကြောင့် ခပ်များများမဟုတ်ပေမယ့် ရောင်းနေရတယ်လို့ နနွင်းပွဲရုံတွေမှ သိရပါတယ်။ အောင်ပန်းစတွေထက် ဆင်တောင်စတွေကို ပိုပြီးရောင်းရတယ်လို့ သိရပါတယ်။

ပြည်ပနိုင်ငံတွေက ဆေးဝါးကုန်ကြမ်းအဖြစ်အသုံးပြုဖို့ ဝယ်ယူကြသလို ပြည်တွင်းကတော့ ပရဆေး၊ ဟင်းခတ်မှုန့်၊ ခြင်ဆေးခွေတွေအတွက် ဝယ်ယူတယ်လို့လည်းသိရပါတယ်။ ဇွန်လအတွင်းမှာ နနွင်းပိဿာချိန်ပေါင်း နှစ်သိန်းခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်းပေါက်ဈေးတွေကတော့ အနိမ့်ဆုံး ၁၂၀၀ ကျပ်မှ အမြင့်ဆုံး ၂၅၀၀ ကျပ်ဈေးရှိပါတယ်။

**ဧခိုင် (တောင်ကြီး)**



## သီဟိုဠ်



### တရုတ်နဲ့ ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့ ပိုမိုတင်ပို့

အိမ်နီးချင်း နိုင်ငံများဖြစ်တဲ့ တရုတ်နဲ့ ထိုင်းနိုင်ငံများသို့ မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်များမှ သီဟိုဠ်စေ့များပုံမှန်တင်ပို့လျက်ရှိရာ ဇူလိုင်ပထမပတ်မှာ တော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့တန် ၃၀ ကျော်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။

ဇွန်လ နောက်ဆုံးပတ်ထက် မူဆယ်ကုန်သွယ်ရေးဇုန်မှ ၁၀ တန်နီးပါး ပိုမိုတင်ပို့နိုင်ပြီး မြဝတီကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်မှာ တင်ပို့မှုမရှိဘဲ ယခုသီတင်းပတ် မှာ ၁၀ တန်ကျော် တင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးဇုန်များမှ သိရပါတယ်။ မြဝတီ ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့အပြင် ငါးမျိုးစုံနဲ့ ကဏန်းပါတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေးကွက်တွင် ဝယ်ရောင်းသမားများ တွက်ခြေကိုက်ပေမယ့် စားသုံးသူများ တွက်ခြေမကိုက်

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ ပခုက္ကူ၊ ဆိပ်ဖြူ၊ အောင်လံ၊ တောင်တွင်း၊ မကွေး၊ ရေနံချောင်းစသည့် နယ်စုံမှ လှောင်ထား သည့် ကြက်သွန်နီများ အများအပြား ဝင်ရောက်လာကြောင်း သိရပါတယ်။ ဝင်ရောက်မှုများသဖြင့် ပွဲရုံများ၌ လက်ကားဈေးနှုန်းကျဆင်းလာကြောင်း တွေ့ရပြီး လက်လီဈေးအသေးများတွင် အရောင်းအဝယ်ပြုလုပ်သူများအနေနဲ့ အမြတ်ပိုမိုရရှိနေကြောင်း သိရပါတယ်။ အိတ်ဆွဲဝယ်ရောင်းသမားများ တွက်ခြေကိုက်နေပေမယ့် အမှန်တကယ် စားသုံးသူများအနေနဲ့ လက်လီစိတ်ဝယ်ယူနေရသဖြင့် လက်ကားဈေးကျပေမယ့် စားသုံးသူများ တွက်ခြေမကိုက်ကြောင်း သိရပါတယ်။

အဝင်အားဖြင့် ပိဿာ၃၀ဝင် ကြက်သွန်နီအိတ် ၆၅၀ ခန့် နေ့စဉ် ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်အားဖြင့် ဒေသတွင်းဝယ်လက်များနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးမှုအဖြစ် တင်ပို့မှုအပါအဝင် နေ့စဉ် အိတ်၄၀၀ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ ဈေးနှုန်းများမှာ ပွဲရုံလက္ကားဈေး တစ်ပိဿာကို (ကြီး) ၅၀၀ကျပ်၊ (လတ်) ၄၅၀ကျပ်၊ (သေး) ၄၀၀ကျပ်တို့ ဖြစ်ပြီး လက်ကားဈေး ဂျွန်တစ်အိတ်ကို ပျမ်းမျှ ၂၅၀၀ကျပ်ခန့် ဈေးကျသွားကြောင်း တွေ့ရပါတယ်။ လက်လီဈေးနှုန်းမှာ အတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးအတိုင်း (ရှယ်သန့်) တစ်ပိဿာ ၈၀၀ကျပ်၊ (ကြီး) ၇၅၀ကျပ်၊ (လတ်) ၆၅၀ ကျပ်၊ (သေး) ၅၅၀ ကျပ်တို့နှင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

### နယ်စပ်စခန်းများမှ ကြက်သွန်နီ/ကြက်သွန်ဖြူ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင်ပထမပတ်တွင် အမေရိကန်ဒေါ်လာ ၂၂၇၈၆၅ တန်ဖိုးရှိကြက်သွန်နီ ၈၆၅ တန်ကျော် မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၆၇၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၀ နဲ့ အမေရိကန်ဒေါ်လာ ၂၉၄၁၄ တန်ဖိုးရှိ ကြက်သွန်ဖြူတန် ၂၀ ကိုလည်းကောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၂၀၀၊ အမေရိကန်ဒေါ်လာ ၁၇၆၂၅၈ တန်ဖိုးရှိကြက်သွန်ဖြူ တန် ၁၂၀ ကိုလည်းကောင်း အသီးသီးတင်ပို့ ခဲ့ကြပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ကြက်သွန်နီတစ်တန်ကို မိမိဘက်ပေါက် ဈေး(ငွေလဲနှုန်းအရ) ၂၉၃၇၅၀-၃၀၆၉၂၁ ကျပ်ဈေးရှိပြီး မြဝတီကုန် စည်ဒိုင်မှာ ၂၈၉၃၀၅-၄၀၃၉၀၂ ကျပ်ပေါက်ဈေးရှိကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ကြက်သွန်နီ (ဆိပ်ဖြူသစ်) တစ်ပိဿာဈေး ၅၇၅ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်ရှယ်) တစ်ပိဿာကျပ် ၃၃၀၀ နဲ့ ကြက်သွန်ဖြူ (အောင်ပန်းထူး) တစ်ပိဿာ ကျပ် ၃၀၀၀ ရှိနေတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### လှိုင်ကော်မြို့တွင် ကြက်သွန်ဖြူ (ရှမ်းစ) ဈေးအနည်းငယ် မြင့်တက်

ယခုရက်သတ္တပတ်အတွင်း ကယားပြည်နယ် လှိုင်ကော်မြို့တွင် ကြက်သွန်ဖြူ(ရှမ်းစ)ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။

ယခင်တစ်ပတ်က ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၄၅၀၀ သို့ဈေးအနည်းငယ် မြင့်တက်သွားပါတယ်။

အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများမှ ပြည်နယ်အတွင်းသို့ ကြက်သွန်ဖြူ ယခင်တစ်ပတ်က အိတ် ၆၀ ခန့် ဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်တွင် အိတ် ၄၀၀ ခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။

**ဗညားထက်(Myan Trade )လှိုင်ကော်**

# ပြောင်းတင်ပို့မှု ရှေ့အခါလားအခါလာ



|နီနီမော်၊ မူဆယ်|

ပြောင်းကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စိုက်ပျိုးကြပြီး ပြောင်းစိုက်ပျိုးဧရိယာ ၁၀၉၃၄၈၂ ဧကရှိပြီး တန်ချိန် ၁၆ သိန်းကျော် ထွက်ရှိပါတယ်။ မျိုးစေ့၊ လေ့လွင့်နဲ့ စားသုံးမှုတို့အတွက် တန်ချိန် ၂၅၀၀၀၀ တန် လျာထားပြီး ပိုလျှံတန် ၁၄ သိန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အတွင်း ပင်လယ်ရေကြောင်းနဲ့ နယ်စပ်စခန်းများမှ တန်ချိန် ၁၁၈၈၄၃၈ တန်၊ အမေရိကန် ဒေါ်လာ ၃၀၅ ဒသမ ၀၈၉ သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအထိ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၂၁ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၁၀၀၀၀၅၀ တန် တင်ပို့ပြီး ဖြစ်တယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံအနေဖြင့် ပြောင်းဖူးစေ့ကို ၎င်းတို့၏ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားရှိပြီး စံအရည်အသွေးစစ်ဆေး ထိန်းချုပ်ရေးအဖွဲ့ (AQSIQ)ဖြင့် ကန့်သတ်ထားရှိပြီး ကိုတာ သတ်မှတ်တင်ပို့ခွင့်ပြုထားတဲ့ ကုန်ပစ္စည်းဖြစ်ပါတယ်။ သတ်မှတ်ကိုတာ ကျော်လွန်ပါက တားဆီး ပိတ်ပင်ထားတဲ့ ပစ္စည်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ စိုက်ပျိုးထွက်ရှိတဲ့ ပြောင်းများကို တရုတ်နိုင်ငံ ယူနန်၊ စီချွမ်၊ ကွမ်ကျိုး ပြည်နယ်တို့မှာရှိတဲ့ အသေးစားစက်မှု လုပ်ငန်းများမှ မုန့်လုပ်ခြင်းနဲ့ တိရစ္ဆာန်အစားအစာအတွက် ဝယ်ယူအသုံးပြုကြကြောင်း သိရှိရပြီး နှစ်စဉ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ အများဆုံးဝယ်ယူပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြောင်းဖူးစေ့ တစ်တန်လျှင် ယွမ် ၁၆၀၀ မှ ယွမ် ၁၈၀၀ အထိ ဈေးရရှိခဲ့ကြောင်း၊ ငွေလဲနှုန်း ပျမ်းမျှတစ်ယွမ်လျှင် ၁၈၀ ကျပ် နှုန်းအရ ပြောင်းတစ်တန်လျှင် ၂၈၈၀၀၀ ကျပ်မှ ၃၂၄၀၀၀ ကျပ်နှုန်းဖြစ်ကြောင်း သိရပါတယ်။ အစိုဓာတ် ၁၃ ဒီဂရီ မကျော်တဲ့ ပိုးမထိုး၊ မှိုမတက် အလုံးကြီးတဲ့ ပြောင်းများကိုသာ ရွေးချယ်ဝယ်ယူကြပါတယ်။ မြန်မာနိုင်ငံ တောင်ကြီး-နမ့်ဆန်ဒေသမှ ထွက်ရှိတဲ့ ပြောင်းအမျိုးအစားများကို ကြိုက်ကြတယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံဟာ အသေးစားစက်မှုလုပ်ငန်းပေါများပြီး ကုန်ကြမ်းလိုအပ်ချက် လွန်စွာ များပြားကြောင်းလည်း သိရပါတယ်။တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ လာအိုနိုင်ငံတို့မှာ ပြောင်းကိုပြည်တွင်း စားသုံးရန်နဲ့ တိရစ္ဆာန်အစာအတွက်သာ စိုက်ပျိုးကြတာကြောင့် တရုတ်နိုင်ငံသို့ တင်သွင်းမှု မရှိကြောင်း သိရပါတယ်။ အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ၂၀၁၄ ခုနှစ်ခန့်အထိ ပြောင်းများ တင်သွင်းခဲ့ပြီး အမေရိကန်ပြောင်းများက မြန်မာနိုင်ငံမှ တင်ပို့တဲ့ ပြောင်းများနဲ့ ဈေးနှုန်း ကွာခြားမှု မရှိပေမယ့်၊ ပိုးမွှားဒဏ်၊ ရာသီဥတုဒဏ် ခံနိုင်စေရန် မျိုးရိုးဗီဇပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် စားသုံးရန်မသင့်လို့ သတ်မှတ်ကာ ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် အမေရိကန် ပြောင်းများ တင်သွင်းမှု ရပ်ဆိုင်းခဲ့တယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံမှ ပြောင်းများသည် မျိုးရိုးဗီဇပြောင်းလဲထားခြင်း မရှိသည့် သဘာဝ ပြောင်းများဖြစ်၍ ဆက်လက် ဝယ်ယူလျက်ရှိကြောင်း သိရှိရပါတယ်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့သည် ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ဖြစ်သည့်အတွက် တရုတ်နိုင်ငံရဲ့ ဒေသဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၂၄ ရက်မှစတင်၍ နယ်စပ်ဝင်/ထွက် ပေါက်များကို စစ်ဆေးမှုများတင်းကျပ်စွာ ပြုလုပ်နေသဖြင့် ကျိန်စမ်းကျော့ဝင်/ထွက်ပေါက်မှ ဝင်ရောက်လျက်ရှိသော ပြောင်းဖူးစေ့များသည် တရုတ်နိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်ခြင်း မဟုတ်သည့်အတွက် မူးယစ်ဆေးဝါးရှာဖွေရာ တွင် ရောနှော၍ အဖမ်းခံရမည်စိုးသဖြင့် တရုတ်ဝယ်လက်များ လာရောက် မဝယ်ယူခြင်းကြောင့် ကျိန်စမ်းကျော့ဂိတ်မှ ပြောင်းဖူးစေ့ အရောင်းအဝယ် ရပ်ဆိုင်းခဲ့သော်လည်း မော်တောင်း၊ ခိုခေး၊ ပိုင်ကျိုး၊ နမ့်တောင်း၊ လုံတန်၊ ကျိန်စမ်းကျော့မှ တရားမဝင်ပြောင်း သယ်ဆောင်တဲ့ ကုန်တင်ယာဉ်ကြီးများ နေ့စဉ်နီးပါး သယ်ဆောင်လျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။

တရုတ်ကုန်သည်များက မူဆယ်မြို့နယ်အတွင်းရှိ ရွှေလီမြစ်ကို ရှောင်ကွင်းသွားနိုင်မည့် လမ်းတချို့မှ တရုတ်ကားများဖြင့် ဝင်ရောက်ပြီး အရည်အသွေးကောင်းမွန်တဲ့ ပြောင်းများကို ရွေးချယ်၍ လာရောက်ဝယ်ယူလျက်ရှိကြောင်း လက်ရှိပြောင်းပေါက်ဈေးမှာ မူဆယ်ဘက်ခြမ်းနေရာရှိဂိုဒေါင်များတွင် လာရောက်ဝယ်ယူလျက်ရှိတဲ့ ဈေးနှုန်းမှာ ပြောင်းအမျိုးအစား ကောင်းပါက ၅၀ ကီလို တစ် အိတ်လျှင် ၈၃ ယွမ်၊ တစ်တန်လျှင် ၁၆၆၀ ယွမ်ဖြစ် ပြီး ငွေလဲနှုန်း တစ်ယွမ်လျှင် ၁၇၃ ကျပ်နှုန်းအရ ပြောင်းတစ်တန်လျှင် ၂၈၇၁၈၀ ကျပ် နှုန်းပေါက်ကြောင်း စုံစမ်းသိရှိရပါတယ်။

တရုတ်ပြည် တစ်ဝန်းတွင် ဇူလိုင်လဆန်းမှစ၍ ရေကြီးရေလျှံခဲ့တဲ့အတွက် ပြောင်းစိုက်ဧရိယာများပျက်စီးခြင်း၊ နီပါတက် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်းကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးခဲ့ရာ ပြောင်းစိုက်ဧရိယာများလည်း ပါဝင်သွားတယ်လို့သိရှိရပါတယ်။ တရုတ်နိုင်ငံမှာ ပြောင်းဖူးစေ့အသုံးပြု၍ မုန့်မျိုးစုံနဲ့တိရစ္ဆာန်အစားအစာများ ထုတ်လုပ်သည့် အသေးစား စက်မှုလုပ်ငန်းများ များပြားလျက်ရှိရာ လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများစွာ လိုအပ်လျက်ရှိသဖြင့် ပြောင်းလိုအပ်ချက် ကြီးမားနေကြောင်း၊ မြန်မာနိုင်ငံမှ ဩဂုတ်လတွင် စတင်ထွက်ရှိမယ့် ပြောင်းများကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ ယခင်နှစ်က ထွက်ရှိခဲ့တဲ့ မြန်မာ့ပြောင်းများက ခြောက်သွေ့ပြီး အလုံးမလှတော့ခြင်း၊ သိုလှောင်ရုံများတွင်သိုလှောင်ထိန်းသိမ်းမှု အားနည်းသဖြင့် ပိုးထိုး မှိုတက်လာခြင်းများကြောင့် ပြောင်းသစ်ပေါ်ချိန်ကို ဝယ်ယူရန် စောင့်စားလျက်ရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှ ပြောင်းစိုက်တောင်သူများအနေဖြင့် ပြောင်းဖူးသစ်ပေါ်ချိန်ရသည့် ဈေးဖြင့် မရောင်းဘဲ ရသင့်ရထိုက်သော ဈေးနှုန်းများရရှိမှသာ ရောင်းချနိုင်ရေး သက်ဆိုင်ရာပညာရှင်များက ပြောင်းဖူး အရည်အသွေးမြင့်မားရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဖြူးပေးရန် လိုအပ်လျက်ရှိပါတယ်။ တောင်သူများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် အရည်အသွေးကောင်းပြောင်းမျိုးများ စိုက်ပျိုးထုတ်လုပ်ကြ၍ မူဆယ်နယ်စပ် ဒေသ၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ Face-book၊ Web Pageများမှတင်ပြပေးနေသည့် ပြောင်းဈေးနှုန်းများကို ကြည့်ရှုကြစေလိုကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

■

## ကသာခရိုင်ထွက် နာနတ်သီးများကို မန္တလေးဈေးကွက်သို့ အများဆုံး တင်ပို့

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်မှာ နာနတ်သီးစိုက်ဧက လေးထောင်ကျော် စိုက်ပျိုးပါတယ်။ မိုးဦးကျ ဇူလိုင်လမှ စက်တင်ဘာလများမှာ ရင့်မှည့်ပြီး ခူးဆွတ်ရောင်းချပါတယ်။ ကသာခရိုင်အတွင်း ကသာ၊ ကောလင်း၊ အင်းတော်၊ ထီးချိုင့်မြို့နယ်များ မှာ အများအပြား စိုက်ပျိုးထွက်ရှိပြီး ဒေသတွင်းဈေးတန်းမှာ ရောင်းချမှုများ ရှိသလို မန္တလေး ၊ မုံရွာ၊ ရွှေဘို၊ ရန်ကုန် ဈေးကွက်များကိုလည်း တင်ပို့နေပါတယ်။ မန္တလေးဈေးကွက်သို့ အများ ဆုံးတင်ပို့တယ်လို့ ဈေးကွက်သတင်း အရ သိရပါတယ်။

ကသာခရိုင်ထွက် နာနတ်သီးမှာ အလုံးလှ အရသာကောင်းမွန်ပြီး လူကြိုက်များပါတယ်။ ဈေးကွက်ဝေး ကွာ ပေမယ့် ဒေသတွင်း ကုန်ထုတ်လမ်းများ ကောင်းမွန်လို့ သီးနှံများ လေလွင့် ပျက်စီးမှုနည်းပါးပြီး ဝယ်လိုအားကောင်းနေတာတွေ့ရပါတယ်။ ဒေသတွင်းဈေးကွက်မှာအရွယ်အစားပေါ်မူတည်ပြီး တစ်လုံး ၅၀၀ ကျပ်မှ ၇၀၀ ကျပ် အထိ ရှိပါတယ်။ နာနတ်ခင်းတစ်ဧကအပင် ရှစ်ထောင်ကျော် စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ် ငါးသိန်းဝန်းကျင် ရှိပါတယ်။ တစ်ဧက အလုံးသန့် ငါးထောင်ကျော်ရပြီး သိန်းနှစ်ဆယ်ကျော် အကျိုးအမြတ်ရှိပါတယ်။ နာနတ်သီးပေါ်ချိန်က မိုးစပါး စိုက်ပျိုးချိန်ဖြစ်လို့ စိုက်ပျိုး စရိတ်အတွက် အထောက်အကူဖြစ်စေတယ်လို့ နာနတ်သီးစိုက် တောင်သူများထံမှ သိရပါတယ်။

ကြည်နိုင်ဦး- အင်းတော်

## ဒေသသုံး ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုရာမှ ကယားပြည်နယ်မှ မက်ခါသီးဈေးကွက်ဝင်လာ



မက်ခါသီးကို ကယားပြည်နယ်မှာ ရိုးရာ ဟင်းခတ် အမွှေးအကြိုင် အသုံးပြုခဲ့ရာမှ ယခုအခါ ဧည့်သည်များက အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူကြရာမှတစ်ဆင့် ဈေးကွက်ဝင်ပစ္စည်းတစ်ခု ဖြစ်လာတာကို တွေ့ရပါတယ်။

ရှေးယခင်ကတည်းက ကယားလူမျိုးတို့ရဲ့ ရိုးရာဟင်းလျာတွေထဲမှာ မက်ခါသီးဟာ မပါမဖြစ် အသုံးပြုလျက်ရှိနေပါတယ်။ မက်ခါသီးလို့ ဆိုလိုက်တာနဲ့ ကယားလူမျိုးတို့ရဲ့ ရိုးရာအမှတ် တံဆိပ်တစ်ခု အဖြစ်ယှဉ်တွဲပြီး လူသိများလျက်ရှိပါတယ်။ မက်ခါသီးတစ်ပင်ဟာ ငါးနှစ်မှစပြီး အသီးသီးပါတယ်။ မက်ခါသီးတစ်ပင်ကို အသီးတစ်ပြည်ခန့်ရရှိပြီး တစ်နှစ်ပတ်လုံး ဆွတ်ခူးရ ရှိပါတယ်။ မက်ခါသီးမှာ အယဉ်မျိုးနဲ့ အရိုင်းမျိုးဆိုပြီး နှစ်မျိုးရှိပါတယ်။ မက်ခါသီးရဲ့ အရသာဟာ ပူစပ်ပူလောင် ရှတတအရသာရှိပြီး အညှီဟောက် အနံ့ကို နိုင်ပါတယ်။ မက်ခါသီးအယဉ်မျိုးနှင့် အရိုင်းမျိုးရှိသည့်အနက် အရိုင်းမျိုးမှာ လျှာအနည်းငယ်ယားတတ်ပါတယ်။ မက်ခါသီးအယဉ် နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၁၅၀၀ နဲ့ အရိုင်းမျိုးမှာ နို့ဆီဘူး တစ်ဘူးလျှင် ကျပ် ၁၀၀၀ ကျပ်ဖြင့် ရောင်းချလျက်ရှိပါတယ်။ ယခုအချိန်အခါမှာ မက်ခါ သီးကို ငရုတ်သီးမှုန့်နဲ့ ရောနှော၍ ပါကင်ဘူးများအဖြစ် ထုပ်ပိုးကာ ရောင်းချလာတာကို တွေ့ရပါတယ်။ ကယားပြည်နယ်သို့ လာရောက်လည်ပတ်ကြတဲ့ ခရီးသွားဧည့်သည်များက အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားရာမှ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

ဗညားထက်(Myan Trade )

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ အဝင်အားနည်း

ဇူလိုင် ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၄၈၄၄၄၅၅ တန်ဖိုးရှိ ဓာတ်ဆီ ၈၆ ဒသမ ၁၈၀ တန်နဲ့ ကန်ဒေါ်လာ ၄၈၄၉၈၆၈ တန်ဖိုးရှိ ဒီဇယ်၁၂၂ ဒသမ၁၂၇ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီအဝင်မှာ ၂၀၈ ဒသမ ၃၀၇ တန်ရှိခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၄၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၃၁၀ ကျော် အဝင်နည်းခဲ့သလို ယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ တန်ချိန်၃၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၅၀ ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါအဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ ၃၆၁၂၆တန်ဖိုးရှိဓာတ်ဆီ ၆၆ တန်နဲ့ ကန်ဒေါ်လာ ၄၈၅၃၈ တန်ဖိုးရှိ ဒီဇယ် ၁၃၉ တန်တင်သွင်းခဲ့သလို မြိတ်စခန်းမှ ကန်ဒေါ်လာ ၁၇၅၈၇၅ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၃၅၀ ကိုလည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊မော်လမြိုင်နဲ့ ရန်ကုန်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး အနည်းငယ်ကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၇၀ ကျပ်၊ အောက်တိန်း (92) ၅၇၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇူလိုင် ၁၁ ရက် ဒီဇယ်ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၉၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ၁၂ ရက်မှစပြီး ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် အပြောင်းအလဲ သိပ်မရှိဘူးလို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ ဇူလိုင် ၁၁ ရက်တွင် ဝယ်ဈေး ၁၂၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးက ယခင်တစ်ပတ်ထဲက ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀-၃၂၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ၆၇၀ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း (92) ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၁၁ ရက် ဒီဇယ်ဝယ်ဈေး ၁၁၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဇူလိုင် ၁၁ ရက်တွင် ဝယ်ဈေး ၁၂၇၀၀၀ကျပ်၊ ရောင်းဈေး ၁၂၇၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၇၀၀ ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ကျပ် ၂၇၀၀၊ အောက်တိန်း ကျပ် ၂၇၀၀နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈၀၀ ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီနဲ့ ဒီဇယ်မှာဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန်၂၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်း ဆက်လက်မြင့်တက်လာ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကတည်းက မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဈေးပိတ်ရက်တွင် ရောင်းဈေး ၁၁၇၅ ကျပ်၊ ဝယ်ဈေး ၁၁၇၂ ကျပ်ရှိခဲ့သော်လည်း ယခုတစ်ပတ်ဈေးဖွင့်ချိန်တွင်မူ ရောင်းဈေး ၁၁၈၁ ကျပ်၊ ဝယ်ဈေး ၁၁၇၈ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း နောက်ဆုံးဈေးပိတ်ရက်ဖြစ်သည့် သောကြာနေ့တွင် ရောင်းဈေး ၁၁၈၂ကျပ်၊ ဝယ်ဈေး ၁၁၇၈ ကျပ်ရှိခဲ့သည်။

"ဒီတစ်ပတ်မှာ ငွေလဲနှုန်းက ပြန်ပြီးမြင့်တက်လာတယ်။ ဈေးပြန်မြင့်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ ပြန်ပြီးလှုပ်လှုပ်ခတ်ခတ်ဖြစ်လာတယ် အရောင်းအဝယ်လည်း ပြန်ကောင်းလာတယ်။ သွင်းကုန်လုပ်ငန်းတွေအတွက် ငွေလဲတွေများလာတာကြောင့် ဈေးကွက်မှာ အတက်အကျတွေ များလာရတာပါ"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။ ပြည်တွင်းဈေးကွက်၌ ဇူလိုင် ၁၁ ရက်တွင် ရောင်းဈေး ၁၁၈၁ ကျပ်၊ ဝယ်ဈေး ၁၁၇၈ ကျပ်ရှိခဲ့ပြီး တစ်ပတ်လုံး နှစ်ကျပ်ခန့် အတက်အကျဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး အနည်းငယ် ပြန်လည်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအမြင့်ဆုံးအဖြစ် ကျပ် ၈၃၅၀၀၀ သို့ရောက်ရှိခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ဈေးအမြင့်ဆုံးအဖြစ် ကျပ် ၈၄၀၀၀၀ သို့ရောက်ရှိခဲ့ပြီးနောက် ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ကမ္ဘာ့ရွှေဈေးလည်း ပြန်လည်ကျဆင်းလာခဲ့သဖြင့် ပြည်တွင်းရွှေဈေးများ ပြန်လည်ကျဆင်းလာခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် ညနေပိုင်းကစားနေသည့် လေပတ်ကားဈေးကွက်ကို ယာယီပိတ်ထားသည့်အတွက် ဈေးကစားမှုများ လျော့ကျသွားခဲ့သဖြင့် ရွှေဈေးများ ငြိမ်သက်လာခဲ့ကြောင်း သိရသည်။ အချို့သောရွှေကုန်သည်များကလည်း ယင်းလေပတ်ကားဈေးကွက်ကို အမြဲပိတ်ထားသင့်ကြောင်း အကြံပြုပြောကြားလျက်ရှိသည်။

"ဒီတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးကလည်းကျသွားတယ်။ ဒေါ်လာဈေးက ပြန်ပြီးမြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေး ကျဆင်းသွားရတာပါ။ Brexit ဂယက်ကလည်း နည်းနည်းငြိမ်သွားပြီဖြစ်တဲ့အတွက် ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာခဲ့တာပါ။ ရွှေဈေးတွေ မြင့်တက်နေတဲ့အတွက် ဈေးကွက်ထဲမှာ အဝယ်ရော အရောင်းပါ အေးစက်သွားတယ်။ ဝယ်ရောင်းသမားတွေ အနေနဲ့လည်းကျပ်ရှစ်သိန်းလောက်တုန်းက ရောင်းထားကြတဲ့အတွက် ရောင်းစရာမရှိတော့သလို ဈေးကဆက်ပြီး မြင့်တက်နေတဲ့အတွက်အဝယ်ကလည်း မရှိသလောက်ကိုဖြစ်သွားတယ်။ ဒါပေမယ့် ပြန်ကျလာတဲ့အခါကျတော့ ဈေးကွက်ထဲမှာ နည်းနည်းတော့ ပြန်လှုပ်လာတယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၁၁ ရက်က ကျပ် ၈၄၈၀၀၀ ရှိခဲ့သော်လည်း ဇူလိုင် ၁၃ ရက်တွင် ကျပ် ၈၃၆၀၀၀ သို့ ကျဆင်းခဲ့သည်။ ဇူလိုင် ၁၅ ရက်တွင် ကျပ် ၈၃၃၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၁၁ ရက်တွင် ၁၃၆၆ ဒေါ်လာရှိခဲ့ရာမှ ဇူလိုင် ၁၅ ရက်တွင် ၁၃၃၂ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရှယ်ယာဈေးကွက်တွင် အရောင်းအဝယ် ရာဂဏန်းခန့်သာရှိနေ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရှယ်ယာဈေးကွက်တွင် အရောင်းအဝယ်မှာ ရာဂဏန်းခန့်သာရှိသဖြင့် အရောင်း အဝယ်အေးစက်နေကြောင်း သိရသည်။

ရှယ်ယာဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသည့် ကုမ္ပဏီမှာ နှစ်ခုသာရှိသဖြင့် အချိန်ကြာလာသည့်အခါ ရိုးအီသွားသည့်သဘောဖြစ်နေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ် အေးစက်နေရခြင်းဖြစ်သည်ဟု ဆိုသည်။ ရှယ်ယာဈေးကွက်စတင်ဖွင့်လှစ်ချိန်က နေ့စဉ်သိန်းဂဏန်းခန့် အရောင်းအဝယ် ဖြစ်ခဲ့သော်လည်း ယခုအခါတွင်မူ ဈေးကွက်အတွင်း၌ ရာဂဏန်းခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်တွင် ရှယ်ယာဈေး အတက်အကျမှာလည်း ကျပ်ငါးရာမှ ကျပ်တစ်ထောင်ခန့်သာရှိသဖြင့် ဈေးငြိမ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဈေးကွက်တွင် ရှယ်ယာရောင်းချမည့် ကုမ္ပဏီများ များများရှိသင့်ကြောင်း ရှယ်ယာ ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း ရွှေဈေးများ မြင့်တက်လာသဖြင့် စတော့ဈေးကွက်တွင် ဝယ်ရောင်းလုပ်မည့်သူများ နည်းပါးလာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခုတစ်ပတ်အတွင်း MTSH ရှယ်ယာဈေးသည် ဈေးပိတ်ချိန်တွင် ကျပ် ၅၀၀၀၀ ဖြင့် ဈေးပိတ်ခဲ့ပြီး FMI ရှယ်ယာများသည် ကျပ် ၂၀၅၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

July 15, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 73.35 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.68 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 67.11 |
| I DR | Indonesia Rupiahs | 13089.52 |
| JPY | Japan Yen | 105.72 |
| MYR | Malaysia | 3.96 |
| PKR | Pakistan Rupees | 104.81 |
| PHP | Philippines Pesos | 46.83 |
| RUB | Russia Rubles | 63.17 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1133.92 |
| LKR | Sri Lanka Rupe | 145.64 |
| THB | Thailand Baht | 34.96 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22301.52 |

*Source : xe.com*

## World Gold Price

July, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1359 | 1361 | 1363 |
| 12 | 1351 | 1351 | 1351 |
| 13 | 1337 | 1338 | 1338 |
| 14 | 1329 | 1330 | 1333 |
| 15 | 1328 | 1329 | 1330 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-7-2016 | 848.00 | 848.00 |
| 12-7-2016 | 846.50 | 845. 00 |
| 13-7-2016 | 835.00 | 835.60 |
| 14-7-2016 | 835.50 | 835.20 |
| 15-7-2016 | 834.00 | 834.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6 .69 | 35.10 | 78.40 | 67.14 |
| 12 | 6. 69 | 35.15 | 78.40 | 67.15 |
| 13 | 6 69 | 35.21 | 78.64 | 67.19 |
| 14 | 6 .69 | 35.12 | 78.31 | 66.91 |
| 15 | 6.68 | 34.96 | 78.35 | 67.11 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11 - July | 20.38 | 2190.50 | 1666.56 | 4807.49 | 1093.00 |
| 12 - July | 20.33 | 2184.00 | 1661.86 | 4840.19 | 1094.00 |
| 13 - July | 20.38 | 2214.91 | 1691.20 | 5028.13 | 1094.00 |
| 14 - July | 20.26 | 2216.93 | 1695.46 | 5013.12 | 1067.00 |
| 15 - July | 20.20 | 2242.69 | 1697.25 | 5013.57 | 1095.00 |

Source:kitco.com

## Energy NYMEX 15-7-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 45.20 | -0.48 | -1.05 |
| Brent Crude Futr (USD/bbl) | 46.82 | -0.54 | -1.14 |
| Gasoline Rbob Fut (Cent/gal) | 139.75 | -1.65 | -1.17 |
| Natural Gas Futr (USD/MMBtu) | 2.71 | -0.01 | -0.48 |
| Heating Oil Futr (Cent/gal) | 139.29 | -1.35 | -0.96 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၄၀၀၀၀ နီးပါးဝင်

ဇူလိုင် ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၂၂၇၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၃၉၄၁၆ ဒသမ ၅၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တရုတ်နိုင်ငံက ၁၁၆၈၁ ဒသမ ၅၇ တန်နဲ့ ထိုင်းနိုင်ငံ မှ ၂၇၇၃၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မိုးရာသီရောက်လာတာကြောင့် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်မှုနည်းလာပြီး အရောင်းအဝယ်လည်း ပါးလာတာ ပစ္စည်းတင်သွင်းမှုတွေလည်း လျော့လာတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၃၃၆၀၀ ကျော်ရှိခဲ့တာ ကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၅၇၆၀ ကျော်ပိုမိုတင်သွင်းခဲ့တယ် လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဘိလပ်မြေဈေးကွက် ဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ဇူလိုင် ၃ ရက်မှ ၉ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၉၄၁၆ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၃၃၆၅၁တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၃၃၃၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၈၀၉၄ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၄၇၆၀ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေ လမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ် လို့သိရပါတယ်။ ဈေးကွက်ထဲ ဆင်ဘိလပ်မြေက အသုံးနည်းနေတာကြောင့် အရောင်းက ပိုပါးတယ်။ စိန်ဘိလပ်မြေကို ကြိုက်ကြတာမို့ သူကအဝယ်နည်းနည်း လိုက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်၅၂၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်နဲ့ စိန်(ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပြည်တွင်းဖြစ် ဘိလပ်မြေများနဲ့ ထိုင်းဘိလပ်မြေများက ဈေးအေးနေသလို အရောင်းအဝယ်လည်း အေးနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန် ၇၅၀၀ ကျပ်၊ ဆင် ၇၅၀၀ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၉၀၀ကျပ်၊ ကမ္ဘောဇ ၄၈၀၀ ကျပ်၊နဂါး ၅၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဆင်နဲ့ စိန်က ဈေးငြိမ်နေပြီး ကြံ့နှစ်ကောင်(နီ)နဲ့ (အစိမ်း)က ဈေးကျလာတယ်လို့ သိရပါတယ်။ မိုးရွာနေပေမယ့်လည်း အရောင်းအဝယ်က ပုံမှန်ရှိနေပါတယ်။ ယခင်က ဒီလိုအချိန်ဆို အရောင်းက ပါးလာတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် ၅၆၀၀ ကျပ်၊ စိန် ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၄၈၀၀ ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း) ၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### နိုင်ငံစုံမှ မြေဆီတန်ချိန် ၁၅၇၀၀ ကျော်တင်သွင်း

ဇူလိုင် ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၃၅၁၂၁၀၁ တန်ဖိုးရှိမြေဆီ၁၅၇၃၅ ဒသမ ၆၄၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ နိုင်ငံအလိုက် ကြည့်ပါက ဒီတစ်ပတ်မှာ ကနေဒါမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၈၇၆၈ ဒသမ ၉၉၁ တန်၊ ရုရှားမှ တန်ချိန် ၂၀၀၊ အင်ဒိုနီးရှားမှ ၁၃၂တန်၊ မလေးရှားမှ တန်ချိန် ၃၀၀၊ စင်ကာပူမှ ၇၂ တန်၊ ထိုင်းနိုင်ငံမှ ၃၆၀၈ ဒသမ ၄၅ တန်၊ ဗီယက်နမ်မှ ၁၆၅၄ ဒသမ ၂၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ နိုက်တြိုဂျင်၊ ဖလော်ရာ၊ ယူရီးယား၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန် ပေါင်း၊ အမိုးနီးယမ်းဖော့စဖိတ် စတဲ့အမျိုးအစားများ သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၁၃၃၀၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင် နဲ့ယှဉ်ရင် တန်ချိန် ၂၃၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### မြေဩဇာဈေးကွက် အရောင်းအေး

ဇူလိုင်၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၅၇၃၅ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၃၃၇၀ တန် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၆၀ ကျော် အဝင်ပို ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၃၇၄၆၄ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၃၃၇၄၄တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၇၁၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှ မြေဩဇာ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းအေးသလို ဈေးလည်းကျလာတယ်လို့ သိရပါတယ်။ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်)နဲ့ တီစူပါက ဈေးငြိမ်ပြီး ပုလဲနဲ့ ကွန်ပေါင်း ၁၅ ပတ်လည် (အစိမ်း)က ဈေးကျလာပါတယ်။ ဈေးက အများကြီးမဟုတ်ဘဲ ၃၀၀ ကျပ်သာဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ် လည် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၂၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၁၀၀၀ ကျပ်၊ တီစူပါ ၄၆ %(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအေးနေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲက ၃၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည်က ၅၀၀ ကျပ်ဈေးမြင့်ခဲ့ပြီး တီစူပါ ၁၀း၁၀း၅ က ၁၀၀၀ ကျပ်၊ ဓာတ်ဆားက ၅၀၀ ကျပ်ဈေးကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) (ပန်းဖူး-တရုတ်) (ရွှေတောင်) ၂၀၀၀၀ ကျပ်၊ တီစူပါ၂၀%(တရုတ်)၁၂၆၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၇၅၀၀ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၅၂၀၀ ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၅၅၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၄၅၀၀ ကျပ်၊ ယူရီးယား(ယူအေအီး)၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက၅၀၀ကျပ်ဈေးမြင့်ခဲ့ပြီး တီစူပါက ကျပ် ၃၅၀၀ဈေးကျခဲ့ကာ ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ နယ်ဘက်တွေကအမှာ ရှိလာတာကြောင့် မြေဆီအရောင်းအဝယ်ဖြစ်လာတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၅၀၀ကျပ်၊ ယူရီး ယား(ကမ္ဘာလုံး -တရုတ်) ၂၂၅၀၀ကျပ်၊ ယူရီးယား (နေရွှက်လှေ-တရုတ်) ၂၂၅၀၀ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၁၉၀၀၀ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွှက်လှေ-တရုတ်) ၁၅း၁၅း၁၅ ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၇း၈ ၃၂၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ**မြေဩဇာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊တီစူပါ (၄၆%-တရုတ်)၁၉၃၀၀ ကျပ်၊ မြားသီးစုံ ၁၃၈၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့် အဝင်ပို

ဇူလိုင် ၃ ရက်မှ ၉ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၇၆၉၀၄၀ တန်ဖိုးရှိ နို့ဆီ ၅၉၇ ဒသမ ၃၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားမှ ၄၉ ဒသမ ၆၀၈ တန်၊ စင်ကာပူမှ ၅၃၅ဒသမ ၈၉၆ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၁ ဒသမ ၈၅၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မာရီဂိုးနို့ဆီ၊ ဒွန်းနို့ဆီနဲ့ အိုကေနို့ဆီတို့တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့ဆီတင်သွင်းမှုမှာ တန်ချိန်၃၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ ယှဉ်ရင်တန်ချိန် ၂၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်တင်သွင်းမှုမှာ မလေးရှားမှ ၅၄ ဒသမ၅၅၉ တန်၊ နယူးဇီလန်မှ ၂၅ ဒသမ ၆၀ တန်၊ စပိန်မှ သုည ဒသမ ၆၁၇ တန်နဲ့ စင်ကာပူမှ ၁၇ ဒသမ ၉၇၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နို့မှုန့်တင်သွင်းမှုမှာ ၉၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ ယှဉ်ရင် ၆ တန်နီးပါးအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့ မြဝတီ ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁၀၁၅၃ တန်ဖိုးရှိနို့ဆီ/နို့စိမ်း ၁၁ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၇ မှ ၈/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၆ မှ ၁/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၀၁.၀၀ | ၁၃၅၆.၂၈ | (-) | ၄၅၅.၂၈ |
| ၂။ | လွယ်ဂျယ် | ၁၉၅.၀၀ | ၇၀၀.၀၀ | (-) | ၁၀၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၂၅၇.၀၀ | ၃၃၀၈.၀၀ | (-) | ၁၀၅၁.၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၀.၀၀ | ၁၁၅၀၀.၀၀ | (-) | ၉၅၀၀.၀၀ |
| ၆။ | မြဝတီ | ၆၀၂.၈၄ | ၉၃၈.၂၀ | (-) | ၃၃၅.၃၆ |
| ၇။ | ကော့သောင်း | ၃၈၇၅.၀၀ | ၁၀၀၃၁.၈၀ | (-) | ၆၁၅၆.၈၀ |
| ၈။ | မြိတ် | ၃၁၀၀.၀၀ | ၂၆၀.၀၀ | (+) | ၂၈၄၀.၀၀ |
| | စုစုပေါင်း | ၁၃၃၃၀.၈၄ | ၂၈၀၉၄.၂၈ | (-) | ၁၄၇၆၃.၄၄ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၇ မှ ၈/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၆ မှ ၁/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၈၉၇.၂၅၀ | ၂၈၀၀၆.၂၀၀ | (-) | ၁၀၈.၉၅၀ |
| ၂။ | လွယ်ဂျယ် | ၈၃၃.၅၀၀ | ၇၅၄.၁၀၀ | (+) | ၇၉.၄၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၈၂၉.၈၀၀ | ၃၁၈၃.၀၀ | (+) | ၆၄၆.၈၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | |
| ၅။ | မြဝတီ | ၁၀၅၉.၁၀၀ | ၆၅၉.၀၀၀ | (+) | ၄၀၀.၁၀၀ |
| ၆။ | ကော့သောင်း | ၃၀၉၅.၀၀၀ | ၂၉၀.၀၀၀ | (+) | ၂၈၀၅.၀၀၀ |
| ၇။ | မြိတ် | ၁၅၀.၀၀၀ | ၁၀၂.၅၀၀ | (+) | ၄၇.၅၀၀ |
| ၈။ | ရိုဒ် | ၆၀၀.၀၀၀ | ၇၅၀.၀၀၀ | (-) | ၁၅၀.၀၀၀ |
| | စုစုပေါင်း | ၃၇၄၆၄.၆၅ | ၃၃၇၄၄.၈၀၀ | (+) | ၃၇၁၉.၈၅၀ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ပြည်နှမ်းဈေးကွက် အရောင်းအဝယ်အေး

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ဈေးငြိမ်နေသလို မိုးများ အဆက်မပြတ် ရွာသွန်းနေသဖြင့် အရောင်းအဝယ်ပါးနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်တွင် နှမ်းအဝင်ရော အထွက်ပါမရှိတာကို တွေ့ရပါတယ်။ ဆီစက်သမားများကလည်း ယခင်ကြိတ်ထားတဲ့ ဆီများကိုသာ ရောင်းဝယ်နေကြပါတယ်။ နှမ်းဈေးမှာ နှမ်းနီ တစ်တင်းလျှင် ၂၃၀၀၀ ကျပ်၊ နှမ်းနက် (ရိုးရိုး) တစ်တင်းလျှင် ၃၁၆၀၀ ကျပ်နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ၄၆၇၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ဆီဈေးမှာလည်း တစ်ပိဿာလျှင် ၄၄၀၀ကျပ်ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

### ပြည်မြေပဲဆန်ဈေးကွက် ဈေးငြိမ်နေ

ယခုတစ်ပတ် ပြည်မြေပဲဆန်ဈေးကွက်မှာ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ပုသိမ်နဲ့ ရခိုင်ဘက်မှ မြေပဲဆန်အိတ် ၂၀၀ခန့် နေ့စဉ်ဝင်ရောက်နေပေမယ့် အရောင်းအဝယ်အေးနေတာကို တွေ့ရပါတယ်။ ဈေးကွက်ထဲမှာတော့ ပစ္စည်းပြတ်လပ်မှုမရှိဘူးလို့ သိရပါတယ်။ ဆီဆန်ကို ရန်ကုန်ဆီစက်သမားများက အဝယ်ရှိပြီး လုံးဆန်ကို မကွေးဝယ်လက်များက ပြည်ပတင်ပို့ရန်နှင့် ပဲလှော်အတွက် အဝယ်ရှိသော်လည်း ပုံမှန်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

မြေပဲဆန်ဈေးမှာ တစ်ပိဿာလျှင် ၂၀၀၀ကျပ်နှင့် လုံးဆန် တစ်ပိဿာလျှင် ၂၅၀၀ကျပ်ဖြစ်ပြီး ဆီဈေးမှာ တစ်ပိဿာလျှင် ၅၂၀၀ကျပ်ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

### တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ နှမ်းတင်ပို့

ဇူလိုင်လပထမပတ်တွင် တရုတ်နဲ့ ထိုင်းနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁ဒသမ ၇၄၉ သန်း တန်ဖိုးရှိတဲ့ နှမ်းတန်ချိန် ၁၃၅၉တန်ခွဲကို တင်ပို့ခဲ့ရာ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၀ သန်းတန်ဖိုးရှိ နှမ်းဖြူ ၇၉၇ တန်ကျော်နဲ့ နှမ်းနက် ၅၅၅ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၈၉၆၄ တန်ဖိုးရှိ နှမ်းနက် ၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းဖြူ ၃၄၂တန်ခွဲနဲ့ နှမ်းနက် ၅၃၅ တန်ခွဲ၊ မြဝတီမှ နှမ်းနက် ၂၈ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။

မူဆယ်မှာ နှမ်းတင်ပို့မှုမရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၁ ရက်က နှမ်းဖြူတစ်တန်ကို ၁၂၁၉၅၆၁ ကျပ်နဲ့ နှမ်းနက်ဈေး ၂၂၇၂၁၉၃ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၈ ရက်မှာတော့ နှမ်းဖြူ တစ်တန် ၁၁၉၉၅၆၉ ကျပ်၊ နှမ်းနက် တစ်တန် ၂၂၃၄၉၄၄ ကျပ်သို့ ဈေးဆက်လက်ကျဆင်းနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ



# တရုတ်စားအုန်းဆီကြမ်းဈေးနဲ့ အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီဈေးကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီဈေးကျ

တရုတ်စားအုန်းဆီကြမ်းဈေးနဲ့ အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီဈေးကျဆင်းမှုတို့ကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးမှာလည်း ဇူလိုင် ၁၄ ရက်မှာ ကျဆင်းလာခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Burmese Malaysia Derivatives Exchange) မှာ စက်တင်ဘာအတွက် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးအတွက် အခြေခံထားဈေးနှုန်းက ဇူလိုင် ၁၄ ရက်နေ့လယ် ဈေးကွဲချိန်မှာ ခြောက်ရင်းဂစ်ကျဆင်းပြီး တစ်တန်ကို ၂၂၁၆ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၆၀ ဒသမ ၆၆ ) နှုန်းရှိခဲ့ပါတယ်။ စားအုန်းဆီရောင်းချတဲ့ ပမာဏက ဇူလိုင် ၁၃ ရက် နေ့လယ်က ၂၅ တန်ကို အတွဲ ၁၈၉၁၅ တွဲအထိ ရောင်းချနိုင်ခဲ့ပါတယ်။

မလေးရှားစားအုန်းဆီအဖွဲ့(Malaysia Palm Oil Board -MPOB) က ထုတ်ပြန်တဲ့ စာရင်းဇယားများအရ ဇူလိုင် ၁၂ ရက်က စားအုန်းဆီကြိုရောင်းဈေးတွေ ကျဆင်းခဲ့ကြောင်းနဲ့ ဇူလိုင် ၁၃ ရက်မှာတော့ ပြန်လည်မြင့်တက်ခဲ့ကြောင်း ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။ MPOBM ဇူလိုင် ၁၂ ရက်မှာထုတ်ပြန်တဲ့ စာရင်းဇယားများအရ မလေးရှားနိုင်ငံရဲ့ ဇွန်လအတွင်း စားအုန်းဆီတင်ပို့မှုက မေနဲ့နှိုင်းယှဉ်ရင် ၁၂ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ရိုက်တာက ကောက်ယူခဲ့တဲ့ ကိန်းဂဏန်းအရ ဇွန်လအတွင်း မလေးရှားနိုင်ငံရဲ့ စားအုန်းဆီတင်ပို့မှုက တန် ၁ ဒသမ ၂ သန်းရှိပြီး မေလနောက်ပိုင်း ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

“ဝယ်လိုအား တဖြည်းဖြည်း ကျဆင်းခြင်းနဲ့ ထုတ်ယူမှုမြင့်တက်ခြင်းတို့ကြောင့် ဈေးကွက်က ကျဆင်းမယ့်ဘက်ကို ဦးတည်နေပါတယ်” လို့ မလေးရှားနိုင်ငံ ပို့ကလန်ဆိပ်ကမ်းရှိ ပီလင်ဒန်ဘက်တာရီရဲ့ ညွှန်ကြားရေးမှူး လင်ဂမ်ဆူပရာမန်နီယမ်က ပြောပါတယ်။

အခြားဟင်းရွက်ဆီ ဈေးကွက်တစ်ခုဖြစ်တဲ့ အမေရိကန် ချီကာဂိုဘုတ်အဖွဲ့မှာ ပဲပုပ်ဆီကြိုရောင်းဈေးက သုညဒသမ ၅၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီနေရာမှာ အစားထိုးသုံးစွဲလေ့ရှိတဲ့ ပဲပုပ်ဆီရဲ့ စက်တင်ဘာအတွက် ကြိုတင် ရောင်းချဈေးက တရုတ်နိုင်ငံ ဒါလီယံဈေးကွက် (Dalian Commodity Exchange) မှာ သုညဒသမ ၄၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၇-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၅၀ | ၁၄၈၅ | △ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၅၈၀ | ၁၅၉၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၅၆၀ | ၁၅၆၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၆၄၀ | ▽ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၆၂၀ | ၁၆၁၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

***Source: mirt***



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၇-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဇွန်လပဥ္စမပတ် | ဇူလိုင်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၁၅.၅၀ | ၅၉၂.၅၀ | ▽ |
| **RBD P.Olein** | ၆၂၄.၀၀ | ၆၀၄.၀၀ | ▽ |
| **RBD P.Strarin** | ၆၀၇.၅၀ | ၆၀၀.၀၀ | ▽ |

***Source: econ.mpob***

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅- ၇ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၇၃.၅၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၁၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၃၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၁.၄၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှော့ထား | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၀၁.၅၆၂ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၇-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ ဒေါ်လာနှင့် USD ဈေး ၁၁၇၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၅-၇-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၇၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က Rethinking Trade and Development အကြောင်း ဟောပြောပွဲကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ် ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ ဦးစီး၍စီးပွားရေး ဟောပြောဆွေးနွေးပွဲကို ရန်ကုန်မြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံး၌ ဇူလိုင် ၁၅ရက်က ကျင်းပခဲ့ရာ အဆိုပါဆွေးနွေး ဟောပြောပွဲတွင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က Rethinking Trade and Development ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါတယ်။

ဟောပြောပွဲတွင် ဒေါက်တာအောင်ထွန်းသက်က တိုင်းပြည်တိုးတက် ချင်လျှင် ရေရှည်တည်တံ့သည့် မဟာဗျူဟာဖြင့် စီးပွားရေး ပြိုင်ဆိုင်ရေး၊ ဆင်းရဲသားလူတန်းစားများအား အခြေခံရောင်းချနိုင်သည့် ဈေးကွက်ဖြစ်ပေါ်ရေး၊ ဆင်းရဲချမ်းသာ မညီမျှမှု လျှော့ချရေး၊ ပြည်ပသို့ စွန့်ဦးတီထွင်ထားသော ပို့ကုန်များ အဓိကတင်ပို့နိုင်ရေးတို့ကို အသေးစိတ် ဟောပြောဆွေးနွေးခဲ့ပါတယ်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများက သိလိုသည်များကို ပြန်လည်ဖြေကြား ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲသို့ စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်၊ ညွှန်ကြားရေးမှူး ဦးဝင်းလွင်နဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်စဉ် (၈)မှ သင်တန်းသား၊ သင်တန်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**မြင့်ဆွေ**

## Thai-Myanmar Business Matching ကို အောင်မြင်စွာ ကျင်းပပြီးစီး

မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့နှင့် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အကြီးစားစက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲ Thai-Myanmar Business Matching ကို ၂၀၁၆ခုနှစ်၊ ဇူလိုင် ၁၂ရက်တွင် မန္တလေးမြို့ Hill Resort Hotel ၌လည်းကောင်း၊ ဇူလိုင်၁၄ရက်နေ့တွင် ရန်ကုန်မြို့Chatrium Hotel၌ လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်းမှာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ စီးပွား ရေးတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့်အတူ ရန်ကုန်မြို့ ထိုင်းစီးပွားရေးသံရုံးမှ စီးပွားရေးသံမှူး Mr. Wechai Kanrahong တို့မှ အမှာစကား ပြောကြားခဲ့ပြီးနောက် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။

ထိုဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံမှ အကြီးစားစက်မှုလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ကားပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်းကိရိယာများ၊ လယ်ယာသုံး စက်ပစ္စည်းများ၊ ဆေးဝါးထုတ်လုပ်မှုနှင့် အလှကုန်ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်းပေါင်း ၈၀ကျော်တို့ပါဝင်ကြပြီး မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်၊ ပညာရှင်များနှင့် ကုမ္ပဏီပေါင်း ၁၀၀ကျော်တို့မှ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြမြစိန်၊မြတ်မြတ်စိုးမိုး (NES Unit)**




## အမျိုးသားပို့ကုန်မဟာဗျူဟာရုံးအဖွဲ့အား မဟာဗျူဟာမြောက် အကောင်အထည်ဖော် စီမံခန့်ခွဲမှုစနစ် သင်တန်းပို့ချပြီးစီး

အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ၂၀၁၅ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ပြီး ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ရေးကော်မတီများ (Sector Implementation Committees-SICs)ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မတီကို အထောက်အကူပြုရန် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ (Sector Working Groups-SWGs) နှင့် အဖွဲ့ဝင် ၃၃ဦးပါဝင်သည့် အမျိုးသား ပို့ကုန်မဟာဗျူဟာရုံးအဖွဲ့(ရန်ကုန်)ကိုလည်း ဖွဲ့စည်းခဲ့ပြီး NES ရုံး အဖွဲ့အစည်းအဝေးကို ရန်ကုန်မြို့ရှိ NES ရုံးခန်း၌ အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်လျက်ရှိပါသည်။

အဆိုပါ အဖွဲ့ဝင် ၃၃ဦးပါဝင်သည့် အမျိုးသားပို့ကုန် မဟာဗျူဟာရုံးအဖွဲ့ကို အကောင်အထည်ဖော် စီမံခန့်ခွဲခြင်း အဆင့်တွင် သက်ဆိုင်ရာ သတင်းအချက်အလက်များ ရယူသုံးစွဲခြင်း၊ အကောင်အထည်ဖော် တိုးတက်မှု အခြေအနေများကို အွန်လိုင်းစနစ်ဖြင့် စောင့်ကြည့် လေ့လာသုံးသပ်မှုများပြုလုပ်နိုင်ရန်အတွက် မဟာဗျူဟာမြောက် အကောင်အထည်ဖော် စီမံခန့်ခွဲမှုစနစ် (Strategy Implementation Management Tool-SIMT) ဆိုင်ရာ သင်ကြားပို့ချမှု တစ်ရပ်ကို ၂၀၁၆ခုနှစ်၊ ဇူလိုင် ၁၂ရက်နေ့တွင် ရန်ကုန်မြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန ITCမှ အကြံပေးပညာရှင် Mr. Charles Robert က လာရောက်ပို့ချပေးခဲ့သည်။ ထိုပို့ချမှုများတွင် အွန်လိုင်းစနစ်ဖြင့် သတင်းကောက်ယူခြင်း၊ ပရောဂျက်ဆိုင်ရာ အချက်အလက်နမူနာပုံစံများ ဖြည့်စွက်ဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်တို့ပါဝင်ပြီး လိုအပ်သည့် ပံ့ပိုး ဆွေးနွေးမှုများကို NES Project မန်နေဂျာ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းဌေးက ဖြည့်စွက်ဆွေးနွေးကာ NES ရုံး အဖွဲ့ (ရန်ကုန်)မှ တာဝန်ခံ ဦးစိုးနိုင်၊ ဒုတိယ ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (NES Unit)**

## အမျိုးသားပို့ကုန်မဟာဗျူဟာ တိုးတက်မှုအစီရင်ခံစာနှင့် အကောင်အထည်ဖော် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံ၏ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ အမျိုးသားပို့ကုန် မဟာဗျူဟာအား အကြိုညှိနှိုင်း ဆွေးနွေးခြင်း (Pre-Engagement Phase)၊ အသေးစိတ်ညှိနှိုင်းခြင်း (Inception Phase)၊မဟာဗျူဟာဒီဇိုင်းရေးဆွဲခြင်း (Design Phase) နှင့် အကောင်အထည်ဖော်ဆောင်ခြင်း (Implementation Management Phase) အဆင့်လေးဆင့်ကိုချမှတ်၍ သက်ဆိုင်ရာအစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ကျင်းပခဲ့သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာအတွက် မျှော်မှန်းချက်၊ ဦးတည်ချက်များအပါအဝင် ဦးစားပေးအကောင်အထည်ဖော်မည့် ကဏ္ဍခုနစ်ရပ်၊ အထောက်အကူပြုမည့် ကဏ္ဍလေးရပ်ကို ဖော်ထုတ်ခဲ့ပြီး အကောင် အထည်ဖော်ခြင်းအဆင့်ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်ကာလ သတ်မှတ်လျာထားခဲ့ပါသည်။

၂၀၁၅ခုနှစ်၊ မတ်လတွင် အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ကျင်းပခဲ့ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်နိုင်ရန် ကဏ္ဍအလိုက် အကောင်အထည်ဖော်ရေးကော်မတီများ (Sector Implementation Committees-SICs) ကိုဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီကို အထောက်အကူပြုရန် ကဏ္ဍအလိုက်လုပ်ငန်း အဖွဲ့များ (Sector Working Groups-SWGs)နှင့် ရုံးအဖွဲ့ကိုလည်း ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်း နယ်ပယ် အလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ ယခုအခါ ထိုသို့ဆောင်ရွက်နေသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ တိုးတက်မှုအစီရင်ခံစာနှင့် အကောင်အထည်ဖော် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် ရန်ကုန်မြို့၊ Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော် စီမံခန့်ခွဲခြင်းအဆင့်တွင် သတင်းအချက်အလက်များ ရယူသုံးစွဲခြင်း၊ အကောင်အထည်ဖော်တိုးတက်မှုအခြေအနေများကို အွန်လိုင်းစနစ်ဖြင့် စောင့်ကြည့်လေ့လာသုံးသပ်မှုများ ပြုလုပ်နိုင်ရန် မဟာဗျူဟာမြောက် အကောင်အထည်ဖော် စီမံခန့်ခွဲမှုစနစ် (Strategy Imple-mentation Management Tool-SIMT) ကို နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာန ITC နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအသီးသီး၏ ရန်ပုံငွေအကူအညီဖြင့် နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်နေသည့် စီမံကိန်းများတွင် အမျိုးသားပို့ကုန် မဟာဗျူဟာ၏ လုပ်ငန်းစီမံကိန်းများနှင့် ပါဝင်ဆက်နွယ်လျက်ရှိသည့် စီမံချက် ၈၉ ခုကို ဖော်ထုတ်ထားပါသည်။ ယင်း SIMT စနစ်ကိုအသုံးပြု၍ အမျိုးသားပို့ကုန် မဟာဗျူဟာ၏ ၂၀၁၅ခုနှစ်၊ ဧပြီလမှ ၂၀၁၆ခုနှစ်၊ ဇွန်လအထိ ကဏ္ဍအလိုက် တိုးတက်မှုအစီရင်ခံစာများ (Progress Report)ကို ပြုစုခဲ့ပြီး ၎င်း၏ လေ့လာတွေ့ရှိချက်များကို ဆွေးနွေးအတည်ပြု ညှိနှိုင်းခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်ဘတ်ဂျက်မှ တောင်းခံရရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘတ်ဂျက်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ တောင်းခံမည့် အစီအစဉ်များ၊ Project Idea Template ကို ဖြည့်စွက်ကာ Project Proposal များ ပြင်ဆင်ခြင်းတို့ကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်း စီမံချက်ပါ လုပ်ငန်းတစ်ခုချင်းကို ရန်ပုံငွေရရှိမှုအပေါ် အခြေခံ၍ ဝန်ကြီးဌာနအလိုက် နိုင်ငံတော်ဘတ်ဂျက်တင်ပြတောင်းခံခြင်း၊ ဖွံ့ဖြိုးမှု မိတ်ဖက်များထံမှ အကူအညီ၊ FDI နှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြတ်မြတ်စိုးမိုး (NES Unit)**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဟောင်ကောင်တွင် အစိုးရအိမ်ရာများ၏ အိမ်ခန်းငှားရမ်းခဈေးနှုန်း တိုးမြှင့်ရန်လျာထား

ဟောင်ကောင်ရှိ အစိုးရအိမ်ရာများတွင် နေထိုင်သူများအား စက်တင်ဘာလမှစတင်၍ အိမ်ခန်းခ တစ်လလျှင် ထပ်မံ ပျမ်းမျှဟောင်ကောင်ဒေါ်လာ ၁၇၀ ခန့် တိုးမြှင့်ရန်လျာထားခဲ့သည်။ အိမ်ထောင်စုဝင်ငွေမြင့်တက်လာသဖြင့် အိမ်ရာငှားရမ်းခများ တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စုဝင်ငွေ မြင့်တက်လာခြင်းနှင့် ပတ်သက်၍ အိမ်ထောင်စု ၄၈,၀၀၀ အား နမူနာစာရင်းကောက်ယူခဲ့ရာ ပျမ်းမျှဝင်ငွေ အတိုးနှုန်းမှာ ၂၀၁၃ တွင် ၁၆ ဒသမ ၁၁ ရာခိုင်နှုန်းတိုးလာခဲ့ပြီး၊ ဟောင်ကောင် ဒေါ်လာ ၁၈၀၃၄ မှ ၂၀၉၃၉ အထိရှိကြောင်းသိရသည်။

ဟောင်ကောင်အစိုးရအနေဖြင့် ယခင်ငှားရမ်းခဈေးနှုန်းတိုးမြှင့်ခဲ့စဉ်က ပေးလေ့ရှိသည့် တစ်လနေထိုင်ငှားရမ်းခသက်သာခွင့်ပေးခဲ့သော်လည်း ယခုတစ်ကြိမ်တွင် အိမ်ရာလုပ်ငန်း၏ ဘတ်ဂျက်လိုငွေ ဟောင်ကောင်ဒေါ်လာ နှစ်ဘီလီယံရှိနေသည့်အတွက် တစ်လငှားရမ်းခ သက်သာခွင့်ပေးမည်မဟုတ်ကြောင်း အိမ်ရာအာဏာပိုင်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလတွင် အစိုးရအိမ်ရာနေထိုင်သူ အိမ်ထောင်စုပေါင်း ၇၃၆၁၀၀ ရှိခဲ့ကြောင်း ဟောင်ကောင် အစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ အိမ်ရာအာဏာပိုင်များကမူ အစိုးရအိမ်ရာ ငှားရမ်းခနှုန်းအား နှစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်လေ့ရှိပြီး၊ အိမ်ထောင်စုဝင်ငွေပေါ်မူတည်၍ အမြင့်ဆုံး ၁၀ ရာခိုင်နှုန်းအထိ ညှိနှိုင်းတိုးမြှင့်ခဲ့သည်။

ယင်းကဲ့သို့တိုးမြှင့်မှုအပေါ် နေထိုင်သူများအနေဖြင့် ကျေနပ်မှုမရှိကြောင်း၊ ရရှိသည့်ဝင်ငွေမှာ မပြောင်းလဲဘဲ ခရီးသွားလာစရိတ်အပါအဝင် အသုံးစရိတ်များသာ တက်လာချိန်တွင် ငှားရမ်းခနှုန်းတိုးတက်မှုသည် ၎င်းတို့၏ဘဝများအတွက်များစွာသက်ရောက်မှုရှိကြောင်း၊ အချို့မှာလည်း တန်ဖိုးလျော့သည့်ပစ္စည်းများကို ဝယ်ယူခြင်းဖြင့် ပိုမိုချွေတာသုံးစွဲရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် အိမ်ရာအမိန့်ကြော်ငြာစာရှိငှားရမ်းခညှိနှိုင်းမှု ယန္တရားအသစ် စတင်သည့်အချိန်မှစ၍ ငှားရမ်းခမှာ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည့် အကြိမ်ပေါင်းသုံးကြိမ်ရှိခဲ့ပြီးဖြစ်သည်။

အိမ်ရာငှားရမ်းနေထိုင်သူများ၏ အိမ်ထောင်စုဝင်ငွေ ၆၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ချိန်တွင် အစိုးရ အိမ်ရာငှားရမ်းခမှာ ၄၀ ရာခိုင်နှုန်း အထိသာ တက်ရသေးကြောင်း၊ ၂၀၁၀ မှ ၂၀၁၅ အတွင်း ပြန်လည်သုံးသပ်ပြီး ငှားရမ်းခ တက်သည့်အချိန်တိုင်း တစ်လစာငှားရမ်းခသက်သာခွင့်ပေးခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ပျမ်းမျှအစိုးရ အိမ်ရာငှားရမ်းခနှင့်ပျမ်းမျှဝင်ငွေ အချိုးမှာ ၉ ဒသမ ၉၇ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၉ ဒသမ ၁၀ ရာခိုင်နှုန်းသို့ တဖြည်းဖြည်းကျဆင်းလာခဲ့ကြောင်း လေ့လာသုံးသပ်သူများကပြောကြားခဲ့သည်။

အိမ်ရာအာဏာပိုင်များ အနေဖြင့် အစိုးရ၏ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးတိုးလာစေနိုင်သော တစ်လစာငှားရမ်းခသက်သာခွင့်ကဲ့သို့သော စီမံချက်မျိုး ချမှတ်ရန် အစီအစဉ်မရှိကြောင်း၊ အိမ်ထောင်စုများ၏ လစာပမာဏများများတက်လာချိန်တွင် ငှားရမ်းခတိုးမြှင့်သည့်ပမာဏမှာ အလွန်နည်းပါးကြောင်း၊ ငှားရမ်းခတိုးမြှင့်ခြင်း အဆိုပြုချက်အား ဥပဒေပြုကောင်စီနှင့်အဖွဲ့ဝင်တို့မှ မဲပေးဆုံးဖြတ်ကြမည်ဖြစ်ကြောင်း အိမ်ရာကော်မတီဥက္ကဋ္ဌ Wong yuen-fai မှ ပြောကြားခဲ့သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ဟောင်ကောင် လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့် တရုတ်ပြည်မကြီး၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်လုပ်ငန်းတွင် အစုစပ်အဖွဲ့ဝင်များ ဖြစ်လာတော့မည်

ဟောင်ကောင်မှလက်မှတ်ရပြည်သူ့စာရင်းကိုင်များ Closer Economic Partnership Arrangement သဘောတူညီမှု၏ တိုးချဲ့ခွင့်ပြုချက်အရ တရုတ်ပြည်မကြီး၏ စာရင်းကိုင်လုပ်ငန်းတွင် အစုစပ်အဖွဲ့ဝင်များ ဖြစ်လာနိုင်တော့မည်ဖြစ်သည်။ အစုစပ်အဖွဲ့ဝင်များဖြစ်လာစေရန် တရုတ်ပြည်မကြီးအတွင်း နှစ်စဉ်အနည်းဆုံးခြောက်လ နေထိုင်ရမည်ဖြစ်ပြီး၊ တရုတ်တက္ကသိုလ်တစ်ခုခု၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ် ပိုင်ဆိုင်သူဖြစ်ရန် လိုအပ်သည်။

ပြီးခဲ့သည့် ကာလများတွင် ဟောင်ကောင်လက်မှတ်ရပြည်သူ့စာရင်းကိုင်များမှာ တရုတ်ပြည်မကြီး၏ စာရင်းကိုင်လုပ်ငန်းများတွင် အစုစပ်အဖွဲ့ဝင်ဖြစ်ခွင့်မရှိဘဲ ကွမ်တုံးပြည်နယ် အခြေစိုက်စာရင်းကိုင်လုပ်ငန်းများတွင်သာ အစုစပ်အဖွဲ့ဝင်အဖြစ် ခွင့်ပြုခဲ့သည်။

CEPA သဘောတူညီမှုတွင် ဟောင်ကောင်၏စာရင်းစစ်လုပ်ထုံးလုပ်နည်းနှင့်တရုတ်ပြည်မကြီး၏ စာရင်းစစ်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက် တူညီသင့်ကြောင်းနှင့်၎င်းမှတစ်ဆင့် ဟောင်ကောင်သားများသည် တရုတ်ပြည်မကြီး၏ စာရင်းကိုင်လုပ်ငန်းတွင် Managing partner အထိဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း လုပ်ထုံးလုပ်နည်း လုပ်ဆောင်ခြင်းနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် မဲပေးဆုံးဖြတ်ရာတွင် မဲပေးပိုင်ခွင့်မရှိကြောင်း၊ ၎င်းစာရင်းကိုင်အဖွဲ့ဝင်မှာ တရုတ်ပြည်မကြီး၏ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းမူဝါဒအသစ်မှာ ဟောင်ကောင်ရှိ Managing partner အထိ ဖြစ်နိုင်သော အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များအတွက် အကျိုးကျေးဇူးရှိခဲ့ကြောင်း Shinewing ဟောင်ကောင်လက်မှတ်ရပြည်သူ့ စာရင်းကိုင်လီမိတက်၏ Managing partner ဖြစ်သူ Roy LoWa-Kai မှ ပြော ကြားခဲ့သည်။

ဟောင်ကောင်တွင် စာရင်းကိုင်ပေါင်း ၄၀၀၀၀ ကျော်ရှိချိန်တွင် လုပ်ငန်းပေါင်း ၁၉၀၀ တွင်သာ လုပ်ကိုင်နိုင်သောကြောင့် ယှဉ်ပြိုင်မှုမြင့်မားသော အလုပ်အကိုင်ဈေးကွက်ဖြစ်ခဲ့သည်။ တရုတ်ပြည်မကြီးတွင်မူ ရှန်ဟိုင်း၊ ရှန်းကျင့်၊ ပေကျင်းတို့တွင် စာရင်းဝင်လုပ်ငန်းပေါင်း ၅၀၀၀ ကျော်ရှိသည့်အတွက် ဟောင်ကောင်၏ စာရင်းကိုင်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ၂၀၁၇ ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံ၏ ရေနံတွင်းများအား လေလံတင်ရောင်းချမည်

ထိုင်းနိုင်ငံရှိ ရေနံသိုက်များဖြစ်သော ဧရာဝဏ်နှင့်ဗန်ကောက်ရေနံသိုက်များအား ၂၀၁၇ ခုနှစ်မတ်လတွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ယခုလက်ရှိတွင် ဧရာဝဏ်ရေနံသိုက်အား Chevron Offshore Thailand ကုမ္ပဏီနှင့်ဗန်ကောက်ရေနံသိုက်အား PTT Exploration and Production (PTTEP) ကုမ္ပဏီတို့မှအသီးသီးထုတ်လုပ်လျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် လုပ်ကိုင်ခွင့်နှစ် ၄၀ ပြည့်မြောက်၍ ထုတ်လုပ်ခွင့်သက်တမ်းကုန်ဆုံးကြတော့မည်ဖြစ်ပါသည်။

ရေနံဥပဒေပြင်ဆင်ချက်အား အမျိုးသားဥပဒေပြုရေးကောင်စီမှ လွှန်ခဲ့သည့်ရက်သတ္တပတ်က အတည်ပြုခဲ့ပြီးနောက် ယခုနှစ် စက်တင်ဘာလတွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။ ရေနံဥပဒေပြင်ဆင်ချက်များ စတင်အကျိုးသက်ရောက်မှုမတိုင်မီ ရေနံဝယ်ယူရေးစာချုပ်၊ အကျိုးအမြတ်ခွဲဝေမှု၊ အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်အပါအဝင် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊ လေလံအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့် အခြားလိုအပ်သော ဆွေးနွေးမှုများကို ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံသည် သဘာဝဓာတ်ငွေ့အရင်းအမြစ်များ ကုန်ခမ်းလာမှုကြောင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြားတွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကုဗပေသုံးထရီလီယံခန့် ကျဆင်း၍ လုပ်ကိုင်ခွင့်ရရှိသူများ အပြောင်းအလဲဖြစ်စဉ်ကာလအတွင်း ပြည်တွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို တစ်စုံတစ်ရာထိခိုက်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့လျော့နည်းမှုမရှိစေရန်နှင့်လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမဖြစ်စေရန်အတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ကိုပြည်ပမှ တင်သွင်းရန် လိုအပ်ကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## အီးယူ-အမေရိကန် Privacy Shield သဘောတူညီချက်အား အလျင်အမြန် ထောက်ခံပေးရန် အမေရိကန်ကုန်သည်များအသင်းမှ တောင်းဆို

အမေရိကန်ကုန်သည်များ အသင်း အမှုဆောင်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ပရေးရာဌာနအကြီးအကဲ Myron Brilliant သည် ဥရောပသမဂ္ဂ Article 31 Committee အားအီးယူ -အမေရိကန် Privacy Shield သဘောတူညီချက်နှင့် စပ်လျဉ်း၍ အပြုသဘောဆောင်စွာ အလျင်အမြန် ထောက်ခံပေးရန် တိုက်တွန်းကြောင်း ဇွန် ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အီးယူ - အမေရိကန် Privacy Shield သဘောတူညီချက်သည် အီးယူ အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအလိုက်သီးသန့်အချက် အလက်များအား အခိုင်အမာ အကာ အကွယ်ပေးမည့် သဘောတူညီချက် တစ်ရပ်ဖြစ်ပြီး အတ္တလန္တိတ် သမုဒ္ဒရာကမ်းနှစ်ဖက်မှ စီးပွားရေး လုပ်ငန်းများအတွက် အရွယ်အစားကြီးငယ်မဆို စားသုံးသူ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်မည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်နိုင်ရန် သတင်းအချက်အလက်လွှဲပြောင်းမှုတွင် မှီခိုနေကြရသဖြင့် စီးပွားရေးလုပ်ငန်းများအကျိုးငှာ Article 31 Committee မှ အလျင်အမြန်သဘောတူခွင့်ပြုပေးရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

အလားတူပင် အမေရိကန်ကုန်သည်များအသင်းသည် ယခုနှစ်အတွင်း Trans Pacific Partnership သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းပါရန် တိုက်တွန်းကြောင်း၊ နှိုးဆော် စာတစ်စောင်ကို အမေရိကန် သမ္မတအိုဘားမား၊ အမေရိကန်လွှတ်တော် လူများစုခေါင်းဆောင်၊ လူနည်းစုခေါင်းဆောင်နှင့် အိမ်တော်ပြောရေးဆိုခွင့်ရှိ သူတို့ထံ လိပ်မူပေးပို့ခဲ့ပြီး၊ ယခုနှစ်အတွင်း Trans Pacific Partnership သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိပါက အမေရိကန်နိုင်ငံတိုးတက်မှု၊ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့်အမေရိကန်ဦးဆောင်မှုတို့ ထိခိုက်နိုင်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံအများစုသည် ကုန်သွယ်ရေးသဘော တူညီချက်များ အပြီးသတ်ရရှိရန် ကြိုးပမ်းလျက်ရှိပြီး၊ အမေရိကန်နိုင်ငံအနေဖြင့် အခွင့်အလမ်းများနှင့် ဈေးကွက်ဆုံးရှုံး လျက်ရှိကြောင်း၊ သို့ပါ၍ အမေရိကန်စံချိန်စံညွှန်းများ ထင်ဟပ်သည့် Trans Pacific Partnership သဘောတူစာချုပ် အမြန်ကျင့်သုံးနိုင်ရေး ဆောင်ရွက်ရန်လို ကြောင်း စသည်ဖြင့် ဖော်ပြထားပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၈–၇–၂၀၁၆)

ဇော်ဝင်း

## ပခုက္ကူ ဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီး တက်ရိပ်ပြ

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်ကျဆင်းနေပြီး ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးကတော့ ဈေးနှုန်းအနည်းငယ် တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၃၅၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၁၅ ကျပ် (တစ်တန်ကို ၈၀၅၂၉၂ကျပ်) အထိ ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၈၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင် တစ်ပတ်က တစ်ပိဿာ ၂၃၉၀ ကျပ်ကနေ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၄၀၀ ကျပ်(တစ်တန်ကို ၁၄၆၃-၇၃၆ ကျပ်) အထိ ဈေးနှုန်းအနည်းငယ်တက်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးက ယခင်တစ်ပတ်ကထက် ဈေးနှုန်းမြင့်ပြီး တစ်ပိဿာ ၂၁၃၀ ကျပ် (တစ်တန်ကို ၁၃၀၄၃၉၀ ကျပ်) အထိ ဈေးမြင့်ခဲ့ကြောင်းနဲ့ တစ်ပတ်အတွင်း အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးငြိမ် နှမ်းမျိုးစုံဈေးတက်ရိပ်ပြနေ

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီက ယခင်တစ်ပတ်အ တိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေခဲ့ပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၀၀ ကျပ်(တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်နေ့ကို အိတ် ၂၀၀ မှ ၂၅၀ အကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကတော့ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် မြင့်ခဲ့ပြီး နှမ်းနီတစ်ပိဿာ ၁၈၉၀ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၁၁၀ ကျပ်၊ သိပ္ပံနှမ်း တစ်ပိဿာ ၃၁၁၀ ကျပ်ထိဈေးမြင့်ခဲ့ပြီး နှမ်းမျိုးစုံ တစ်နေ့ကို အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျ အရောင်းအဝယ်ပုံမှန်ဖြစ်

ရေစကြိုဈေးကွက်မှာ CP ပြောင်းအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၄၃၀ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၄၂၀ ကျပ်( တစ်တန်ကို ၂၅၇၂၀၃ကျပ် ) နဲ့ မန္တလေးဝယ်လက်က ဈေးဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၈၀၀ မှ ၁၀၀၀ ကြား ပုံမှန် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ ဈေးတက်ရိပ်ပြပြီး ပဲစင်းငုံ ဈေးငြိမ်

ဒီတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ် တက်ခဲ့ပြီး ပဲစင်းငုံနီကတော့ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ နေ့စဉ်အဝင်ရှိနေပြီး ပဲလက်ကျန်လည်းရှိနေတာမို့ အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ အိန္ဒိယအတွက် ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၈၆၀ ကျပ် (တစ်တန်ကို ၁၇၅၁၄၃၅ ကျပ် ) နဲ့ အဝယ်ဖွင့်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၂၀၀ မှ ၄၀၀ အထိ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဈေးနှုန်းမြင့်လာပေမယ့် တချို့ တောင်သူနဲ့ လှောင်လက်သမားတွေက တက်ဈေးမျှော်ပြီး ထုတ်ရောင်းမှု မရှိသေးကြောင်းလည်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တစ်ပိဿာ ၂၄၁၀ ကျပ် ( တစ်တန်ကို ၁၄၇၅၈၅၉ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ ပဲအဝင်မရှိဘဲ လက်ကျန်ပဲအချို့သာ ရှိတဲ့အတွက်ကြောင့် ရန်ကုန်ဝယ်လက်အဝယ်ရှိပေမယ့် နှစ်ရက် သုံးရက်မှသာ အိတ် ၃၀၀- ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြပြီး ပဲတီစိမ်းဈေး အနည်းငယ်ကျ

ယခုတစ်ပတ် ဟင်္သာတ ဈေးကွက်မှာ မတ်ပဲဈေး အနည်းငယ်တက်ခဲ့ပြီး ပဲတီစိမ်းဈေး အနည်းငယ်ကျ၊ ပြောင်းဈေးကတော့ ယခင်တစ်ပတ်အတိုင်း အတက်အကျမရှိ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ် မတ်ပဲဈေးနှုန်းက တစ်ပိဿာ ၂၈၅၀ ကျပ်ရှိခဲ့ရာ ဒီတစ်ပတ်မှာတစ်ပိဿာ ၂၈၆၅ ကျပ် (တစ်တန်ကို ၁၇၅၄၄၉၇ ကျပ် ) နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို တန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းဈေး တစ်ပိဿာ ၁၃၇၅ ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်)အထိ ဈေးနိမ့်ခဲ့ပြီး တစ်နေ့ကို တန် ၂၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းဈေးကတော့ ယခင် တစ်ပတ်အတိုင်း အပြောင်းအလဲမရှိခဲ့ဘဲ ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၄၄၀ (တစ်တန်ကို ၂၆၉၄၅၁ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို တန် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပြီး ရန်ကုန်ဝယ်လက်က ပဲတီစိမ်း၊ မတ်ပဲ၊ အစေ့ထုတ်ပြောင်းတို့ကို ဝယ်ယူကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်လက်တက်ရိပ်ပြ

ဒီတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်လက်တက်ရိပ်ပြနေပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၇၅ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၉၀ကျပ် (တစ်တန်ကို ၁၄၆၃၆၁၂ ကျပ်)နဲ့ ဈေးနဲ့အဝယ်ဖွင့်ပြီး တစ်ပတ် အတွင်း အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနက် စမုံနဲ့ နှမ်းဖြူဈေးအနည်းငယ် တက်ခဲ့ပြီး နှမ်းနီဈေးအနည်းငယ်ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူဈေး တစ်ပိဿာ ၂၀၉၀ ကျပ်၊ နှမ်းနီ တစ်ပိဿာ ၁၉၁၀ ကျပ်၊ နှမ်းနက်စမုံ တစ်ပိဿာ ၃၄၂၀ ကျပ်နဲ့ ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၇၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး ဈေးမြင့်တက်

ဒီတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီဈေး ပြောင်းလဲမှုမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်ရှိနေပြီး၊ ကုလားပဲဖြူလုံးကြီးကတော့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၃၉၄ ကျပ်(တစ်တန်ကို ၈၅၃၆၇၁ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေးကလည်း ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ကျပ် ၂၃၉၀ (တစ်တန်ကို ၁၄၆၃၆၁၂ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဒေသတွင်း ဝယ်လိုအားပုံမှန်ရှိနေတဲ့ ကုလားပဲဖြူလုံး ကြီးက ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၄၂ ကျပ်ရှိနေရာက ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၁၈၄ ကျပ် (တစ်တန်ကို ၁၃၃၇၄၅၉ ကျပ်) အထိ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ် ကျသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ် ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၄၁၀ ရှိခဲ့ရာ ယခုတစ်ပတ်မှာ ပြောင်းဈေးတစ်ပိဿာ ကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် ၇၆၅၀၀ ခန့်အရောင်းအဝယ်ဖြစ်တာကြောင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ကုလားပဲဖြူလုံးကြီး ဈေးတက်ရိပ်ပြသော်လည်း ပဲတီစိမ်းဈေးကျရိပ်ပြ

ဒီတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲဖြူလုံးကြီး ဈေးတက်ရိပ်ပြခဲ့ပေမယ့် ပဲတီစိမ်းအညာဈေးက ကျရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၈၃ ကျပ် ရှိခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၆၇ ကျပ်(တစ်တန်ကို ၁၇၅၅၇၂၂ ကျပ် )အထိ ဈေးမြင့်ပြီး ရန်ကုန်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၇၃ ကျပ် ရှိခဲ့တဲ့ ပဲတီစိမ်းကြီးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၁၁ ကျပ်( တစ်တန်ကို ၉၂၅၃၂၀ ကျပ် ) အထိ ဈေးဆက်လက်ကျဆင်း နေ ကြောင်းသိရပါတယ်။ တရုတ်ဝယ်လက်က တစ်နေ့ကို သုံးတင်းအိတ် ၁၅၀၀ ခန့် ဝယ်ယူကြောင်းလည်း သိရပါတယ်။ ပဲတီစိမ်းမှာ တရုတ်ရဲ့ ဝယ်လိုအား အတက်/အကျ ပေါ်မူတည်ပြီး ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်မှု ပမာဏ အနည်း အများ ၊ အတက်အကျ ရှိနိုင်ကြောင်း သိရပါတယ်။ ယခင်တစ် ပတ်က တစ်ပိဿာ ၂၀၇၉ ကျပ်ရှိခဲ့တဲ့ ကုလားပဲဖြူလုံးကြီးက ယခု တစ-ပတ်မှာ တစ်ပိဿာ ၂၁၈၃ ကျပ် (တစ်တန်ကို ၁၃၃၆၈၄၇ ကျပ်) အထိ ဈေးမြင့်ခဲ့ပြီး တစ်နေ့ကို သုံးတင်း အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အတက်အကျ မရှိဘဲ ယခင်တစ်ပတ်အတိုင်း ၅၀ ကီလို တစ်အိတ် ကို ၈၃ ယွမ်မှ ၈၇ ယွမ် ( တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ယွမ် ) ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းအဝင်အနေနဲ့ ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပြီး ၇၆၅၈ တန်သာ အဝင်ရှိခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံ ဈေးအနည်းငယ်ကျ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံ ဈေး အနည်းငယ် ကျရိပ်ပြကြောင်း သိရပါတယ်။ ယခင်တစ်ပတ် က FAQ တစ်တန်ကို ကျပ် ၁၈၂၇၀၀၀၊ SQ တစ်တန်ကို ၁၈၅၀၀၀၀ ကျပ်ထိရှိခဲ့တဲ့ မတ်ပဲဈေးနှုန်းက ယခုတစ်ပတ်မှာ FAQ တစ်တန်ကို ၁၈၁၉၀၀၀ ကျပ်၊ SQ တစ်တန်ကို ၁၈၄၄၀၀၀ ကျပ်အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်တန်ကို ၁၄၉၅၀၀၀ ကျပ်အထိ ရှိခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်တန်ကို ၁၄၉၁၀၀၀ ကျပ်အထိ ဈေးကျဆင်းခဲ့ကြောင်းလည်း သိရပါတယ်။

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပုံမှန် ဖြစ်

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ရန်ကုန်ဝယ်လက်နဲ့ တိရစ္ဆာန် အစာစပ်စက်ရုံများမှ ပြောင်းတစ်ပိဿာကို ၄၁၅ ကျပ် ( တစ်တန်ကို ၂၅၄၁၄၁ ကျပ် ) နဲ့ ဈေးဖွင့်ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်း တန်ချိန် ၆၅၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

# Myanmar Broadband Forum 2016 ကို အောင်မြင်စွာကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဦးစီးဌာနမှ ကြီးမှူး၍ Huawei ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် Myanmar Broadband Forum ကို ပထမဦးဆုံးအကြိမ်အဖြစ်နေပြည်တော်ရှိ Hilton ဟိုတယ်တွင် ဇူလိုင်လ ၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်ကို Better Connected Myanmar ခေါင်းစဉ်ဖြင့် ဆက်သွယ်ရေးပိုမိုကောင်းမွန်သော မြန်မာနိုင်ငံ တည်ဆောက်ရန်အတွက် ပြည်တွင်းနှင့်နိုင်ငံတကာမှ ထိပ်တန်းလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်သူများက ဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းဖိုရမ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက "မြန်မာနိုင်ငံရဲ့ စက်မှုလုပ်ငန်းပြောင်းလဲစေရန်နဲ့ စီးပွားရေးလုပ်ငန်း တိုးတက်လာစေရန်အတွက် အဓိကလုပ်ဆောင်ရမှာက ဒီဂျစ်တယ်စနစ်ကို ပြောင်းလဲဖို့အတွက် လွယ်ကူချောမွေ့အောင် Broadband အခြေခံ အဆောက်အအုံကျယ်ပြန့်မှုနဲ့ အိုင်စီတီ နည်းပညာတိုးတက်ရေးတွေက လုပ်ဆောင်ပေးပါတယ်။ ဖန်တီးပေးတဲ့နေရာမှာလည်း အစိုးရဌာနအချင်းချင်းဖြစ်စေ၊ အစိုးရနှင့်ပြည်သူ အကြားဖြစ်စေ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ ဒီကြိုးမဲ့ အင်တာနက်စနစ်က မိမိတို့နေထိုင်မှုပုံစံ၊ စီးပွားရေးလုပ်ငန်းအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိတယ်။ ဘယ်လိုဝန်ဆောင်မှုတွေ ရရှိမယ်အစရှိသည်ဖြင့် အသိပညာပေးထားဖို့တော့ လိုမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါဖိုရမ်တွင် ထိုင်းနိုင်ငံမှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန၊ နိုင်ငံတကာ ဆက်သွယ်ရေးသမဂ္ဂ [International Telecommunication Union (ITU)]၊ တရုတ်နိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သင်တန်းကျောင်း၊ စက်မှုလက်မှုနှင့် စီမံကိန်းသုတေသနအဖွဲ့အစည်း၊ အင်ဒိုနီးရှားမှ FTTH အဖွဲ့အစည်း (IFA)၊ နိုင်ငံတကာဆက်သွယ်ရေးသုတေသနကုမ္ပဏီ Ovum၊ အရှေ့တောင်အာရှတွင် အကြီးဆုံးတယ်လီဗေးရှင်း TV ဝန်ဆောင်မှုကုမ္ပဏီ iFlix၊ ဟောင်ကောင်ရှိ အကြီးဆုံးဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီ PCCWနှင့် ကမ္ဘာအနှံ့တွင်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ပေးနေသော ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Huawei တို့က ဆွေးနွေးပြောကြားခဲ့ကြသည်။




ဆွေးနွေးပွဲတွင် နိုင်ငံတော်၏ Broadband စီမံကိန်းနှင့် အခြေအနေလေ့လာစိစစ်ချက်၊ အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံတွင် Broadband ဈေးကွက်ကို သုံးသပ်ချက်၊ ဒေသတွင်းBroadband လုပ်ငန်း ပူးပေါင်းလုပ်ဆောင်နိုင်သော အခွင့်အရေးများ၊ အွန်လိုင်းဖျော်ဖြေမှုများ တိုးတက်လာစေရန် ကြိုးပမ်းခြင်းစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံတွင် Broadband ထိုးဖောက်ဝင်ရောက်ခြင်းသည် သုည ဒသမ ၂၇ ရာခိုင်နှုန်းသာရှိသည့်အတွက် များစွာသော နေရာဒေသတွေမှာ တိုး တက်ရန်အတွက် အခွင့်အရေးတွေနှောင့်နှေးမှုများဖြစ်စေပြီး စွမ်းဆောင်နိုင်သော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှုရှိနိုင်သော ဒီဂျစ်တယ်အစိုးရကို တည်ဆောက်ရန်၊ ကာဗွန်ဒိုင်အောက်ဆိုက်နည်းပါးစေသော ပတ်ဝန်းကျင် ကာကွယ်မှုကို သေချာအောင်ပြုလုပ်နိုင်ရန်၊ လူမှုမီဒီယာ ပြန့်ပွားရေးနှင့် နောင်လာမည့် ၁၅နှစ်တွင် အလုပ်အကိုင်အခွင့်အလမ်း ၂၅၀,၀၀၀ ကျော်နှင့် ရင်းနှီးမြှုပ်နှံမှုများဖြည့်စွက်ခြင်းဖြင့် စီးပွားရေးအားကောင်းလာစေရန် Broadband ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မြန်မာနိုင်ငံအား ဆက်သွယ်ရေးပိုမိုကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်အောင် ဆောင်ရွက်ရန် အရေးပါပါသည်။

တစ်နည်းအားဖြင့် ပိုမိုကောင်းမွန်၍ မြန်ဆန်သော Broadband ကိုဖြန့်ကြက်နိုင်ရန် လိုင်းနှင့် မိုဘိုင်း Broadband တို့အကြား ပူးပေါင်းလုပ်ဆောင်ပြီး ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

နိုင်ငံရှိလူဦးရေ၏ ၈၅ ရာခိုင်နှုန်းကို အင်တာနက်ဝန်ဆောင်မှု ပေးနိုင်ရေးအပါအဝင် ရည်မှန်းထားသည့် ပန်းတိုင်များကို နိုင်ငံတော်အစိုးရမှ ချမှတ်ခဲ့ပြီး ဖိုရမ်တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများဖြစ်သည့် အကျိုးသက်ရောက်မှုရှိသည့် မူဝါဒ၊ Spectrum လိုင်စင်၊ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့် ဆန်းသစ်သည့်မူဝါဒများကို အားပေးရန် ကဲ့သို့သော များပြားသည့် စိန်ခေါ်မှုများအတွက် ထိရောက်သော ဝန်ဆောင်မှုများကို မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**




## စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏ဆေးဝါးနှင့် ဆေးပစ္စည်းများဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲ ကျင်းပ

စတုတ္ထအကြိမ်မြောက်မြန်မာနိုင်ငံ၏ ဆေးဝါးနှင့် ဆေးပစ္စည်းများဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်တွင် ကျင်းပခဲ့သည်။

မြန်မာ့ဆေးဝါးဆိုင်ရာကုန်စည်ပြပွဲ ၂၀၁၆ ကို Minh Vi Exhibition & Advertising Services Co., Ltd. မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မြန်မာ့နိုင်ငံတကာဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းတို့က ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲသည်နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့သည့် ပြပွဲဖြစ်ပြီး ဆေးဝါးနှင့် ဆေးကုသမှုဆိုင်ရာစက်ရုံများသာမကနယ်ပယ်အသီးသီးမှ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများအတွက် ကျယ်ပြန့်သော အခွင့်အလမ်းများကို ထောက်ပံ့ပေးပြီး အဖိုးမဖြစ်နိုင်သည့် ဆေးဘက်ဆိုင်ရာ လျှောက်လှမ်းတစ်ခုအဖြစ် အထောက်အပံ့ဖြစ်စေသည့်ပြပွဲတစ်ပွဲပင်ဖြစ်သည်။

ယင်းပြပွဲသို့ ထိုင်းနိုင်ငံမှ ထိပ်တန်းဆေးဝါးနှင့် ဆေးပစ္စည်းဆိုင်ရာကုမ္ပဏီများနှင့်အတူ ကိုရီးယား၊ အမေရိကန်၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ အီတလီနှင့် တရုတ်နိုင်ငံတို့မှ ဆေးပစ္စည်းများ၊ ဆေးရုံသုံး ဆေးကိရိယာပစ္စည်းများ၊ နောက်ဆုံးပေါ်စက်ပစ္စည်းအသစ်များအား ပြခန်းပေါင်း ၄၅ ခန်းဖြင့် လာရောက်ပြသခဲ့ကြသည်။

ထို့ပြင် အဆိုပါပြပွဲတွင် ဟောပြောပွဲအစီအစဉ်များကိုလည်း ထည့်သွင်းထားရာ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းဆိုင်ရာ ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း (MPMEEA) မှ အဖွဲ့ဝင်များက မြန်မာနိုင်ငံအတွင်း၌ FDA နှင့်အတူ ကုန်ပစ္စည်းများအား စာရင်းသွင်းနည်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆေးရုံများအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာအေးအေးစန်းက ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လက်ရှိအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ဆာကူရာဆေးရုံ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဒေါက်တာထင်ပေါ်က အထွေထွေခွဲ စိတ်ကုသရေးအတွက် လုံခြုံဘေးကင်းစေမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သန်းက သွားဆေးဘက်ဆိုင်ရာနှင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍လည်းကောင်းဟောပြောဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ပြည်ပမှ ဆေးဝါးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကလည်း ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများအား ဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မယ်သီတာ**

## အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် Viber က အာဇာနည်နေ့ အခမဲ့စတေကာအသစ်များဖြင့်ဂုဏ်ပြု

မြန်မာနိုင်ငံတစ်ဝန်းတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည့် Viber က လာမည့်ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့အခမ်းအနားအတွက် အထိမ်းအမှတ်စတေကာများကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါ စတေကာများကို ဇူလိုင် ၁၉ ရက်မှစတင်၍ Viber အက်ပလီကေးရှင်း၏ စတေကာစတိုးမှ အခမဲ့ရယူ အသုံးပြုနိုင်မည်ဖြစ်သည်။ အသစ်ဖြန့်ချိလိုက်သည့် "အာဇာနည်နေ့" စတေကာများတွင် စတေကာ ၂၀ ခု ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားရေးဗိသုကာကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ်ပုံများ၊အာဇာနည်ကြီးများ၏ ဂူဗိမာန်တွင် မြန်မာနိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူထားသည့်ပုံ၊ တစ်နိုင်ငံလုံး၏ အရိုအသေပေးမှုကိုပြသမည့် ဓလေ့ထုံးစံအတိုင်း ဇူလိုင် ၁၉ ရက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် တစ်မိနစ်ကြာ ငြိမ်သက်ပေးရန် သတိပေးသည့်ပုံတို့ ပါဝင်မည်ဖြစ်သည်။

အဆိုပါ စတေကာများထဲတွင် မြန်မာလူမျိုးအများစုအသုံးပြုလေ့ရှိသည့် စကားလုံးများဖြစ်သည့် "အလေးပြု"၊ "မြန်မြန်လာ"၊ "တွေ့ချင်လိုက်တာ"၊ "လာနေပြီလား"နှင့် "ကြိုးစားထား" အစရှိသည်ဖြင့် မြန်မာပြည်မှ Viber အသုံးပြုသူများ၏ နေ့စဉ်ပြောစကားများကို ပိုမိုထောက်ပံ့ပေးနိုင်မည့် စတေ ကာများလည်း ပါဝင်မည်ဖြစ်သည်။

"Viber အနေနဲ့ မြန်မာပြည်နဲ့ မြန်မာပြည်သူတွေကို အာဇာနည်နေ့လို နေ့ထူးနေ့ရက်မှာ အထူးဂုဏ်ပြုချင်ပါတယ်။ ကျွန်မတို့ ဝန်ဆောင်မှုကို သုံးစွဲနေတဲ့ ၂၆ သန်းသော စာရင်းသွင်း အသုံးပြုသူတွေရဲ့ ကြီးမားတဲ့ အားပေးထောက်ပံ့မှုကို တကယ်ကိုကျေးဇူးတင်ပါတယ်။ ဒါ့အပြင် Viber ကို မြန်မာပြည်သူတွေဘဝ ပိုမိုတိုးတက်အောင် ထောက်ပံ့ပေးနိုင်တဲ့ လွယ်ကူပြီး အကောင်းမွန်ဆုံးဆက်သွယ်ရေး အက်ပလီကေးရှင်းတစ်ခုဖြစ်လာစေဖို့လည်း သန္နိဋ္ဌာန်ချလုပ်ဆောင်နေပါတယ်"ဟု Viber ၏ အရှေ့တောင်အာရှဆိုင်ရာ ဌာနေမန်နေဂျာ Crystal Lee ကပြောသည်။

အာဇာနည်နေ့ စတေကာများကို ဒေါင်းလုပ်ပြုလုပ်ရန် Viber အက်ပလီကေးရှင်း၏ စတေကာဈေးကွက်သို့ လွယ်ကူစွာသွားရောက်၍ အခမဲ့ခေါင်းစဉ်အောက်ရှိ "မြန်မာ့အာဇာနည်နေ့"ကို ရွေးချယ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

ပိုင်အိုးနီးယားသောက်ရေသန့်

**R.O System**

**WATER FOR LIFE**

Since 1995

# ICE PIONEER ®
## DRINKING WATER

**Manufactured by**
**INDUSTRIAL CHEMICAL ENTERPRISE**
No.38, 38th Street, Between 79th & 80th Street, Mandalay.
Product of Myanmar. ☎ 02-66204

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ ထောက်ခံချက်အမှတ်(စ၁/၉၉၀၄၆/ထလ)အရ ထုတ်လုပ်သည်။

**20 lit, 10 lit, 7 lit, 5 lit, 2 lit, 1 lit, 0.6 lit, 0.3 lit** ရေသန့်ဗူးအမျိုးမျိုး

မြို့သစ်ဖြန့်ချိရေး
09-974387563

ကန်တော်ကြီးဖြန့်ချိရေး
09-2055412

# Aung Tayza Myo Trading Co., Ltd.

အဆင့်မြင့် ပုံနှိပ်စက်ကြီးများဖြင့် သေသပ် သစ်ရပ်ကြည်လင်ပြတ်သားသောပုံရိပ်များ၊အရည်အသွေး မှန်ကန်တိကျသောအရောင်များနှင့်မိမိတို့လိုအပ်သော ဒီဇိုင်းပုံစံအတိုင်းဆောင်ရွက်ပေးနေပါသည်။



## Aung Tayza Myo Trading Co., Ltd.

မှ ရရှိနိုင်သောစက္ကူအမျိုးအစားများ

- Sabah Forest(SFI)(Writing Paper) (50,55,60,70,80)GSM
- SCG(Woodfree Paper) (55,60,70,80,100)GSM
- TPP Taiwan(Woodfree Paper) (58,60,70,80,100)GSM
- Duplex (Taiwan) (K-brand) (Kuan Yuan) (Sinar) (250,270,300,350,40,450)
- Corrugating Medium Paper (CA,MA) (125,150)
- White Top Liner (140,170)GSM
- Art Card (170,180,200,210,230,270,300)
- Art Paper (90,100,128,115,130,148,157)GSM
- Invory Board(190,210,250,270)GSM
- Duplex Board (150,170,250,270,300,350,400)
- News Print (46,48.8)GSM
- Creamy Paper (47,52,64)GSM
- Carbonless Paper (47,50)GSM
- Sticker Paper (70,80)GSM
- Colour Paper




**OFFICE**
No(157),47th Street,Botataung Township,Yangon.
Tel - (951)397 150,398 875,8610 595
HP - (959) 200 334488,260 334499,977 920972,977 920973,963 219172,963 219194
Fax- (951) 397 150
**FACTORY**
NO(45,46),U Pho Hlaing Street,Industrial Zone(2),Dagon(Seikkan)Industrial Zone,Yangon.
Tel-09 255 779913,09 255 779914,09 977 920977

# MYANMAR EXPRESS
International Moving Services Co., Ltd.

- Worldwide moving and relocation services
- Customs brokerage Sercives
- Warehousing and storage facilities
- Air,Sea and Land forwarding
- Fair and Exhibition Serives
- Transport Insurance
- Packing and Crating Services
- Rail and truck domestic transportation
- International freight forwarding
- Door to door,Door to port
- Port to Door Services

## ASSOCIATE MEMBER OF

IAM · FIFFA · AMSA American Moving & Storage Association

No.21,54th St,Pazundaung Tsp,Yangon,Myanmar.
Tel : 951-299463,291378,399907,399910.
Hp: 959-5117872, 959-5158550, 959-5505581. Fax: 951-291804
E-mail : info.meims@gmail.com/meims.uhlashwe@gmail.com
Website:http://www.myanmarexpressintimoving.com

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်မျိုးစုံ ၁၅၀၀၀ နီးပါး ဝင်ရောက်

ဇူလိုင်လပထမပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၆ဒသမ၉၉၉သန်းတန်ဖိုးရှိတဲ့ ဆိုင်ကယ်မျိုးစုံ ၁၄၈၉၅စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် အစီး ၈၀၀ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ တင်သွင်းမှုအခြေအနေကို ကြည့်ပါက မူဆယ်၁၀၅မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ဒသမ ၁၆၉သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၉၂၃စီး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၀၇သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၂၀စီး၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၆သန်း တန်ဖိုးရှိ ဆိုင်ကယ် အစီး၆၀နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ဒသမ ၇၈၄သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၇၉၂စီးတို့ အသီးသီး တင်သွင်းခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ယခုတစ် ပတ်အတွင်း က တစ်ဖက်အိန္ဒိယနိုင်ငံ ရဲ့ မိုရေး-အင်ဖာကားလမ်းပိတ်ထားတဲ့အတွက် ဆိုင်ကယ်တင်သွင်းမှု မရှိတာ တွေ့ရပါတယ်။

မြန်မာအိန္ဒိယနယ်စပ်မှ သုံးလအတွင်း အိန္ဒိယဆိုင်ကယ်အစီးရေ ၁၀၀၀ကျော် တင်သွင်းခဲ့ပြီး ပြီးခဲ့တဲ့နှစ်ထက် တင်သွင်းမှု လျော့နည်းသွားကြောင်း တမူးကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

# မြန်မာ-အိန္ဒိယနယ်စပ်မှ ကွမ်းသီး တန်ချိန်၁၀၀၀နီးပါး ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်တဲ့ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်း တို့မှ တစ်ဖက်အိန္ဒိယနိုင်ငံသို့ ဇူလိုင်ပထမပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ဒသမ ၈၂၇သန်းတန်ဖိုးရှိကွမ်းသီး ၁၈၁၉ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါ ကုန်သွယ်ရေးစခန်းနှစ်ခုမှ ၈၄၇တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၉၂ တန် ပိုမို တင်ပို့ခဲ့ပါတယ်။

ကွမ်းသီးကို တမူးကုန်သွယ်ရေးစခန်းမှ ၁၃၉၅တန်နဲ့ ရိဒ် ကုန်သွယ်ရေးစခန်းမှ ၄၄၄တန် အသီးသီးတင်ပို့ခဲ့ပြီး ပြီးခဲ့တဲ့ ဇွန်လ တစ်လလုံးမှာလည်း တမူးကုန်သွယ်ရေးစခန်းမှ ၃၅၅၉တန်နဲ့ ရိဒ် ကုန်သွယ်ရေးစခန်းမှ ၁၈၄၅တန် တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ယခင်သီတင်းပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီး အပြင် စီးကရက်၊ ငရုတ်ကောင်း၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်၊ စီးကရက်တို့ကိုလည်း တင်ပို့ခဲ့တယ်လို့ သတင်းရ ရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန် တန်၁၀၀၀ကျော် ပိုမိုတင်ပို့

ဇူလိုင်လ ၂ရက်မှ ၈ရက်အထိ ရက်သတ္တပတ်အတွင်း ထိုင်းနယ်စပ်များမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၄၀၈သန်းတန်ဖိုးရှိရေထွက်ကုန်ပစ္စည်း ၂၄၈၄တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန်၁၀၀၀ကျော် ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ထိုင်းနယ်စပ်မှ ကုန်သွယ်ရေးစခန်းအလိုက် ရေထွက်ကုန်တင်ပို့မှုကို ကြည့်ပါက ကော့သောင်းကုန်သွယ်ရေးစခန်းမှ ၅၄၅တန် (အမေရိကန်ဒေါ်လာ သုညဒသမ ၄၂၄သန်း)၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ၁၈၉၃တန် (အမေရိကန်ဒေါ်လာ ၁ဒသမ၉၁၃သန်း)၊ မြဝတီကုန်သွယ်ရေးဇုန်မှ ၄၅တန် (အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၁ သန်း) အသီးသီး တင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့တဲ့ ရေထွက် ကုန်ပစ္စည်းများကတော့ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်နဲ့ အခြားရေထွက်ပစ္စည်းများ၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမျိုးစုံ၊ ငါး မှုန့်၊ ရေငန်ပုစွန်၊ ကင်းမွန်၊ ကဏန်း အသေး (အသေ)နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ငါးမျိုးစုံနဲ့ ကဏန်းတို့ တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

# ရိဒ်ကုန်သွယ်ရေးစခန်းမှ ဇွန်လအတွင်း ယခင်နှစ် ကာလတူထက် ကုန်သွယ်မှုပိုမို

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ ဇွန်လအတွင်း ကုန်သွယ်မှုဆောင်ရွက်နိုင်မှုက အမေရိကန်ဒေါ်လာ ၂ဒသမ ၈၄၅သန်းဖြစ်ပြီး အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုလျော့နည်းခဲ့သော်လည်း ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သုညဒသမ ၆၀၈သန်း ပိုမိုတာတွေ့ရပါတယ်။

ယခင်နှစ်ကာလတူထက် ကုန်သွယ်မှု ပိုမိုဆောင်ရွက်နိုင်ခြင်းမှာ ပို့ကုန် ပစ္စည်းများတွင် လယ်ယာထွက်ကုန် ပစ္စည်းအုပ်စုမှ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်၊ စက်မှုကုန်ချောပစ္စည်း အုပ်စုမှ ပလတ်စတစ်အိတ်များ ပိုမို တင်ပို့ခဲ့တဲ့အပြင် တင်ပို့မှုပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ပို့ကုန်အမယ်များ ပြန်လည်တင်ပို့နိုင် ရေး ကုန်သည်လုပ် ငန်းရှင်များအား စည်းရုံးဆောင်ရွက်ခဲ့သဖြင့် ယခင်နှစ်က တင်ပို့ခြင်းမရှိတဲ့ ငါးသေတ္တာ၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ စောင်၊ မစီးဖိနပ်၊ ကလေးစီးဖိနပ်၊ မဝတ်တီရှပ် နဲ့ ရေထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ရေချိုငါးမျိုးစုံကို တင်ပို့နိုင်ခဲ့ပါတယ်။ သွင်းကုန်ပစ္စည်း များဖြစ်တဲ့ ခါတ်မြေသြဇာ၊ လူသားဆံပင်၊ နိုင်လွန်ချည်၊ စားတော်ပဲ၊ တောင် လုံးကျော်တို့ ပိုမို တင်သွင်းခဲ့ သဖြင့် ယခင်နှစ် ကာလတူထက် ကုန်သွယ်မှု ပိုမိုရခြင်းဖြစ်တယ်လို့ ကုန်သွယ်ရေး စခန်းမှ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ဇွန်လအတွင်း လိုင်စင်မလိုဘဲ အများဆုံး တင်ပို့ခဲ့တဲ့ကုန်ပစ္စည်းများကတော့ ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်ကြီး၊ ငါး သေတ္တာ၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ရေချို ငါးမျိုးစုံတို့ဖြစ်ပြီး လိုင်စင်မလိုဘဲ တင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းကတော့ နိုင်လွန်ချည်ဖြစ်ကြောင်း သိရှိရပါတယ်။

**ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ သစ်ခေါက်၊ မန်ကျည်းစေ့ နှင့် ငါးနီတူခြောက်တို့ တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဖြစ်တဲ့ စစ်တွေကုန်သွယ်ရေး စခန်းမှ ဇူလိုင်လပထမပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂သန်းတန်ဖိုးရှိ သစ်ခေါက် ၅တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄သန်းတန်ဖိုးရှိ မန်ကျည်းစေ့ ၇၅ တန်တို့အပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၃သန်းတန်ဖိုးရှိ ငါးနီတူခြောက် ၂တန်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၁၄သန်းတန်ဖိုးရှိ ဇီးယိုထုပ် ၄၃တန်နဲ့ အမေရိ ကန် သုညဒသမ ၀၀၂သန်းတန်ဖိုးရှိ ပဲကြီး ၂တန်တို့ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်ကထက် မန်ကျည်းစေ့၂၆တန်နဲ့ ဇီးယိုထုပ် ၃၈တန် ပိုမို တင်ပို့နိုင်သော်လည်း ဇီးဖတ်နဲ့ ဂျင်းစိုကို ယခု တစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိဘူးလို့ စစ်တွေကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

# ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်တန်ဖိုးရှိ သွင်းကုန်များတင်သွင်း

ကချင်ပြည်နယ်၊ ကန်ပိုက်တီးနယ်စပ် ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၂ ရက်မှ ၈ ရက်အတွင်း တစ်သျှူးငှက်ပျောတန် ၁၀၀၀ နဲ့ ပြောင်း ၁၂ တန်ခွဲကို အမေရိကန်ဒေါ်လာ ၃၄၁၄၁၆ ဖိုး တင်ပို့ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၄၈၁၄၄၈ တန်ဖိုးရှိ သွင်းကုန်ပစ္စည်းများ ဝင်ရောက်လာတယ်လို့ သိရပါတယ်။

ဝင်ရောက်လာတဲ့ကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ မော်တော်ဆိုင်ကယ်၊ သံပြားကြီး၊ စက်လွန်ပူနှင့် အခြားသော စက်ပစ္စည်းကိရိယာများ၊ သံပိုက်များ၊ ဘိလပ်မြေမီးခံပြား၊ အိမ်ရိုက်သံ၊ အနွေးထည်များ၊ ပလတ်စတစ်အပြား၊ အအေးခံသံပြား စတဲ့ ကုန်ပစ္စည်းအမယ် ၁၀မျိုး တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ပို့ကုန်များတင်ပို့မှု မရှိကြောင်း သိရပါတယ်။

**ဌေးလှိုင် (ကချင်)**

# ဖျာပုံမြို့နယ်တွင် ငါးရှဉ့်အဝယ်လိုက်ပြီး အရောင်းအဝယ်သွက်နေ

ဖျာပုံမြို့နယ် ငါးရှဉ့်အရောင်းအဝယ်ဒိုင်များမှာ ယခု ဇူလိုင်လဆန်းပိုင်းအတွင်း ရန်ကုန်မြို့မှ ငါးရှဉ့်ဝယ်လက်များ အဝယ်လိုက်သဖြင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ငါးရှဉ့်ဈေးကွက်မှ သိရပါတယ်။

“အခုတလော ငါးရှဉ့်အဝယ်လိုက်တယ်ဆိုတာ ငါးရှဉ့်တွေမှာနာတဲ့ ရောဂါဖြစ်နေလို့ပါ။ အထားမခံဘူး။ သေကုန်တာများတယ်။ သေကုန်တဲ့ ငါးရှဉ့်က ဈေးကွက်ကို ပို့လို့မရဘူး။ ဒါကြောင့် ရန်ကုန်ဈေးကွက်မှာ အဝယ်နည်းလာပြီး နယ်ဖက်တွေမှာ အဝယ်လိုက်လာတဲ့ သဘောပါ။ ရန်ကုန်ဈေးကွက်က တရုတ်ပြည်ကို တိုက်ရိုက်တင်ပို့ကြပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာအဝယ်ဒိုင်ကိုပဲ ပို့ပါတယ်။ ဈေးနှုန်းအနေနဲ့ကတော့ မနှစ်ကတစ်ပိဿာကို အရွယ်အစားအလိုက် ၃၈၀၀ကျပ်ကနေ ၄၀၀၀ကျပ်အထိရှိပြီး ယခုလက်ရှိပေါက်ဈေးမှာ အရွယ်အစား မခွဲခြားဘဲ ဆိုဒ်စုံ ၄၂၀၀ကျပ်နဲ့ ဝယ်ပါတယ်”ဟု ကမ္ဘာသစ် ငါးရှဉ့်ရောင်းဝယ်ရေးမှ လုပ်ငန်းရှင်ဦးကျော်မိုးက ပြောပါတယ်။

ဖျာပုံမြို့နယ်တွင် ငါးရှဉ့်ရောင်းဝယ်ရေး အဝယ်ဒိုင်ကြီး ခုနစ်ဒိုင်ရှိပြီး လက်ခွဲဒိုင် ရှစ်ဒိုင်ရှိပါတယ်။ ငါးရှဉ့် အဝယ်ဒိုင်တစ်ဒိုင်လျှင် နေ့စဉ် ပိဿာချိန် ၂၀၀ခန့်တင်ပို့နိုင်ပြီး ဖျာပုံမြို့နယ်အနေဖြင့် နေ့စဉ်ပိဿာချိန် ၁၄၀၀ ခန့် တင်ပို့လျက်ရှိပါတယ်။ ငါးလင်ဗန်းနဲ့ ငါးသန်လုံးများပါ ဝယ်ယူတင်ပို့လျက် ရှိပါတယ်။ ငါးလင်ဗန်းနဲ့ ငါးသန်လုံးတို့မှာ ရေထရက်တွင်သာ ရရှိပြီး တစ်ပတ်လျှင် နှစ်မျိုးပေါင်း ပိဿာချိန် ၅၀ခန့်သာ တင်ပို့နိုင်ပါတယ်။ ဈေးနှုန်းအနေနဲ့ကတော့ ငါးလင်ဗန်းတစ်ပိဿာလျှင် တစ်ဆယ့်ငါးကျပ်သားအထက် ၂၉၀၀၀ကျပ်၊ တစ်ဆယ့်ငါးကျပ်သားအောက် ၁၄၀၀၀ကျပ်ဈေးဖြစ်ပြီး ငါးသန်လုံး တစ်ပိဿာလျှင် ၃၀၀၀၀ကျပ်နှင့် တစ်ဆယ့်ငါးကျပ်သားအောက် ၁၅၀၀၀ကျပ် ဈေး ဖြစ်ပါတယ်။ ငါးရှဉ့် လှိုင်လှိုင်တက်သော လများမှာ ဇွန်လမှ ဩဂုတ်လအထိဖြစ်ပြီး လာရောက် ရောင်းချကြသည့် ကျေးရွာများမှာ နယ်စုံကဖြစ်၍ ဖျာပုံမြို့နယ် မြောက်ပိုင်းရှိ ချောင်းတွင်း၊ သလိပ်ကလေး၊ သလိပ်ကြီး၊ ကျုံတာ၊ ရှမ်းကွင်း ကျေးရွာတို့ဖြစ်ပြီး၊ ဖျာပုံမြို့အနောက်ပိုင်းမှ အပြောင်၊ ကျုံကူ၊ အကြီး၀၊ အကြီး၊ ကရင်စု၊ ဖျာပုံတမံ၊ သဲအိမ်တမံ၊ ပုလဲ၊ မမိုး၊ နောင်တော်ကြီး၊ ဘန့်ဘွေးစုနှင့် ကိုးအိမ်တန်းကျေးရွာများမှ အများဆုံး လာရောက်ရောင်းချလျက်ရှိပါတယ်။ ကျေးရွာတစ်ရွာလျှင် ငါးရှဉ့်ထောင်သူ အနည်းဆုံး ခုနစ်ဦးအထက်တွင်ရှိကြောင်း သိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# တရုတ်နိုင်ငံသို့ သစ်သီးများ တင်ပို့ပြီး ထိုင်းနိုင်ငံမှ သစ်သီးများတင်သွင်း

ဇူလိုင်လ ပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၁၇၄၆၂ တန်ဖိုးရှိ သရက်သီးတန် ၆၄၀၊ နာနတ်သီး ၄၆၇ တန်ခွဲနဲ့ အုန်းသီး ၁၈ တန်ခွဲ တင်ပို့နိုင်ခဲ့ပြီး၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၄၇၀၂ တန်ဖိုးရှိ ပန်းသီး၊ လိမ္မော်သီး၊ နာနတ်သီး၊ မန်ကျည်းချိုသီးနဲ့ နဂါးမောက်သီး ၇၆ တန်ခွဲ ထိုင်းနိုင်ငံမှ တင်သွင်းလာခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# tpdk;&ppfy xr&uf(100) ukefoG,frlu@ tay:

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အစိုးရသစ်ဟာ နိုင်ငံတော်ကို ပြုပြင်ပြောင်းလဲဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ ဖော်ဆောင်ရာမှာ အစိုးရသစ်ရဲ့ ပထမ ရက် ၁၀၀ ဆိုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ အရေးအရာကိစ္စတွေ အားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

ပထမရက် ၁၀၀အတွင်းမှာအစိုးရသစ်ရဲ့ ပုံဖော်မှုလမ်းစဉ်အားလုံးအနက် မှန်တာတွေရှိသလို မှားတာတွေလည်း ရှိခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအဖြစ် ရွေးချယ်ခံနိုင်ခြင်းမရှိပေမယ့် နိုင်ငံတော်ကို ထိရောက်တဲ့ ဦးဆောင်လမ်းညွှန်မှုပေးနိုင်ဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုပြီး တာဝန်ယူလာခဲ့ပါတယ်။

အဲဒီရာထူးအခေါ်အဝေါ်နဲ့ပတ်သက်ပြီး ပြည်သူတွေကြားမှာ ဝေဖန်သံတွေ မြင့်တက်ခဲ့ပေမယ့် အစိုးရသစ်ကတော့ သူ့ရဲ့ လုပ်ဆောင်မှုတွေကို ဝေဖန်သံတွေအောက်မှာပဲ လုပ်ဆောင်ခဲ့တာကို တွေ့ရပါတယ်။

အစိုးရသစ်ဟာ သူ့ရဲ့ပထမရက် ၁၀၀ အတွင်းမှာ စီးပွားရေးနဲ့ ပတ်သက်ပြီး ပထမဦးဆုံးထုတ်ဖော်ကြေညာမှု တစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဟာ ဧပြီ ၂၃ ရက်နဲ့ ၂၄ ရက်တို့မှာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးမှာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုန်သည်ကြီးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ ပြည်ထောင်စုဝန်ကြီးက အခုလက်ရှိအစိုးရလက်ထက်မှာ ပို့ကုန်သုံးဆတိုးမြှင့်အောင်လုပ်ဆောင်မယ်လို့ ကြေညာခဲ့တာပါပဲ။

အဲဒီလိုကြေညာခဲ့တဲ့ အခါမှာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေဟာ သူတို့လက်ရှိအခြေအနေမှာရင်ဆိုင်နေရတဲ့ အခက်အခဲပေါင်းစုံကို ဘက်စုံ ထောင့်စုံကနေ တင်ပြခဲ့ကြပါတယ်။

ပို့ကုန်သုံးဆတိုးမြှင့်ဖို့ကြေညာအပြီးမှာ ပြည်ထောင်စုဝန်ကြီး စတင်ရင်ဆိုင်ခဲ့ရတာကတော့ ဆိပ်ကမ်းမှာ ကွန်တိန်နာတွေ ပြည့်သိပ်ကျပ်ညပ်နေတဲ့ ကိစ္စပါပဲ။

အဲဒီကိစ္စကြောင့် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဟာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနအပါအဝင် ဆိပ်ကမ်းပိုင်ရှင်များနဲ့ပါ တွေ့ဆုံပြီး ဆိပ်ကမ်းရှင်းလင်းရေးကိစ္စများကို ညှိနှိုင်းလုပ်ဆောင်ပေးခဲ့ပါတယ်။

ဒါပေမယ့်လည်း သင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်လျားတဲ့အတွက်ကြောင့် ကွန်တိန်နာတွေ မလိုအပ်ဘဲ စုပြုံကျလာတာဖြစ်တယ်လို့ ဆင်ခြေပေးကြပေမယ့် တကယ်တမ်း လက်တွေ့မှာတော့ ကုန်သည်လုပ်ငန်းရှင်တွေဘက်ကရော ဆိပ်ကမ်းရှင်းလင်းရေးကိုယ်စားလှယ်တွေအပိုင်းမှာသာမက ဌာနဆိုင်ရာများဘက်မှာပါ အားနည်းချက်တွေ တွေ့ခဲ့ရပါတယ်။



| မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ လုပ်ငန်းသုံး ယာဉ်ယန္တရားများ တင်သွင်းမှု အခြေအနေ |

ဆိပ်ကမ်းစီမံခန့်ခွဲမှုစနစ်မှာ အီလက်ထရွန်နစ်ဝန်ဆောင်မှုစနစ်အားနည်းခြင်းဟာလည်း ဆိပ်ကမ်းရှင်းလင်းရေးကိစ္စမှာ အခက်အခဲတွေ့စေတဲ့ အကြောင်းရင်းတစ်ခုပဲဖြစ်ပါတယ်။

ဒ့ါအပြင် မရိုးသားတဲ့ကုန်သည် တချို့ကြောင့်လည်း ကွန်တိန်နာတွေကို ဖွင့်ဖောက်စစ်ဆေးမှုတွေ လုပ်နေရတာတွေဟာလည်း ဆိပ်ကမ်းမှာ ကွန်တိန်နာတွေ စုပြုံနေစေတဲ့အကြောင်းရင်း တစ်ချက်ပဲဖြစ်ပါတယ်။

ပို့ကုန်သုံးဆ တိုးမြှင့်ဖို့အတွက် ဆိပ်ကမ်းရှင်းလင်းရေးကိစ္စဟာ မရှိမဖြစ် လိုအပ်လာတဲ့ အချက်တစ်ချက် ဖြစ်လာခဲ့တယ်ဆိုတာ ငြင်းလို့မရတဲ့အချက်ပဲ ဖြစ်ပါတယ်။



| အေးရှားဝေါလ်ဆိပ်ကမ်းနှင့် မြန်မာစက်မှုဆိပ်ကမ်းတို့တွင် ကွန်တိန်နာများ ကျပ်တည်းမှုအခြေအနေများအား ရှင်းလင်းရေးဆွေးနွေးနေပုံ |

ဒ့ါအပြင် ဆိပ်ကမ်းရှင်းလင်းရေးကိစ္စဟာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတစ်ခုတည်းဖြေရှင်းရုံနဲ့ မလုံလောက်ဘူးဆိုတာအားလုံး အသိပဲဖြစ်ပါတယ်။ အကောက်ခွန်ဦးစီး ဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဆိုတဲ့ ဌာနကြီးနှစ်ခုနဲ့ စီးပွား/ကူးသန်းတို့ပူးပေါင်းလုပ်ဆောင်နိုင်မှ ရရှိမယ့် အောင်မြင်မှုတစ်ခုပါ။

မြန်မာနိုင်ငံမှာ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုအပိုင်းမှာ ခေတ်အဆက်ဆက်အားနည်းမှုရှိခဲ့တယ်ဆိုတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အဲဒီလိုအားနည်းချက်တွေကြောင့် လုပ်ငန်းဆောင်တာတွေ လုပ်ဆောင်ရာမှာ အမြဲလိုလို နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ခဲ့ရပါတယ်။

ဒါကြောင့်လည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဟာ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြဖို့၊ ကုန်သည်များကလည်း မှန်မှန်ကန်ကန်နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားခဲ့ပါတယ်။

ဒ့ါအပြင် ကုန်သွယ်ရေးဦးစီးဌာန အနေနဲ့မူဆယ်နဲ့မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တရားဝင်တင်သွင်းဖို့ ကျန်ရှိနေတဲ့ လုပ်ငန်းသုံးယာဉ်ယန္တရားတွေကိုလည်း စိစစ်ပြီးခွင့်ပြုပေးခဲ့ပါတယ်။

လိုင်စင်သက်တမ်းတိုးရန် ကျန်ရှိနေသည့်လိုင်စင်များ၊ ယာဉ်ယန္တရား ၈၀၀၃ စီးကို သွင်းကုန်လိုင်စင် တိုးပေးခဲ့ပြီး မေ ၁၄ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ယာဉ်ယန္တရား ၃၈၈၁ စီး၊ လယ်ထွန်စက် လေးစီး၊ သုံးဘီးဆိုင်ကယ် ၅၂၁ စီးတို့ကို တရားဝင် တင်သွင်းခွင့်ပြုခဲ့ပါတယ်။

ဒ့ါအပြင် ယာဉ်ယန္တရားတင်သွင်းမှုများကိုလည်း လိုင်စင်တစ်စောင်လျှင် တစ်နှစ်အတွင်း ၁၀ စီးသာတင်သွင်း ခွင့်ပြုခြင်းအစား လိုင်စင်တစ်စောင်လျှင် ၁၀ စီးနှုန်းနဲ့ တင်သွင်းခွင့်ပြုမှာ ဖြစ်သလိုလုပ်ငန်းလိုအပ်ချက်အရ လာရောက်တင်ပြပါက အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုသွားမယ်လို့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းမှ လုပ်ငန်းရှင်တွေ လုပ်ငန်းလုပ်ကိုင်ရာမှာ အဆင်ပြေချောမွေ့ပြီး အောင်မြင်မှုရရှိနိုင်ဖို့ လုပ်ငန်းသုံးယာဉ်ယန္တရားများကို နယ်စပ်စခန်းများမှ တင်သွင်းခွင့်ကို မေလ ၂၃ ရက်မှစတင်ကာ ပြန်လည်ခွင့်ပြုပေးခဲ့ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကုန်သွယ်ရေးဦးစီးဌာနဟာ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ ယခုထက်ပိုမိုအဆင်ပြေ ချောမွေ့စေဖို့အတွက် အင်တာနက်လိုင်းရှိရုံဖြင့် လိုင်စင်လျှောက်ထားနိုင်တဲ့ Fully Online Licensing စနစ်ကို ဇွန်လဆန်းမှာ စတင်ကျင့်သုံးခဲ့ပါတယ်။

ဒ့ါအပြင် တရုတ်နိုင်ငံမှဆိုင်ကယ်များကို မူဆယ်နယ်စပ်မှ တစ်ဆင့် တရားဝင်တင်သွင်းနိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြတဲ့အတွက် အမှန်ဝယ်ယူရ သည့် ဈေးနှုန်းအတိုင်း တရုတ်ဆိုင်ကယ်တွေ တင်သွင်းခွင့်ရရှိအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနဟာ အစိုးရသစ်ရဲ့ ပထမရက် ၁၀၀ ကာလအတွင်းမှာ ဖြေလျှော့မှုတွေ လုပ်ပေးနိုင်သမျှ လုပ်ပေးခဲ့သလို ထပ်မံဖြေလျှော့ပေးနိုင်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါတယ်။



| ပြည်ထောင်စုဝန်ကြီးမှ အေးရှားဝေါလ်ဆိပ်ကမ်းနှင့် မြ

ကုန်သွယ်ရေးဦးစီးဌာနဟာ သွင်းကုန်လိုင်စင်လျှောက်ထားဖို့လိုအပ်တဲ့ ကုန်စည်စာရင်း (Negative List) ၄၄၀၅ လိုင်းအနက်မှ ပထမအသုတ် ဖြေလျှော့မှုအနေဖြင့် လိုင်းပေါင်း ၂၆၇ လိုင်းအား လိုင်စင်လျှောက်ထားရန် မလိုဘဲ အကောက်ခွန် (ID)နဲ့ တင်သွင်းနိုင်ပြီဖြစ်ပါတယ်။

ဒ့ါအပြင် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက်အရ အကောက်ခွန်မဟုတ်တဲ့ စီမံဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ပင်ရင်းဒေသ စည်းမျဉ်းများ အပါအဝင် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ သိသာမြင်သာထင်သာရှိစေရေးအတွက် ကုန်သွယ်မှု အချက်အလက်များဘဏ္ဍာတိုက် National Trade Portal Website ကို ၂၀၁၆ခုနှစ်၊ မေလ ၂၆ ရက်က တရားဝင်လွှင့်တင်နိုင်ခဲ့ပါတယ်။ အဲဒီ ဝက်ဘ်ဆိုက်ကို လွှင့်တင်နိုင်လိုက်တဲ့အတွက် မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှုပြုလိုတဲ့ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုဆိုင်ရာအချက်အလက်တွေကို အလွယ်တကူ သိရှိချိတ် ဆက်ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။

ဒ့ါအပြင် ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကိုလည်း ကျင်းပခဲ့ရာ သတ္တမအကြိမ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး

# umvstwGf ouf&mufrl

## မယ်သီတာ

ပူးတွဲကော်မရှင် အစည်းအဝေးကိုလည်း နေပြည်တော်ရှိ Grand Amara Hotel မှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်မှ ၈ ရက်အထိ ကျင်းပနိုင်ခဲ့ပါတယ်။

အဲဒီနယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မရှင်အစည်းအဝေးကို နှစ်နိုင်ငံ ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက် ဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ နှစ်နိုင်ငံကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးဆောင် ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံအနေနဲ့ ကုန်သွယ်မှုတွေကို ပြုလုပ်ရာမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှု၊ ဆုတ်ယုတ်မှုအခြေ အနေတွေကို လေ့လာဆန်းစစ်ဖို့လည်း လိုအပ်လှပါတယ်။ ဒါမှလည်း ရှေ့ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စတွေမှာ အဆင်ပြေချောမွေ့စေနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် World Bank Group တို့ပူးပေါင်း၍ မြန်မာနိုင်ငံရဲ့ ကုန်သွယ်



...န်မာစက်မှုဆိပ်ကမ်းတို့တွင် လှည့်လည်စစ်ဆေးနေပုံ

မှုဘက်စုံလေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား (Launching Ceremony for Myanmar Diagnostic Trade Integration Study) ကို Hilton Hotel ၊ နေပြည်တော်မှာ ၂၀၁၆ ခုနှစ်၊ ဇွန် ၂၀ ရက်က ကျင်းပခဲ့ပါတယ်။

အဲဒီအစီရင်ခံစာအရ ကုန်သွယ်မှုဆိုင်ရာ ကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများနှင့်အခြားဆက်စပ်လျက်ရှိတဲ့ ကဏ္ဍတွေမှာ ဆက်လက်ဆောင် ရွက်ရမယ့် ကိစ္စရပ်များ၊ ပြုပြင်ဆောင်ရွက်ရမယ့် ကိစ္စရပ်များကို တရားဝင် ထုတ်ပြန်ပြီး ပြင်ဆင်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရရှိခဲ့ပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဟာ မြန်မာ-ဥရောပသမဂ္ဂကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်မျှဝေရန် ဌာနကို ရန်ကုန် မြို့မှာရှိတဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှာ မေလ ၂၇ရက်က ဖွင့်လှစ်ပေးခဲ့ပါတယ်။

မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဟာ တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ KOTRA နဲ့ပူးပေါင်းပြီး တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး စင်တာကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။




Fully Online Licensing System အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းဆွေးနွေးမှုအခြေအနေ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဟာ မြန်မာ့ပို့ကုန်တွေ အဆင့်မြင့်လာစေရေးအတွက် ပြည်ပမှ ပညာရှင်များနဲ့တွေ့ဆုံဆွေးနွေးလျက်ရှိသလို ပြည်တွင်းမှ လုပ်ငန်းရှင်များကိုလည်း ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကုန်သွယ်ရေးဦးစီးဌာနဟာ ပို့ကုန်သုံးဆတိုးမြှင့်ရေးအတွက် လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် Re- export စနစ်နဲ့ ကုန်သွယ်မှုပြုနေတဲ့ ကုန်ပစ္စည်းအမယ်အရေအတွက်ကို ထပ်မံတိုးမြှင့် ကုန်သွယ်မှုပြုစေခဲ့ပါတယ်။

ယခင်က သကြား၊ ကွမ်းသီးနဲ့စက်သုံးဆီတို့ကိုသာ Re-export စနစ်နဲ့ ကုန်သွယ်မှုပြုဖို့ခွင့်ပြုခဲ့ပေမယ့် အခုအခါမှာတော့ နောက်ထပ် ၁၄မျိုး ထပ်မံခွင့် ပြုပေးခဲ့ပါတယ်။ အဲဒီ ၁၄မျိုးကတော့ ကားတာယာ၊ နှမ်း(နှမ်းဖြူ နှမ်းနက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစို၊ လျှပ်စစ် ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနှင့်စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ စားသုံးဆီနဲ့ ကြက်သွန်ဖြူတို့ဖြစ်ကြပါတယ်။

မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုတဲ့ ကိစ္စမှာလည်း ယခင်က ကားပါကင်ပါမစ်တင်ပြနိုင်မှသာ ယာဉ်များကို တင်သွင်းခွင့်ပြုခဲ့ပေမယ့် ကုန်စည်ပို့ ဆောင်ရေးနဲ့ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများအဆင်ပြေစေရန်အတွက် အဲဒီလိုလုပ်ငန်းမျိုးအတွက် ယာဉ်များ တင်သွင်းရာမှာ ကားပါကင်မလိုဘဲ တင်သွင်းခွင့်ပြုပေးခဲ့ပါတယ်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အနေနဲ့လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီး တချို့မှာ ကုန်သွယ်မှုမြှင့်တင်ရေးစင်တာများကို ဖွင့်လှစ်ပေးခဲ့ကာ ပို့ကုန်တိုးမြှင့်ရေးကို လုပ်ဆောင်ခဲ့ပါတယ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ မနောမြေကုန်သွယ်မှုစင်တာ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှာ ကန္တာရဝတီ ကုန်သွယ်မှုစင်တာ၊ ကရင်ပြည်နယ်၊ ဘားအံမြို့မှာ ဇွဲကပင်ကုန်သွယ်မှုစင် တာ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှာ ရာမညကုန်သွယ်မှုစင်တာ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှာ သဇင်မြေကုန်သွယ်မှုစင်တာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှာ ဇေယျာကုန်သွယ်မှုစင်တာ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့မှာ ဟံသာကုန်သွယ်မှုစင်တာ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှာ ရတနာပုံကုန်သွယ်မှုစင်တာ၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှာ ဖန်ခါးမြေကုန်သွယ်မှုစင်တာ၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့မှာ တနင်္သာရီကုန်သွယ်မှုစင်တာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှာ ရန်ကုန် ကုန်သွယ်မှုစင်တာ၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှာ ကမ္ဘောဇကုန်သွယ်မှု စင်တာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှာ ဧရာကုန်သွယ်မှုစင်တာတို့ကို ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။



မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တင်သွင်းရန်ကျန်ရှိသည့် ယာဉ်/ယန္တရားများအား လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုပြီး တင်သွင်းမှုအခြေအနေများနှင့် လုပ်ငန်းသုံးယာဉ် ယန္တရားများ တင်သွင်းမှုအခြေအနေ



တာချီလိတ်ကုန်သွယ်ရေးစခန်းမှ လုပ်ငန်းသုံးယာဉ်ယန္တရားများတင်သွင်းမှုအခြေအနေ

ဒါ့အပြင် ချင်းပြည်နယ်၊ ဟားခါးမြို့မှာလည်း တောင်ဇလပ်ကုန်သွယ်မှုစင်တာကို ဖွင့်လှစ်ဖို့ စီစဉ်ထားရှိပြီးဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် စားသုံးသူရေးရာဦးစီးဌာနအနေနဲ့လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ဈေးတွေ၊ဌာနဆိုင်ရာနယ်ပယ်အသီးသီး တွေကို သွားရောက်ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနဲ့ ပတ်သက်ပြီး သိရှိထားသင့်တဲ့ ဥပဒေပါအကြောင်းအရာတွေ၊ စားသုံးရန်မသင့်တဲ့ အစားအသောက်တွေ၊ ပြည်ပမှတင်သွင်းလာတဲ့ အန္တရာယ်ရှိစားသောက်ကုန်တွေ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားတဲ့ စားသုံးရန်၊ သုံးစွဲရန် မသင့်တဲ့ ကုန်ပစ္စည်းတွေစတဲ့အကြောင်းအရာတွေကို ပြည်သူတွေကို ရှင်းလင်းဟောပြောခဲ့ကြပါတယ်။

စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ အစိုးရသစ်ရဲ့ပထမဆုံးရက် ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ရာမှာ ထိုက်သင့်သလောက်သာ အောင်မြင်မှုရရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

စာမျက်နှာ ၂၂ သို့ ➲

## ပြောင်း

### ပြောင်းတင်ပို့မှု အနည်းငယ်လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းစုံမှ ဇူလိုင်ပထမပတ်အတွင်း အမေရိကန် ဒေါ်လာ၃ဒသမ ၅၀၅သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၃၇၂၀ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင်မှ ၉၄၁၃ တန်ခွဲ၊ လွယ်ဂျယ်မှ ၄၂၃၅တန်ခွဲ၊ ချင်းရွှေဟော်မှ တန်၆၀နဲ့ ကန်ပိုက်တီးမှ ၁၂ တန်ခွဲဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ ၁၄၁၃၇တန်ခွဲအထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပြောင်း တင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၁ ရက်က ပြောင်းတစ်တန်ကို မိမိဘက်ဈေး ၂၈၂၇၁၉ကျပ်ရှိရာမှ ဇူလိုင် ၈ ရက်မှာတော့ ၂၇၈၀၈၅ကျပ်သို့ ဈေးဆက်လက်ကျဆင်းခဲ့တာ တွေ့ရပါတယ်။ သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် ပြောင်း တစ်ပိဿာကို ၆၄-၆၅ ကျပ်ရှိပြီး ကားဝင်ရောက်မှု ၃၂၂စီးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မြင်းခြံခရိုင်တွင် အစေ့ထုတ်ပြောင်းများ စတင်စိုက်ပျိုး

မြင်းခြံခရိုင်တွင် အစေ့ထုတ်ပြောင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမို စိုက်ပျိုးလာကြောင်း တွေ့ရပါသည်။ ယခုနှစ်အတွက် မိုးအစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ရန် ဧက ၁၆၅၀ လျာထားသည့်အနက် စိုက်ပျိုးပြီးဧကမှာ ၁၄၄၇ ဧက ဖြစ်ပါသည်။ အစေ့ထုတ်ပြောင်းသည် အထွက်နှုန်း သေချာခြင်း၊ ဈေးနှုန်းတည်ငြိမ်ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးသူ များပြားလာပြီး နှစ်စဉ်ပိုမိုစိုက်ပျိုးလာကြောင်း သိရှိရပါသည်။ လက်ရှိအစေ့ထုတ်ပြောင်း တစ်ပိဿာဈေးမှာ ၄၃၇ ကျပ်နှင့် ၄၄၀ ကျပ် ဈေးရှိပြီး နေ့စဉ်ဈေးကွက်တွင် အိတ် ၄၀၀ မှ ၅၀၀ ကြား ရောင်းဝယ်မှုရှိကြောင်း ကုန်သည်များထံမှ သိရှိရပါသည်။

**မိုးကင်း(မြင်းခြံ)**

## သကြား

### မူဆယ်မှ သကြားတန်ချိန် ငါးသောင်းနီးပါးတင်ပို့

ဇူလိုင်လ ပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၆ဒသမ ၈၈၉ သန်းတန်ဖိုးရှိ သကြား ၄၈၇၇၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၅၄၀၇ တန်ကျော်သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ သကြားတင်ပို့မှု တန်ချိန်တစ်သောင်းသုံးထောင်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၃၁၄၁၂၅ တန်ဖိုးရှိတဲ့ သကြား ၄၂၀၇ တန်ခွဲ တင်သွင်းခဲ့ပါတယ်။ ထိုင်းနိုင်ငံမှ သကြားများကို ၂၂ ဘီးယာဉ်များနဲ့တင်သွင်းပြီ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားရှိပေမယ့် ထိုင်းဘက်မှ လိုသလောက် ရောင်းချမပေးနိုင်ကြောင်း ယခင်က သကြားတစ်တန်ကို ၁၀၄၀ ဘတ်ခန့်ရှိခဲ့သော်လည်း ဇွန်လကုန်တွင် ဘတ် ၉၅၀ ခန့်သာရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဝါ

### ငွေချည်-၆-ဝါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ပထမပတ်တွင် အမေရိကန်ဒေါ်လာ ၁၄၀၈၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၆၄ တန်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၃၂ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၃၂ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ထွက်ရှိလာတဲ့ဝါတွေကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ ဝါစေ့အဖြစ် ကြိတ်ခွဲရာမှရရှိတဲ့ ဝါဂွမ်းကိုဖိစက်နဲ့ဖိပြီး စနစ်တကျထုပ်ပိုးကာ မန္တလေးရှိစက်ရုံများနဲ့ ပြည်ပဝယ်လက်များသို့တင်ပို့ရောင်းချကြ တယ်လို့ဝါကြိတ်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ယခုတစ်ပတ် ရော်ဘာပိုမိုတင်ပို့

ဇူလိုင် ၂ ရက်မှ ၈ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများရှိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၄၂၇ တန်တင်ပို့ခဲ့ရာ ကုန်သွယ်ရေးဇုန်နဲ့ စခန်းအလိုက်ကြည့်ပါက မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၆၄၆ တန်နဲ့ MSR 20 ၆၃၄ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS-3 ၁၇တန်၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစိမ်း တန် ၁၃၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၂၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ ဈေးနှုန်းအခြေအနေကိုကြည့်ပါက မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ် ရော်ဘာပေါက်ဈေးမှာ RSS-3 တစ်တန်ကို ၁၃၇၂၁၃၁ ကျပ်ရှိပြီး၊ ယခင်တစ်ပတ်က ၁၃၉၅၀၀၀ ကျပ်ဖြစ်တဲ့အတွက် တစ်တန်ကို ၂၂၈၆၉ ကျပ်ဈေးကျလာကြောင်း သိရှိရပါတယ်။ ဒေသပေါက်ဈေးအနေနဲ့ မော်လမြိုင်မှာ RSS-3 တစ်ပေါင်ကို ၆၁၂ ကျပ်နဲ့ RSS-5 တစ်ပေါင်ကို ၅၁၄ ကျပ်ရှိပါတယ်။

ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၆၈၉ သန်းဖိုးရှိ ရော်ဘာ ၆၂၅ တန် တင်ပို့ခဲ့ပြီး ပို့ကုန်ဒေသအလိုက်ကြည့်ပါက မလေးရှားနိုင်ငံသို့ RSS-3 တန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 TSR ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၁၀၁ တန်နီးပါး၊ စင်ကာပူနိုင်ငံသို့ MSR 20 TSR ၁၀၆ တန်ခန့်၊ ထိုင်းနိုင်ငံသို့ RSS-3 ၁၈ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR 10 ၂၀၂ တန်နီးပါး အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၆၇ တန်ပိုမိုတင်ပို့နိုင်ပါတယ်။

ယခင်တစ်ပတ်က ရော်ဘာတစ်တန်ကို ဒေါ်လာ ၁၀၀ နီးပါးတက်လာတဲ့ နိုင်ငံတကာရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ တစ်တန်ကို ဒေါ်လာ ၅၀ ကျော်ဈေးပြန်ကျလာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးများလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးကျသွားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀ -၁၄၀၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀ -၁၇၀၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၁၀ - ၉၆၀ |

**ယဉ်ယဉ်အေး**

# ယခုဘဏ္ဍာနှစ်ရဲ့ ကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံရဲ့ ပို့ကုန်သွင်းကုန် အခြေအနေမှာ ယခုဘဏ္ဍာနှစ် ဇူလိုင် ၂ ရက် မှ ၈ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၇၆၀ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၃၀၉ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂၂ ဒသမ ၀၆၉ သန်းဖြစ်ပါတယ်။ ဖော်ပြပါကာလအတွင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၅၄၉ သန်းရှိခဲ့ရာ သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်များ၊ မတ်ပဲ၊ ဆန်ကွဲ တင်ပို့မှုလျော့ နည်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ယခုရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၈၅၈ သန်း၊ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၉၀၂ သန်းနဲ့ ပို့ကုန်တန်ဖိုး စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၂၃ ဒသမ ၇၆၀ သန်း၊ သွင်းကုန်မှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၂၂၃ သန်း၊ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၀၈၆ သန်းနဲ့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၉၈ ဒသမ၃၀၉ သန်းဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ်စပြီ ၁ ရက်မှ ဇူလိုင် ၈ ရက်အထိမှာတော့ ပို့ကုန် ကန်ဒေါ်လာ ၂၆၉၄ ဒသမ ၂၉၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄၀၂၄ ဒသမ ၀၇၆ သန်းရှိပြီး၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၇၁၈ ဒသမ ၃၇၀ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၁၃၂၉ ဒသမ ၇၈၂ သန်း ဖြစ်ပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၆၈၃ ဒသမ ၀၄၀ သန်း ကုန်သွယ်မှုလိုငွေပြခဲ့သော်လည်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃၅၃ ဒသမ ၂၅၈ သန်းပိုငွေပြနေကြောင်း သိရှိရပါတယ်။

နိုင်ငံပိုင်ကဏ္ဍမှကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၆၁၂ ဒသမ ၂၆၀ သန်းရှိပြီး၊ ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၉၄၂ ဒသမ ၀၄၂ သန်းဖြစ်ကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### မူဆယ်ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်း တန်ချိန် ၄၀၀ ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇူလိုင် ၂ ရက်မှ ၇ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၄ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း ၄၁၉ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်းတွေကတော့ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ တော ချင်း၊ မာလာဥခေါင်း၊ ကြောင်ပန်းစေ့၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ရွှေးစေ့၊ ရွှေးရွက်၊ ချဉ်ပေါင်ဖာလာ၊ စမုံနက်၊ ကွမ်းစား၊ ဂမုန်း၊ ဝဥခြောက်၊ ဖန်ခါးသီးခြောက်၊ ဆီးဆန်နဲ့ မုတ်ခါးတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ပရဆေးအမယ် ၉မျိုး စုစုပေါင်း၄၂၅တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပရဆေးတင်ပို့မှုမှာ ကုန်ကြမ်းအမယ်များသော်လည်း တင်ပို့တန်ချိန် ၅တန်ခန့် လျော့နည်းသွားခဲ့တာကို တွေ့ရပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းကတော့ ပုံမှန်တင်သွင်းနေကျ အမေရိကန်ဒေါ်လာ ၇၇၆၆၃ တန်ဖိုးရှိ တောင်လုံးကျော် လေးတန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က သုံးတန်ခွဲသာ တင်သွင်းခဲ့သဖြင့် ယခုတစ်ပတ် အိန္ဒိယမှတောင်လုံးကျော် အနည်းငယ်ပိုမိုတင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**



WIN-WIN
လူကြီးမင်းတို့၏ပို့ကုန်သွင်းကုန်လုပ်ငန်းများအတွက်
စိတ်ချရသောဝန်ဆောင်မှု
WIN-WIN ASIA BRIGHT FUTURE CO., LTD.
WIN-WIN LOGISTICS & CUSTOMS BROKERAGE SERVICES
Our Services
Sea Freight
Air Freight
Border Trade
Office:
NO.(107), 1st Floor (Left), 39th Street, Kyauktada T/S, Yangon, Myanmar.
Tel/Fax: +951 249386; Mobile: +959 448013162, +959 43055115, +959 450052351
E-mail : winwinlogistics.09@gmail.com; johnmoez75@gmail.com




MT မျိုးသိန်း အီလက်ထရောနစ်
PHILIPS
SHARP
Block(6).Unit(1,2)




AN ASIA NAING ENTERPRISE LTD.
Authorized Dealer
SATELLITE
Lion Head Brand (Food Color)
Mixed Sweetenery (100)
Potassium Sorbate
Baking Powder
YEAST Bakerdream
GCF Flavor
Calcium Propionate
Sodium Dehydroacetate
CMC-Na
Dextrose Monohydrate
Dextrose Anhydrate
Crystalline Fructose
CORN STARCH
The Biggest Supplier / Sole Agent
Food Additives (ISO 22000, ISO 9001, HACCP, HALAL, FDA Approved)
Chemicals for Textile Industry
- Vat Dyes , Reactive Dyes
- Direct Dyes , Disperse Dyes
- Naphtol , Solvent Dyes
- Pigment Dyes , Sulphur Dyes
- Acid Dyes , Agents for Dyeing & Printing
- Fast Color Bases , Fast Color Salts
Chemicals for Printing
Chemicals for Rubber Industry
Dyestuff and agent for Leather
Textile Machinery and Spare Parts
Malic Acid
Citric Acid
Sodium Citrate
Citric Acid
Trisodium Citrate
Ammonium Bicarbonate
STPP
SODIUM BICARBONATE
Sulphur Black
Sodium Benzoate
Chemical Engineer
Portable Sealing Machines
Sealing Threads
Tiger Head
Yangon
Mandalay




SB ရွှေဘုန်း ကုမ္ပဏီလီမိတက်
SHWE PHON COMPANY LIMITED.
ရွှေဘုန်း
SFC (SF 2815D3)
WAW
SFC(SSF-3060)
Massey ferguson
Massey ferguson(Dozer)
TS604 Dozer (60 ကောင်)
TS 504/554 (50 ကောင်)
TS 354 (35 ကောင်)
SP 344 (35 ကောင်)
SP 304 (32 ကောင်)
SP 304V (30 ကောင်)

## စာမျက်နှာ ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သတင်းမှအဆက်

လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မှာဖြစ်ကြောင်း၊ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအားလုံး ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ ဥပဒေများ၊ အမိန့်ကြော်ငြာစာများကို အမြဲမပြတ်ဖတ်ရှုမှတ်သားပြီး မိမိတို့၏ အရည်အချင်းကို အမြဲတမ်းမြင့်မားတိုးတက်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းတိုင်း ကုန်သွယ်မှု ဗဟုသုတများ တိုးတက်စေရေးအလေးပေးကာ ဌာနတွင်းသင်တန်းများ၊ ဆွေးနွေးပွဲများအား နိုင်ငံတကာမှပညာရှင်များ၏ အကူအညီများကို ရယူ၍လည်းကောင်း၊ ပြည်ပသို့ ပညာသင်များစေလွှတ်၍ လည်းကောင်း၊ ဝန်ကြီးဌာနတွင်းရှိ ဝန်ထမ်းတိုင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပိုမိုပွင့်လင်းမြင်သာစွာဖြင့် အမျိုးသားရေးအမြင်နှင့် တိုင်းပြည်အကျိုးရှိအောင် စိတ်နေသဘောထား (Mind set) များပါ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန်၊ နည်းပညာကို ထိထိရောက်ရောက် အသုံးချပြီး လုပ်ငန်းများကို ကျွမ်းကျင်စွာဖြင့် ပိုမိုမြန်ဆန်သွက်လက်အောင် ဆောင်ရွက်ရန်၊ တစ်ယောက်နှင့်တစ်ယောက် အတွေ့အကြုံများဖလှယ်၍ အသိပညာဗဟုသုတ တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသားတွေအနေနဲ့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အရည်အသွေး၊ အရည်အချင်းမြင့်မားတဲ့ ဝန်ထမ်းများဖြစ်အောင် သင်တန်းမှ လေ့ကျင့်သင်ကြားပေးလိုက်တဲ့ သင်ခန်းစာများ၊ ဘာသာရပ်များကို အခြေခံပြီး တစ်ဦးချင်းလေ့လာမှတ်သားမှုများနဲ့ အရည်အသွေး၊ အရည်အချင်းမြင့်မားတဲ့ ဝန်ထမ်းများဖြစ်အောင် မိမိကိုယ်မိမိ လေ့ကျင့်ပြီး ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြဖို့ မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

အရာထမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး (ဒုတိယညွှန်ကြားရေးမှူးများ) ဆွေးနွေးပွဲမှာ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးဖြင့် ရက်သတ္တပတ်နှစ်ပတ်ကြာလည်းကောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အမှတ်စဉ် (၂/၂၀၁၆)ကို သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးဖြင့် ရက်သတ္တပတ်ငါးပတ်ကြာလည်းကောင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## စာမျက်နှာ ၁၉ အစိုးရသစ် ပထမ ရက်(၁၀၀)ကာလအတွင်း မှအဆက်

ဒါပေမယ့်လည်း စီးပွားရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရက် ၁၀၀ ဆိုတာ တကယ့်ကိုတိုတောင်းလွန်းလှပါတယ်။

အစိုးရသစ်အနေနဲ့ သက်တမ်းငါးနှစ်အတွင်း ပို့ကုန်သုံးဆ မြှင့်တင်ရေးဆိုတဲ့ရည်မှန်းချက်ကို ချမှတ်ထားခဲ့တာကြောင့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းတွေကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

ပို့ကုန်သုံးဆတိုးမြှင့်နိုင်ဖို့အတွက် တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးကိုလည်း ထိထိရောက်ရောက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိခဲ့ပါက တရားမဝင်ကုန်သွယ်မှုတွေ ပပျောက်လာနိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ လုပ်ဆောင်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နှစ်ပေါင်း ၆၀ နီးပါး ငြိမ်းချမ်းရေး မရရှိခဲ့တဲ့ ဒေသတွေမှာ ငြိမ်းချမ်းရေးရရှိခဲ့မယ်ဆိုပါက တရားမဝင်ကုန်သွယ်မှုတွေ လျော့နည်းပပျောက်ရေးအတွက် အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

မြန်မာ့ကုန်သွယ်ရေးကဏ္ဍမှာ ပို့ကုန်သုံးဆ တိုးမြှင့်ဖို့အတွက် စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းတွေနဲ့ဆက်စပ်ဆောင်ရွက်နေတဲ့ နယ်ပယ်ကဏ္ဍအားလုံးအပါအဝင် Stakeholder များပါ ပါဝင်ချိတ်ဆက်ဆောင်ရွက်ကြဖို့ လိုအပ်လှပါတယ်။

အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေ အနေနဲ့လည်း ပို့ကုန်ကို အခြေပြုတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးလုပ်ဆောင်ကြဖို့ လိုအပ်လှပါတယ်။

မိမိထုတ်လုပ်လိုက်တဲ့ ပို့ကုန်ပစ္စည်းတွေဟာ နိုင်ငံတကာဈေးကွက်အဆင့်မီတဲ့ ပို့ကုန်ပစ္စည်းတွေဖြစ်မှသာ ပြည်ပဈေးကွက်ကို ဝင်ရောက်ထိုးဖောက်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိမိထုတ်လုပ်လိုက်တဲ့ကုန်ပစ္စည်းတွေဟာ ကုန်ကြမ်းရရှိသည်မှ နောက်ဆုံးစားသုံးသူဆီကို တိုက်ရိုက်ရောက်ရှိမယ့် Global Supply Chain တစ်ခုလုံးကို ရောက်ရှိနိုင်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။

အဲဒီလို ရောက်ရှိနိုင်ဖို့အတွက် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ သယ်ယူပို့ဆောင်သူ၊ တင်ပို့သူ၊ ရောင်းချသူ စတဲ့ Supply Chain တစ်ခုလုံးမှာရှိနေတဲ့ သူတွေအားလုံး ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်သွားဖို့ လိုအပ်လှပါတယ်။

အဲဒီလို ဟန်ချက်ညီညီချိတ်ဆက် ဆောင်ရွက်နိုင်ပြီဆိုရင်တော့ ပို့ကုန်သုံးဆတိုးမြှင့်ရေးဟာ မဝေးကွာတဲ့အချိန်မှာ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။

## စာမျက်နှာ ၃ ဥရောပသမဂ္ဂ၏ ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာ သတင်းမှအဆက်

အစည်းအဝေးကို ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ နေပြည်တော် Hilton Hotel တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ဥရောပသမဂ္ဂမှ EU CBRN Project 47 အဖွဲ့ခေါင်းဆောင် Mr. Richard Finck နှင့် Mr Junichi Takano တို့မှ လည်းကောင်း၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်နှင့် အခြား ဆက်စပ်ဝန်ကြီးဌာနများမှ အရာထမ်းများ စုစုပေါင်း ၄၅ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

လက်နက် မပြန့်ပွားရေးဆိုင်ရာ နိုင်ငံတကာ စာချုပ်များဖြစ်သည့် Treaty on the Non-Proliferation of Nuclear Weapons (NPT), Chemical Weapons Convention(CWC), Biological Weapons Convention (BWC),The Hague Code of Conduct Against Ballistic Missile Proliferation(HCoC) တို့ကို အခြေခံ၍ နိုင်ငံစုံ ပို့ကုန်ထိန်းချုပ်ရေးစနစ်များကိုလည်း Nuclear Supplier Group(NSG), Missile Technology Control Regime(MTCR), Wassenaar Arrangement(WA), Australia Group(AG) စသည့် အုပ်စုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ NSG သည် နျူကလီးယားပို့ကုန်နှင့် နျူကလီးယား ဆက်စပ်ပို့ကုန်များအတွက် လမ်းညွှန်ချက် နှစ်မျိုး ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေးကို ဆောင်ရွက်လျက်ရှိသည့် နျူကလီးယား ရောင်းချသည့် နိုင်ငံများအုပ်စုဖြစ်ကြောင်း၊ MTCR သည် အစုလိုက် အပြုံလိုက် သေကြေပျက်စီးစေနိုင်သည့် လက်နက်များပေးပို့ခြင်းကို လူဖြင့်ထိန်းရန် မလိုသော ပေးပို့မှုစနစ်များ ပြန့်ပွားမှု မရှိစေရေး ရည်မှန်းချက်နှင့်အတူ ပြန့်ပွားမှုကို နိုင်ငံတော် ပို့ကုန်လိုင်စင်စနစ်ဖြင့် တားဆီးရန် ညှိနှိုင်းကြိုးပမ်းလျက်ရှိသည့် နိုင်ငံများဆန္ဒအလျောက်ဖွဲ့စည်းသည့် အသင်းတစ်ခုဖြစ်ကြောင်း၊ WA ကို ဒေသတွင်းနှင့် နိုင်ငံတော်လုံခြုံရေးကို အထောက်အကူပြုစေရန် သမားရိုးကျ လက်နက်များ၊ နှစ်မျိုးသုံးကုန်စည်များနှင့် နည်းပညာများလွှဲပြောင်းခြင်းတွင် ပိုမိုတာဝန်ရှိခြင်းနှင့် သိသာမြင်သာမှုကို မြှင့်တင်ခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ AG ဆိုသည်မှာ ဓာတုနှင့် ဇီဝလက်နက်များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူမဖြစ်စေသည့် ပို့ကုန်များဖြစ်စေရန် ကြိုးစားခြင်း၊ ပို့ကုန်ထိန်းချုပ်မှု တစ်ပြေးညီ ဖြစ်စေခြင်းတို့ ဆောင်ရွက်သည့် နိုင်ငံများ၏ ဆွေးနွေးမှုတစ်ခုဖြစ်ကြောင်း သိရပါသည်။

ဥရောပသမဂ္ဂအနေဖြင့် မိတ်ဖက်နိုင်ငံများအကြား နှစ်မျိုးသုံး ကုန်စည်တင်ပို့မှု ထိန်းချုပ်ခြင်းကို ဆောင်ရွက်ရာတွင် အစုလိုက် အပုံလိုက် သေကြေနိုင်သည့်လက်နက်များ (WMD) ပြန့်ပွားမှုကို ဆန့်ကျင်သည့် အီးယူလုံခြုံရေး မဟာဗျူဟာနှင့် အီးယူဗျူဟာတို့ကို အခြေခံ ဆောင်ရွက်ကြောင်း၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများတွင် အီးယူဘုံထိန်းချုပ်မှု စည်းမျဉ်း၊ ဘုံထိန်းချုပ်မှုစာရင်းနှင့် နှစ်မျိုး သုံးကုန်စည်တင်ပို့မှု ထိန်းချုပ်ခြင်းကို အကောင်အထည်ဖော်ရန်အတွက် တစ်ပြေးညီလိုက်ဖက်သောမူဝါဒများ (Harmonized policies) ဖြင့်သာ ဆောင်ရွက်ကြောင်းကို သိရှိရပါသည်။

ယခုမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ဤအစည်းအဝေးတွင် မြန်မာနိုင်ငံမှ နှစ်မျိုးသုံး ပို့ကုန်ထိန်းချုပ်မှုစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်မည်ဆိုပါက လိုအပ်သော နည်းပညာများ၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်စေရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အီးယူမှ EU Outreach Programme on Dual-Use Goods Export Control အစီအစဉ်ဖြင့် ကူညီထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ချိုသက်မူ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅x၄၅) ပေ | ပထပ် | ၈၀၀ သိန်း | ညှိနှိုင်းနိုင် | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | တာမွေမြို့နယ်၊ကျောက်မြောင်းပွဲစားတန်းအနီး | (၁၄ x ၅၅) ပေ | မြေညီ | ၁၁၀၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန် | (၆၀ x ၆၀) ပေ | RC (၂) ထပ် | ၅၂၀၀ သိန်း | လမ်းသန့် | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ ၄၉ လမ်း | (၂၀ x ၅၀) ပေ | (၄) လွှာ | ၁၅ သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၅။ | အိမ်/မြေ | ဒဂုံမြို့သစ်(မြောက်)၊ (၃၅)ရပ်ကွက် | (၄၀ x ၆၀) ပေ | RC ၂ ထပ်ခွဲ | ၅၃၀၀ သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၆။ | အိမ်/မြေ လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | မြေ (၈၀ x ၈၀) ပေ အိမ် (၃၀ x ၃၅) ပေ | MB (၃) ခန်း BR (၁) ခန်း | ၃၅ သိန်း | ၁လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/ခ) ရပ်ကွက် | (၁၈ x ၅၀) ပေ | (၄) လွှာ | ၄၅၀ သိန်း | လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက် | (၄၀ x ၆၀) ပေ | RC (၂) ထပ် | ၃၀၀၀ သိန်း | အခန်းဖွဲ့ ပြီး | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာလမ်း | (၃၀ x ၅၀) ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | ထောင့်ကွက် | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကလူဂျာ(၂၀၀၄) | 7L | ၃၁၀ သိန်း | 2.4 ဓာတ်ဆီ |
| ၂။ | ကလူဂျာ (၂၀၀၂) | 9H | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ဟိုက်အေ့(စ်)(၂၀၀၇) | ယာယီ | ၃၈၀ သိန်း | 2.7 ဓာတ်ဆီ |
| ၄။ | ဗန်းဂတ် (၂၀၀၆) | 3K | ၄၅၀ သိန်း | |
| ၅။ | မတ်(ခ်)အိပ်(စ်)(၂၀၀၄) | ယာယီ | ၂၈၅ သိန်း | 2.5 ဓာတ်ဆီ |
| ၆။ | မတ်(ခ်)တူး (၂၀၀၄) | ယာယီ | ၂၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၂၀၅ သိန်း | 1.5 ဓာတ်ဆီ |
| ၈။ | စီအာဗွီ (၂၀၀၃) | ယာယီ | ၂၄၀ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၇၇ သိန်း | |

# အင်ဒိုနီးရှားသို့ မြန်မာ့ဆေးရွက်ကြီး တန်ချိန် ၂၀၀ ကျော်တင်ပို့

မြန်မာနိုင်ငံတွင် ဘိန်းအစားထိုးသီးနှံအဖြစ် ပန်းဂျုံ၊ ပန်းနှမ်း၊ ရော်ဘာ၊ နှမ်းနက်၊ နှမ်းဖြူ၊ ကြိမ်သီး၊ မြေပဲဆန် ၊ ကော်ဖီစေ့ အပြင် ဆေးရွက် ကြီးကိုလည်း အစားထိုးသီးနှံ အဖြစ် စိုက်ပျိုး လျက်ရှိပြီး နိုင်ငံခြားသို့ တင်ပို့လျက်ရှိနေပြီ ဖြစ်ပါတယ်။



မြန်မာ့ဆေးရွက်ကြီးကို ၂၀၀၅ ခုနှစ်မှ ယနေ့ထိ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်္ကာပူ၊ တောင်ကိုရီးယား၊ တရုတ်၊ ယူအေအီးနဲ့ အမေရိကန်ပြည်ထောင်စုသို့ တန်ချိန် ခုနစ်ထောင်ကျော် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။

ယခုလည်း ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘိန်း အစားထိုးသီးနှံအဖြစ် ဗာဂျီးနီးယားနဲ့ဘာလီ ဆေးရွက်များကို ဒေသခံတောင်သူများနဲ့ အကျိုးတူပူးပေါင်း၍ Contract Farming စနစ်ဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အတွင်းရှိ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါက် မြို့နယ် နှင့်ကျောက်တလုံးမြို့နယ်ခွဲ ဒေသများတွင် စိုက်ပျိုးလျက်ရှိပါတယ်။

အဆိုပါမြို့နယ်များမှ ထွက်ရှိတဲ့ ဆေးရွက်ကြီးများကို Alliance One Myanmar Co.,Ltd. က ၂၀၁၃ ခုနှစ်တွင် တန်ချိန် ၅၀၊ ၂၀၁၄ ခုနှစ်တွင် တန်ချိန် ၁၈၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခုအခါ ၂၀၁၅ ခုနှစ်အတွင်းက စိုက်ပျိုးထွက်ရှိခဲ့တဲ့ဆေးရွက်ကြီးတန်ချိန် ၂၃၇ ဒသမ ၁၄၁ တန်ကို အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့နိုင်တော့မှာ ဖြစ်ပါတယ်။ တင်ပို့မယ့် ဆေးရွက်ကြီး တန်ချိန် ၂၃၇ ဒသမ ၁၄၁ တန်ရဲ့ တန်ဖိုးကတော့ အမေရိ ကန်ဒေါ်လာ ၇၀၉၆၇၄ ဒသမ ၄၀ ရှိတယ်လို့ သိရပါတယ်။

ယခင်က ဘိန်းကိုသာ အဓိကထားပြီး စိုက် ပျိုးခဲ့တဲ့ အဆိုပါဒေသတွေမှာ နိုင်ငံခြားဝင်ငွေ ရနိုင်တဲ့ ဆေးရွက်ကြီးနဲ့ ဘာလီဆေးရွက်တွေကို ယခုထက် ပိုမိုတိုးချဲ့ စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြား ငွေများတိုးတက်ရရှိနိုင်အောင် ဆောင်ရွက်နိုင်ကြောင်း အသိပေးလိုက်ရပါတယ်။ **အိလေးမွန်(DOT)**

# မလေးရှားနိုင်ငံသို့ ပလတ်စတစ်ဖလင်လိပ်များ တင်ပို့

မိမိနိုင်ငံမှ ထွက်ရှိသည့် ကုန်ပစ္စည်းများကို ကုန်ကြမ်း (Raw) အဖြစ် တင်ပို့မည့်အစား တန်ဖိုး မြှင့်ထုတ်ကုန် (Value Added) ပြုလုပ်ပြီး ကုန်ချောအဖြစ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပိုမိုအကျိုးရှိသည့်အတွက် တန်ဖိုး မြှင့်ထုတ်ကုန်များအဖြစ် တင်ပို့နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ကုန်ကြမ်းပစ္စည်းများမှ ကုန်ချောအဖြစ် ပြုပြင်ပြောင်းလဲ ထုတ်လုပ်သည့် လုပ်ငန်းများကို များသောအားဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises-SMEs) မှ ထုတ်လုပ်ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။

တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် နှမ်းကို နှမ်းအခွံချွတ်၊ နှမ်းလှော်မှုန့်၊ နှမ်းလှော်ဆီမွှေး အဖြစ်လည်းကောင်း၊ ခဲသတ္တုကုန်ကြမ်းများကို ခဲပလိတ်ပြားများ အဖြစ်လည်းကောင်း၊ အလူမီနီ ယမ်နှင့် သံကုန်ကြမ်းများအား အဆောက်အဦ လှေကားများ၊ ဆင်ဝင်အမိုးများ အဖြစ်လည်း ကောင်း၊ ရော်ဘာအား မော်တော်ဆိုင်ကယ် တာယာအဖြစ်လည်းကောင်း၊ သစ်တောထွက် ပစ္စည်းများအား ပရိဘောဂ ပစ္စည်းများအဖြစ်လည်းကောင်း အစရှိသဖြင့် တင်ပို့ရောင်းချနိုင်ပြီ ဖြစ်ပါတယ်။

ယခုလည်း လှိုင်သာယာစက်မှုမြို့တော် ရှိ Europe & Asia International Co.,Ltd. ရဲ့ ပလတ်စတစ်စက်ရုံမှ ထုတ်လုပ်ထွက်ရှိသော Plastic Film များအား တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀ ဖြင့် အမေရိကန် ဒေါ်လာ ၈၉၄၄၈ ဒသမ ၃၂ တန်ဖိုးရှိ ပလတ်စတစ် အလိပ် ၆၈၈၀၆ ဒသမ ၄၀ ကီလိုဂရမ်ကိုမလေး ရှားနိုင်ငံရှိထုပ်ပိုးစက်ရုံသို့ အမယ်သစ်ပို့ကုန် Value Added အဖြစ် တင်ပို့ တော့မှာဖြစ်ပါတယ်။

သို့ဖြစ်၍ SMEs လုပ်ငန်းများရဲ့ ထုတ်လုပ်မှု ထုတ်ကုန်အရည်အသွေး တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဈေးကွက်အတွက်သာမက ပြည်ပဈေးကွက်သို့ ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း သတင်းရရှိပါတယ်။ **အိလေးမွန် (DOT )**

# ဆားလင်းကြီးမြို့နယ်၊ ဆားခါးကျေးရွာမှ သင်ဖျာများထုတ်လုပ်

ဆားလင်းကြီးမြို့နယ်၊ ဆားခါးကျေးရွာမှ သင်ချောဖျာများ ရက်လုပ်ပြီး မုံရွာနဲ့ မန္တလေးဈေးကွက်များသို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

ကုန်ကြမ်းအဖြစ်သုံးတာကတော့ သင်ပင်နဲ့ အနားကွပ်တဲ့ ကတ္တီပါစပါ။ သင်ပင်ကို ကသာ၊ မော်လိုက်၊ ဖောင်းပြင်ကနေ ဝယ်ပါတယ်။ သုံးထောင့်ထွာရှိတဲ့ အပင်၄၀၀ပါ တစ်စည်းကို ကျပ် ၃၅၀၀ကနေ ကျပ် ၅၀၀၀ ထိ ပေးဝယ်ရပါတယ်။ အနားကွပ်ပါတဲ့ ကတ္တီပါတစ်ကိုက်ကို ကျပ် ၇၀၀ ကနေ ကျပ် ၁၀၀၀အထိ ပေးရပါတယ်လို့ ဆားခါးကျေးရွာမှ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်မျိုးက ပြောပါတယ်။

သင်ချောင်းရေ ၄၀၀ပါတစ်စီးကို ရက်လုပ်ရင် ဖျာတစ်ချပ်ရကြောင်း၊ ရောင်းဈေးက (၆ပေ x ၄ပေ) (၆ပေ x ၄ပေခွဲ) တစ်ချပ်ကို ကျပ် ၂၀၀၀၀ နဲ့ အသေး (၆ပေ x ၃ပေခွဲ)တစ်ချပ်ကို ကျပ် ၁၃၀၀၀နဲ့ တစ်ယောက် အိပ် (၆ပေ x ၂ပေခွဲ)ကို ကျပ် ၉၀၀၀မှ ကျပ် ၁၀၀၀၀ အထိ ရောင်းချကြောင်း သိရပါတယ်။ အနားကွပ်ပါတဲ့ဖျာတစ်ချပ်ကို ကျပ် ၂၀၀၀ သို့မဟုတ် ကျပ် ၃၀၀၀လောက် ဈေးပိုရတယ်လို့လည်း သိရပါတယ်။

ဆားခါးကျေးရွာမှာ သင်ဖျာရက်လုပ်သူဦးရေ ၂၀၀ ခန့်ရှိပြီး၊ အမြတ်အနေဖြင့် တစ်ရက်ကို ကျပ် ၂၅၀၀နီးပါး ရရှိကြောင်း သိရပါတယ်။

**စွမ်းရည် (ယင်းမာပင်)**

# ပုသိမ်မြို့တွင် ဆေးဝါးလက္ကား ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

ပုသိမ်မြို့အတွင်း ဆေးဝါးရောင်းချလျက်ရှိသော ဆေးဆိုင်ပိုင်ရှင်နှင့် ရောင်းချသူများအား ဧရာဝတီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ကြီးမှူး၍ ဆေးဝါးလက္ကား ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဧရာဝတီတိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များ၊ ဆေးရောင်းချသူများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များအတွက် တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့် ပြစ်မှုနှင့် ပြစ်ဒဏ်များအား ရှင်းလင်းဟောပြောခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါက်တာမိုးချစ်စံက Good Storage Practice, Good Pharmacy Practice နှင့် စည်းကမ်းချက်များ အကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးဒေါက်တာ ပြည့်ဖြိုးက ဆေးဝါးဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ငန်းစဉ်များကို ဆေးဆိုင်ပိုင်ရှင်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဆရာဝန် အသင်း၊ ငှက်ဖျားစီမံချက်မှ တာဝန်ရှိသူက ငှက်ဖျားရောဂါ အကြောင်းအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများ၊ ဆေးဆိုင်ပိုင်ရှင်နှင့် ဆေးဝါးရောင်းချသူများက မိမိတို့ ဆောင်ရွက်ရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများ၊ အသင်းအဖွဲ့ ဖွဲ့စည်းရေးကိစ္စများအား အဖွဲ့လိုက် ဆွေး နွေးမေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ် (စိုးဦး)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
### စီးပွားရေး အကြံပေး ဟောကိန်း
### ၁၈-၇-၂၀၁၆ မှ ၂၄-၇-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဆရာသမားများနှင့်တွဲဖက်လုပ်ကိုင်ခြင်းကြောင့် စီးပွားရေး အောင်မြင်မှုရရှိပြီး စည်းစိမ်ရှင်ဖြစ်နိုင်ပါသည်။ ပညာရေးတွင် ကြိုးစားမှုပေါ် မူတည်၍ ပညာတတ်ကြီးဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိက အလွန်စိတ်ကောင်းထား၍ အလိုလိုက်သော်လည်း နောက်ဆုံး၌ မိမိကိုလှမ်းမိုးသွားမည့်သူနှင့်သာ ဆုံဆည်းရတတ်ပါသည်။ ကျန်းမာရေးတွင် ပင်ပန်းနွမ်းနယ်မှု ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ အုတ်၊ သဲကျောက်ဖြင့် လမ်းခင်းခြင်း ဒါနပြုပါ။**



**တနင်္လာသားသမီးများအတွက်** စိတ်ကောင်းနှလုံးကောင်းရှိနေမည်။ ထက်မြက်၍စိတ်လိုက်မာန်ပါပြုလုပ်တတ်သည်။ ရည်ရွယ်ချက်မရှိဘဲ အလုပ်အကိုင်များကို လုပ်ကိုင်နေမည်။ ပညာဉာဏ်ကောင်းမည်။ ပညာရေးထူးချွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကောင်းသော၊ ချမ်းသာသောသူနှင့် အကြောင်းပါ၍ ချမ်းသာစွာနေရတတ်ပါသည်။ ကျန်းမာရေးတွင် အစားအသောက်ဆင်ခြင်မှုအားနည်းသောကြောင့် ဝမ်းဗိုက်ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ ဘယာကြော်လှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သည့်ကိစ္စမဆို မဖြစ်မနေလုပ်တတ်သော ဝါသနာရှိနေမည်။ လုပ်ငန်းခွင်အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိနေမည်။ စီးပွားရေးတွင် ဝင်ငွေထွက်ငွေတန့်နေလိမ့်မည်။ လုပ်ငန်းအဆင်ပြေမှုအားနည်းနေမည်။ ပညာရေး တွင် အလွန်မကြိုးစားဘဲ အောင်မြင်နိုင်သော ဦးနှောက်ကောင်းရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သာယာပျော်ရွှင်မှုရရှိလိမ့်မည်။ ကျန်းမာရေး တွင် ထိခိုက်ဒဏ်ရာရတတ်သည်။

**ယတြာ။ ။ ကြာဆန်ကြော်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မှန်မှန်အေးအေး နေတတ်ပြီး နေရာတကာ၌ ဆရာလုပ်လိုစိတ်ရှိသဖြင့် ဩဇာအာဏာရှိသူအကြီးအကဲဖြစ်မည်။ စက်ရုံ၊ အလုပ်ရုံတို့တွင်ကြီးပွားချမ်းသာမှုရရှိမည်။ ဉာဏ်ပညာထက်မြက်နေမည်။ သူများနှင့်အမြဲယှဉ်ပြိုင်နေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လှပချောမောပြီး စွဲမက်ဖွယ်ကောင်းရှိသူနှင့် ကြုံမည်။ ကျန်းမာရေးတွင် အရေပြားအနာများဖြစ်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ ဖျော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** အပေါင်းအသင်းကောင်းသဖြင့် အပေါင်းအသင်းထဲမှ စီးပွားရေးတူညီမှုရရှိလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် ယခုလက်ရှိလုပ်ငန်းထက်တိုးချဲ့လုပ်ကိုင်ရတတ်သည်။ ပညာရေးကံကောင်းပြီး အောင်မြင်မှုရရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာဖြောင့်ဖြူးမှုရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အဖျားကြီးသော တိုက်ဖွိုက်ရောဂါဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ပေါက်ပေါက်ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** မှန်မှန်နှင့်အေးအေးနေတတ်ပြီး စီးပွားရေးတွင် သိုသိပ်သပ်ရပ်မှုရှိနေမည်။ ရတနာပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနေလိမ့်မည်။ ပညာဉာဏ်ထက်မြက်ပြီး အောင်မြင်မှုရရှိမည်။ အချစ်ရေးတွင် ချစ်ခင်သူများ ဝိုင်းဝိုင်းလည်နေတတ်သည်။ ရွေးချယ်ရန်ခက်နေမည်။ အိမ်ထောင်ပြုရန် ကြန့်ကြာနေမည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်ဥပဒ်ပေးတတ်သည်။ ရောဂါမကြာရှည်တတ်ပါ။

**ယတြာ။ ။ ဘုရားကျောင်းဇရပ်တို့တွင် တံမြက်စည်းလှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအောင်မြင်နေမည်။ စွန့်ပစ်ပစ္စည်းများလုပ်ကိုင်ခြင်းဖြင့် ချမ်းသာဝင်ငွေကောင်းမည်။ ကုမ္ပဏီလုပ်ငန်း တိုးတက်မှုရှိနေမည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင်ချစ်သူဟောင်းနှင့်ပြန်လည်ဆုံတွေ့ရလိမ့်မည်။ အိမ်ထောင်ရေးတာဝန်ပျက်ကွက်မှုများနေမည်။ ကျန်းမာရေးအနေဖြင့် လေရောဂါဂရုစိုက်သင့်ပါသည်။

**ယတြာ။ ။ သောက်သုံးရေလှူပါ။**

# ပုလဲမြို့နယ် ရွာသာလိန်ကုန်းမှ ဆန်ကော၊ ဆန်ကာများ အရောင်းအဝယ်ဖြစ်နေ

ပုလဲမြို့နယ်၊ ရွာသာလိန်ကုန်းကျေးရွာတွင် ဆန်ကော၊ ဆန်ကာလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း တွေ့ရသည်။

“ဝါးတစ်လုံးကိုကျပ် ၁၂၀၀၊ အလုံး ၁၀၀ ပါကြိမ်တစ်စည်းကို ကျပ် ၁၃၀၀ နှုန်းနဲ့ အလုံကနေဝယ်ရပါတယ်” ဟု ရွာသာလိန်ကုန်းကျေးရွာမှ လုပ်ငန်းရှင်ဦးသန်းချိုက ပြောသည်။

ဝါးတစ်လုံးကို ဆန်ကော၊ ဆန်ကာ(အသေး) ရက်ပါက တစ်ရက်လျှင် ငါးချပ်ရကြောင်း အကြီးဆိုပါက နှစ်ချပ်ရကြောင်း သူကပြောသည်။ ရောင်းဈေးနှုန်းအနေနဲ့ ဆန်ကော၊ ဆန်ကာ အကြီးတစ်ချပ်လျှင် ၃၅၀၀ ကျပ်၊ အသေး ၂၀၀၀ ကျပ် ရောင်းရကြောင်း၊ ဈေးကွက်အနေဖြင့် မြစ်ကြီးနားအထိ တင်ပို့ရကြောင်း၊ အရင်းက ဝါးလုံးရောကြိမ်ပါ ၂၅၀၀-၃၀၀၀ ကျပ်ကုန်ကျပြီး ရောင်းဈေးက တစ်ချပ်ကို ၃၅၀၀ ကျပ်ရှိတဲ့အတွက် အမြတ်အစွန်းအဖြစ် ၃၀၀၀-၄၀၀၀ ကျပ် ကျန်ရှိကြောင်းနဲ့ မိမိတို့ကျေးရွာတွင် ဆန်ကော၊ ဆန်ကာများကို မှာယူလိုပါက လို သလောက် ရက်လုပ်ပေးနိုင်ကြောင်းလည်း ဦးသန်းချိုက ပြောပြပါသည်။

**သီတာခိုင်(ယင်းမာပင်))**

# မြစ်ကြီးနား ဒညင်းသီးများကို ရန်ကုန်၊ ပဲခူးနှင့် မန္တလေးမြို့သို့တင်ပို့

မြစ်ကြီးနားဒေသမှထွက်ရှိတဲ့ ဒညင်းသီးများကို ရန်ကုန်၊ ပဲခူးနှင့် မန္တလေးမြို့သို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ မြစ်ကြီးနားမြို့ပေါ်မှာ ဒညင်းသီးပွဲရုံများကို ဖွင့်လှစ်လျက်ရှိရာ ရန်ကုန်မှ ပွဲရုံတစ်ရုံ၊ ပဲခူးမှ ပွဲရုံတစ်ရုံ၊ မန္တလေးမှ ပွဲရုံလေးရုံ လာရောက်ဖွင့်လှစ်ကာ မြစ်ကြီးနားဒညင်းသီးများကို ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

လက်ရှိအချိန်တွင် ဒညင်းသီးအခွံနွှာပြီးစီးမှုအပေါ် မူတည်၍ ရထားနဲ့သာမက ၁၀ဘီး၊ ၁၂ဘီးကားတို့နဲ့လည်း ရန်ကုန်၊ မန္တလေးရှိ ပွဲရုံများသို့ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ ရထားနဲ့တင်ပို့ပါက တစ်ကြိမ်လျှင် ပိဿာ ၆၀ ဝင် အိတ် ၅၀ တင်ပို့ရပြီး၊ ကားဖြင့်တင်ပို့ပါက တစ်ကြိမ်လျှင် ပိဿာ ၆၀ ဝင် အိတ်တစ်ရာခန့် တင်ပို့ရကြောင်း၊ နှစ်ရက်ခြားဒါမှမဟုတ် သုံးရက်ခြားတစ်ခါ တင်ပို့ရကြောင်း မြတ်ပွဲရုံပိုင်ရှင် ဦးဝင်းမင်းက ပြောပါတယ်။

မြစ်ကြီးနားမြို့မှာ ဒညင်းသီးပွဲရုံများ လာရောက်ဖွင့်လှစ်တဲ့အတွက် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်ပါတယ်။ ဒညင်းသီး တစ်လုံးလျှင် အခွံနွှာခအဖြစ် ပြား၇၀ ပေးရပြီး၊ အလုပ်သမားတစ်ဦးလျှင် တစ်နေ့ ဒညင်းသီးအလုံး ၁၀၀၀၀ ခန့် အခွံနွှာပြီးလို့ တစ်ယောက်ကို တစ်နေ့ကျပ် ခုနစ်ထောင်ခန့်ရရှိကြောင်း သိရပါတယ်။ အခုလို ရာသီစာသီးနှံပေါ်ချိန်မှာ ဒေသအတွင်း ပွဲရုံ၊ အလုပ်ရုံများ လာရောက်ဖွင့်လှစ်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေမှာ ဖြစ်ပါတယ်။

**ဌေးလှိုင် (ကချင်)**

# ကျောက်ဆည်ခရိုင်တွင် နွေနှမ်းများ ရိတ်သိမ်း

ကျောက်ဆည်ခရိုင်တွင် ၂၀၁၅-၂၀၁၆ခုနှစ်၊ နွေနှမ်းစိုက်ဧကမှာ ၅၀၀၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် နွေနှမ်းများ စတင်ရိတ်သိမ်းပြီဖြစ်ခဲ့ရာ ဇူလိုင် ပထမပတ်အထိ ၂၇၅၄၃ ဧက ရိတ်သိမ်းပြီးဖြစ်ပါသည်။ အထွက်နှုန်းအနေဖြင့် တစ်ဧက ပျမ်းမျှ ၁၄ ဒသမ ၀၃ တင်းအတွက် စုစုပေါင်း ၃၈၆၃၈၀ တင်းထွက်ရှိကြောင်း သိရှိရပါသည်။

မိုးနှမ်းစိုက်ပျိုးမှုအနေဖြင့် ၅၀၃၀၆ ဧက စိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရှိရပါသည်။ နှမ်းကို နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်၊ စမုံနက်နှမ်းများကို စိုက်ပျိုးကြ ပြီး အများဆုံးစိုက်ပျိုးသော နှမ်းမှာ ဂျပန်နှမ်းဖြူ (ရေဆင်း-၄)ဖြစ်ကြောင်း၊ ပက်ကျဲစနစ်တွင် တစ်ဧကမျိုးနှမ်းသုံး ပြည်ကုန်ကျပြီး၊ ဘောင်စိုက်စနစ်တွင် နှစ်ပြည်ကုန်ကျကြောင်း သိရှိရပါသည်။

နှမ်းစိုက်ပျိုးမှုအနေဖြင့် နှမ်းတစ်ဧကကုန်ကျစရိတ်မှာ ကျပ်နှစ်သိန်းဝန်းကျင်ကုန်ကျပြီး၊ အထွက်နှုန်းအနေဖြင့် ၁၂-၁၄ တင်းဝန်းကျင်ထွက်ရှိခဲ့ပါသည်။ နှမ်းဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် နှမ်းဖြူတစ်တင်းလျှင် ၄၀၀၀၀ ကျပ်၊ နှမ်းညို တစ်တင်းလျှင် ၂၆၀၀၀ ကျပ်၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် ၃၅၀၀၀ ကျပ်၊ ယခုနှစ်တွင် နှမ်းဈေးမှာ နှမ်းဖြူတစ်တင်းလျှင် ၃၀၀၀၀ ကျပ်၊ နှမ်းညိုတစ်တင်းလျှင် ၂၃၀၀၀ ကျပ်၊ နှမ်းနက်(စမုံ) တစ်တင်းလျှင် ၃၅၀၀၀ ကျပ်ရှိပြီး ယခုနှစ်တွင် ယခင်နှစ်က ထက်ဈေးနှုန်း အနည်းငယ်နိမ့်သော်လည်း အထွက်နှုန်းကောင်းသောကြောင့် တစ်ဧက အကျိုးအမြတ် အနေဖြင့် ကျပ် ၂၃၀၀၀၀ ဝန်းကျင်ရရှိကြောင်း နွေနှမ်းစိုက်ပျိုးသော သင်ပုတ်ကျေးရွာမှ တောင်သူဦးအောင်ဆင့်၏ ပြောပြချက်အရ သိရှိရပါသည်။

**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## အမှားပြင်ဆင်ချက်

Commerce Journal Vol. 16, No.25 ၏ စာမျက်နှာ (၂၆) ပါ “ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းရဲ့ ဇွန်လပို့ကုန် ယခင်နှစ်ထက်မြင့်တက်ပြီး သွင်းကုန်ကျဆင်း” သတင်း၏ နောက်ဆုံးအပိုဒ်မှ သွင်းကုန်ပစ္စည်းစာရင်းတွင် သကြား (အစား) စာရေးကိရိယာပစ္စည်းအမျိုးမျိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

အယ်ဒီတာအဖွဲ့

# ရေဦးမြို့မဈေးအတွင်းရှိ ဆေးဆိုင်များအား ဝင်ရောက်စစ်ဆေး

ရေဦးမြို့ စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများသည် ဇွန် ၂၁ ရက်က ရေဦးမြို့၊ မြို့မဈေးအတွင်းရှိဆေးဆိုင်များတွင် သက်တမ်းလွန်ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ ရောင်းချနေမှု ရှိမရှိကို သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါအဖွဲ့သည် ရေဦးမြို့မဈေးအတွင်းရှိ သဗ္ဗသုခ၊ အာယု၊ သစ္စာမွန်၊ ငွေယမုံ၊ ပွင့်သစ်နှင့် ယူနီယံ ဆေးဆိုင်များသို့ သွားရောက်ကာ တရားမဝင် Warfarin ဆေးပြား၊ Oral Artemisimin Monotherapy ဆေးဝါးများ ရောင်းချနေခြင်း ရှိ/မရှိ၊ ရက်လွန်ဆေးဝါးများ၊ အန္တရာယ်ရှိဆေးဝါးများ ရောင်းချနေခြင်း ရှိ/မရှိတို့ကိုစစ်ဆေးခဲ့ကြောင်းသတင်းရရှိပါသည်။

ထို့အပြင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဌေးက ဆေးဝါးများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆေးဝါးရောင်းချနေသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ညွန့်(ရေဦး)**



## မြို့ကြီးများ၏ ၁၈-၇- ၂၀၁၆ မှ ၂၂-၇- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၄-၇-၂၀၁၆) | အင်္ဂါ(၅-၇-၂၀၁၆) | ဗုဒ္ဓဟူး(၆-၇-၂၀၁၆) | ကြာသပတေး(၇-၇-၂၀၁၆) | သောကြာ(၈-၇-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| မန္တလေးမြို့ | ၇၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၄၀% ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | ၄၀% ၃၆°C/၉၆°F |
| မြစ်ကြီးနား | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| လားရှိုး | ၉၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၆°F | ၇၀% ၂၅°C/၇၇°F | ၆၀% ၂၇°C/၈၀°F | ၆၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၉၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၈°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၉၀% ၂၄°C/၇၆°F | ၈၀% ၂၃°C/၇၄°F | ၇၀% ၂၃°C/၇၃°F | ၆၀% ၂၆°C/၇၈°F | ၅၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၈၀% ၁၉°C/၆၇°F | ၈၀% ၁၉°C/၆၇°F | ၇၀% ၁၉°C/၆၇°F | ၆၀% ၂၁°C/၇၀°F | ၆၀% ၂၂°C/၇၁°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| ဘားအံ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| တောင်ငူ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| မုံရွာ | ၈၀% ၃၄°C/၉၃°F | ၆၀% ၃၃°C/၉၂°F | ၅၀% ၃၂°C/၉၀°F | ၄၀% ၃၄°C/၉၄°F | ၃၀% ၃၆°C/၉၆°F |
| ပုသိမ် | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| မြိတ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F |
| မကွေး | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F |
| ဖလမ်း | ၉၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၇၀% ၂၁°C/၆၉°F | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၁°F |



## တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၁၈နှစ်အတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပွား ရေဘေးဒုက္ခသည်များအတွက် Apple က အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်း

တရုတ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိရာ နှစ်ပေါင်း ၁၈ နှစ်အတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးခြင်းဖြစ်လာနိုင်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် မုတ်သုံရာသီအစတွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများနှင့် တိုင်ဖွန်းမုန်တိုင်း နီပါတက်ကြောင့် သေဆုံးသူ စုစုပေါင်း ၁၇၃ ဦးအထိရှိလာခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့်ရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၄၁၅၀ ရှိခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့်ရေလွှမ်းမိုးမှုအစပိုင်းတွင် သေဆုံးမှုနည်းပါးခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသူဦးရေပိုမိုမြင့်တက်လာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယခုလအတွင်းဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရှိလာခဲ့သည်။

ရေလွှမ်းမိုးခြင်းခံရသည့် ဖူယန်းပြည်နယ်အပါအဝင် ပြည်နယ် ၁၂ ခုတွင် ရေလွှမ်းမိုးခြင်းခံရထားရပြီး ရေဘေးဒုက္ခသည်စုစုပေါင်း ၃၁ သန်းကျော်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုများကြောင့် စိုက်ပျိုးမြေဧရိယာဟက်တာပေါင်း ၂ ဒသမ ၇ သန်း (ဧက ၆ ဒသမ ၇သန်း)ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးခြင်းခံရသည့် ဒေသများတွင် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများ မြင့်တက်ခဲ့သဖြင့် ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် သီးနှံဈေးနှုန်းများကို ထိန်းချုပ်ထားရန် လိုအပ်ကြောင်း ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများကြောင့် ပျက်စီး ဆုံးရှုံးခဲ့ရမှုများအား ကူညီပံ့ပိုးသည့်အနေဖြင့် Apple ကုမ္ပဏီက အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းပေးခဲ့ကြောင်း ယူအက်စ်အေတူဒေးသတင်းတွင် ဖော်ပြထားသည်။

အဆိုပါလှူဒါန်းငွေကို တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ပါးသက်သာစေရေးအဖွဲ့ထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ယန်စီမြစ်ရေလျှံတက်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ရေလွှမ်းမိုးမှုများအတွက် စာနာထောက်ထားမိပါကြောင်း Apple ၏စီအီးအိုဖြစ်သူ တင်မ်ကွတ်က ၎င်း၏ Weibo တွင် ဖော်ပြထားသည်။

**မယ်သီတာ**

## အာသံပြည်နယ်တွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုဖြစ်ပွား၊ လူပေါင်း နှစ်သိန်းနီးပါး ဒုက္ခရောက်လျက်ရှိ

အိန္ဒိယနိုင်ငံ၏ မုတ်သုံရာသီအစဖြစ်သည့် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သည့် မုတ်သုံအဝင်မိုးရွာသွန်းမှုများကြောင့် အာသံပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ကြောင်း ဟိန္ဒူစတန်ဒတ်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အာသံပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကျေးရွာပေါင်း ၂၂၄ရွာတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၁ ဒသမ ၇၅ သိန်းမှာ ရေဘေးဒုက္ခကိုခံစားနေရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အာသံပြည်နယ်အတွင်းရှိ ဗြဟ္မပုတ္တရမြစ်ရေလျှံတက်မှုကြောင့် အဆိုပါမြစ်အနီးတွင် တည်ရှိသည့် ကျေးရွာများတွင်နေထိုင်ကြသည့် ပြည်သူ



များမှာ ရေဘေးဒုက္ခကို ခံစားခဲ့ကြရခြင်းဖြစ်ကြောင်း အာသံပြည်နယ်သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ရေဘေးဒုက္ခသည်များအတွက် ယာယီစခန်းပေါင်း ၄၀ ဖွင့်လှစ်ထားရှိခဲ့သော်လည်း အဆိုပါဒုက္ခသည်စခန်းများတွင် နေထိုင်သူများမှာ ၃၈၈၁ ဦးသာရှိသည်ဟု ဆိုသည်။

ဗြဟ္မပုတ္တရမြစ်ရေလျှံတက်မှုကြောင့် လယ်ယာစိုက်ပျိုးမြေဧက ဟက်တာပေါင်း ၁၅၅၀၀၀ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။

မိုးရွာသွန်းခဲ့သဖြင့် အာသံပြည်နယ်အတွင်း လမ်းများပျက်စီးခဲ့ရပြီး အဆောက်အအုံ အတော်များများလည်းပျက်စီးဆုံးရှုံးခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် အာသံပြည်နယ်အတွင်းရှိ မဒ္ဒရာပရာဒေ့ရှ်ဒေသတွင် ရေလွှမ်းမိုးမှုများကြောင့် ဇူလိုင်လ ၁၁ ရက်အထိ လူပေါင်း ၂၂ ဦးသေဆုံးခဲ့ရပြီဖြစ်ကြောင်း အာသံပြည်နယ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဒေသတစ်ခုတည်းတွင်ပင် တစ်နေ့တည်း လူပေါင်း ၇၀၀၀ ကို ကယ်ဆယ်ခဲ့ရသည်ဟုဆိုသည်။ အလားတူ မဟာသျှတ္တာရဒေသတွင် လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိသည်။ **မယ်သီတာ**

# စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများနှင့် ပြည်သူတို့ရဲ့ အသံလှိုင်း

| မြင့်ဦး (ပခုက္ကူ) |

အခုတလော သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ တီဗွီ စသည်တွေမှာ ဖတ်နေကြားနေကြရတာကတော့ ပြည်သူများတစ်ခဲနက် လက်သန်းကလေးများကို မှင်တို့ထောက်ခံရွေးချယ်ပေးခဲ့ကြတဲ့ အစိုးရသစ်ရဲ့ "ပြည်သူအတွက် ပထမရက်(၁၀၀)"ဆိုတဲ့ လှုပ်ရှားလုပ်ဆောင်မှုတွေအကြောင်းပါပဲ၊ ဘယ်ဝန်ကြီးဌာနက ဘာတွေကို ဦးစားပေးလုပ်မယ်၊ ဘယ်လို တွေဆောင်ရွက်မယ်၊ အချို့ဆိုရင်လည်း ဆောင်ရွက်နေကြပုံ စသည်ဖြင့် ရှင်းလင်းကြ၊ ပြောကြားကြ၊ လုပ်ဆောင်ကြ စသည်ဖြင့် သတင်းအစုံစုံကို တွေ့မြင်ဖတ်ရှုကြား သိနေရပါတယ်၊ ဘာပဲပြောပြော အခုရက်ပိုင်း အတွင်းမှာ ပြည်သူများကြားမှာ "ပြည်သူအတွက် ပထမရက်(၁၀၀)"ဟာလောလောလတ်လတ် လတ်ဆတ်တဲ့သတင်းတစ်ပုဒ်၊ ရေပန်းစားနေ တဲ့ သတင်းတစ်ပုဒ်၊ ပြည်သူတွေစိတ်ဝင်တစားအဖြစ်ဆုံးသတင်းတစ်ပုဒ်ဆိုတာကတော့ သေချာနေတာပါပဲ။

ပြည်သူတွေစိတ်ဝင်စားသလို သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကြိုးစားပမ်းစား ဆောင်ရွက်နေကြတာကိုလည်း တွေ့နေ ကြားနေဖတ်နေရပါတယ်။ မိမိတို့ဌာနအနေနဲ့လည်း Action Plan, Master Plan စတာတွေရေးဆွဲလို့ ဆောင်ရွက်နေကြပါတယ်။ ယခင်ကတော့ ကိုယ့်ဌာနဟာ ဝယ်၊ သယ်၊ သို၊ ကြိတ်၊ ရောင်း၊ ဖြန့် နိုင်ငံခြားပို့ ဆိုတာတွေနဲ့ လည်ပတ်လုပ်ဆောင်နေကြရတာပါ။ တစ်နည်းအားဖြင့် ပြောရရင် ကိုယ်ကိုင်တွယ်ခဲ့တဲ့ပစ္စည်းများဟာ "စကားမပြော တတ်သော အသံမကြားရသော"ပစ္စည်းများသာ ဖြစ်ပါတယ်။ လေးစားအပ်သောစာရှုသူ ဒီနေရာမှာ နည်းနည်းလေးတင်ပြခွင့်ပြုပါ၊"စကားမပြောတတ်သော အသံမကြားရသောအသံလို့ တင်စားဆိုပေမယ့် ဒီပစ္စည်းတွေက သတ်မှတ်ထားတဲ့စံချိန်စံညွှန်းနဲ့ မကိုက်ညီလို့ မလိုက်နာရင် ပျက်စီးစေတတ်၊ လျော့နည်းစေတတ်၊ ဒုက္ခပေးတတ်တာကတော့ တကယ့်ကိုယ်တွေ့ဆိုတာ ကြားဖြတ်တင်ပြပါရစေ၊ ဆိုပါတော့ ကိုယ်ကိုင်တွယ်ခဲ့တဲ့ အသီးအနှံ အစေ့အဆန်ဆိုတာတွေက စကားသာ မပြောတတ်တာ အသံသာ မထွက်တတ်တာ သူတို့ကိုဂရုမစိုက်ရင် ဒုက္ခတော့ ပေးတတ်တာကိုပါ။ ထားပါတော့ ယခုအခြေအနေက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မျှော်မှန်းချက်ကိုက "စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်"ဆိုတော့ စားသုံးသူများ အန္တရာယ်ကင်းစွာ လုံခြုံစိတ်ချရမှုရှိစေဖို့ ပြည်သူများအကြား ကိုယ်တိုင်ကွင်းဆင်းပြီး ဟောကြပြောကြရပါတယ်။ လာပါပြီ အဲဒီမှာ စကားပြောတတ်သော၊ အသံထွက်တတ်သော လူတွေ အပြန်အလှန်မေးခွန်းတွေ သိလိုတာ တတ်လိုတာ၊ နားမလည်တာတွေနဲ့ စတင်လာပါတယ်။ ဒီအကြောင်းတွေမတင်ပြခင်၊ ကိုယ့်ရဲ့ လုပ်ဆောင်မှုလေးတွေတင်ပြပါရစေ၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများအနေနဲ့ တိုင်းဒေသကြီးဦးစီးမှူးရဲ့ လမ်းညွှန်မှု၊ ခရိုင်ဦးစီးမှူး ရဲ့အနီးကပ် ကြီးကြပ်မှုနဲ့ ပခုက္ကူရုံးမှာ ခေါင်းစဉ် (၁၂)မျိုးကို လေ့လာစဉ်းစားပြီး စာတမ်းလိုမျိုး ပြုစုစေပါတယ်၊ ဒါတွေကတော့-

(၁) ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ဓာတ်ကြွင်းများကြောင့် စားသုံးသူများ အားထိခိုက်နစ်နာစေမှုများ၊

(၂) ဆေးနှင့် ဆေးပစ္စည်းများကြောင့် စားသုံးသူများအား ထိခိုက်နစ်နာစေမှုများ၊

(၃) တာရှည်ခံဆိုးဆေးများကြောင့် စားသုံးသူများအားထိခိုက်နစ်နာစေမှုများ၊

> ❞
>
> **မည်သည့်စီးပွားရေးလုပ်ငန်းရှင်၊ ထုတ်လုပ်တင်ပို့ရောင်းချသူကိုမှ မသိရှိသလို သူတို့ရဲ့ အကျိုးစီးပွားကို ထိခိုက်နစ်နာ စေလိုသော စိတ်စေတနာ မရှိပါကြောင်း၊**

(၄) အချိုရည်နှင့်ပတ်သက်၍ စားသုံးသူများအား ထိခိုက်နစ်နာစေမှုများ၊

(၅) ဝန်ဆောင်မှုများကြောင့် စားသုံးသူများအား ထိခိုက်နစ်နာစေမှုများ၊

(၆) ခွင့်မပြုဆိုးဆေးများကြောင့် စားသုံးသူများအား ထိခိုက်နစ်နာစေမှုများ၊

(၇) သတ်မှတ်ထားသည့်သတင်းအချက်အလက်များ မပြည့်စုံသည့်ထုတ်ကုန်များကြောင့် စားသုံးသူများအား ထိခိုက်နစ်နာစေမှုများ၊

(၈) ကြွပ်ကြွပ်အိတ်၊ ဖော့ဘူးပလတ်စတစ်၊ မယ်လမင်းပစ္စည်းများကြောင့် စားသုံးသူများအားထိခိုက်နစ်နာစေမှုများ၊

(၉) အာဟာရဓာတ်မပြည့်ဝသည့် အသင့်စား (Ready Made) မုန့်များကြောင့် စားသုံးသူများအား ထိခိုက်နစ်နာစေမှုများ၊

(၁၀) စံချိန်စံညွှန်းမမီသည့် အိမ်သုံး၊ လူသုံး၊ လုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများကြောင့် စားသုံးသူများအား ထိခိုက်နစ်နာ မှုများ၊

(၁၁) စံမညီ အလှကုန်များကြောင့် သုံးစွဲသူများအား ထိခိုက်နစ်နာမှုမရှိစေရန်၊

(၁၂) စံမမီစားအုန်းဆီ ပြည့်ဝဆီများကြောင့် စားသုံးသူများအား ထိခိုက်နစ်နာမှုမရှိစေရန်၊

စတဲ့ခေါင်းစဉ် ၁၂ မျိုးကို မဲချ၊ ကိုယ်ကျတဲ့ခေါင်းစဉ်ကိုအချက်အလက်ရှာဖွေရေးသားပြုစု၊ ခေါင်းစဉ်တစ်ခုကို အနည်းဆုံး ၁၅ မိနစ်စာ စံချိန်ထားပြီးဆောင်ရွက်ကြရပါတယ်။

ပွဲမဝင်ခင် အပြင်မှာကျင်းပဆိုသလို ရုံးမှာလည်းတစ်လှည့်စီဟောပြောကျင်းပကြ၊ ခရိုင်ဦးစီးမှူးကလည်း လိုအပ်တဲ့ အနေအထားတွေကို ပြုပြင်ပြောဆို သင်တန်းပေး စတာတွေနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ လာပြီ Action Plan အရ တစ်မြို့နယ်ကို တစ်လ (၆)ကြိမ်သွားကြလာကြ ပြေးကြလွှားကြ ချိတ်ဆက်ကြနဲ့ ကြိုးစားပမ်းစား ပြည်သူအတွက် ပထမရက်(၁၀၀) ကြိုးစားကြရပါပြီ။ ပခုက္ကူကနေ ရေစကြို-မြိုင် (၂၇)မိုင်၊ဆိပ်ဖြူ (၄၀)မိုင်၊ ပေါက် (၄၇)မိုင်၊ ကျောက်ထု(၇၉)မိုင်၊ ထီးလင်း-ဂန့်ဂေါ (၁၄၅)မိုင်၊ ဒါက မြို့နယ်ချင်း အကွာအဝေး၊ ကွင်းဆင်းတဲ့ရွာတွေက အနည်းဆုံး ၁၀/၁၅ မိုင်ပတ်လည် လွယ်ကူတဲ့မြေပြန့်ခရီးဖြစ်သလို အတက်အဆင်းများတဲ့ ယောဒေသ (ပေါက်၊ဂန့် ဂေါ၊ ထီးလင်း၊ဆော၊ကျောက်ထု) မှာဆိုရင် ဆိုင်ကယ်စီးဖို့က ရွာတွေသွားဖို့ဆိုရင် ခက်ခဲနေတုန်းပါ၊ မေလအတွင်းမှာ ပခုက္ကူခရိုင်အနေဖြင့် မြို့နယ် (၈)မြို့နယ်တွင် ဟောပြောပွဲ ၄၈ ကြိမ်၊ တက်ရောက်သူဦးရေ ၄၈၀၀ ဦး တက်ရောက်နားထောင်ပြီး လက်ကမ်းစာစောင် ၄၄၁၅ စောင်ဖြန့်ဝေပေးခဲ့ကြပါတယ်။ ဟောပြောပွဲတွေအပြီး စားသုံးသူများရဲ့အသံနားထောင် ကြည့်ရအောင်ပါ-

- ဒီပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး သွင်းအားစုတွေအသုံးပြုရင် အန္တရာယ်ရှိမှန်း သိထားပေမယ့် ဘာကြောင့် အသုံးပြုရပါသလဲ၊
- အရက်နဲ့ပတ်သက်လို့ ဘယ်လိုအရေးယူကြမလဲ၊
- ဒီအစားအသောက်တွေဟာ အန္တရာယ်ရှိမှန်း သိရဲ့သားနဲ့ ဘာကြောင့်ရောင်းချခွင့်ပြုသလဲ၊
- ဘယ်လိုအရေးယူမှာလဲ၊
- ကိုင်းဖျားကိုမချိုင်ဘဲ ပင်စည်ကိုဖြိုပစ်လိုက်ရင်မရဘူးလား (အပင်ကိုလှဲရင် ကိုင်းဖျားကိုင်းနား ဆင်းဖြစ်ပါတယ်လို့ ဆိုလိုတာပါ)
- ဒကာတို့အခုလိုဟောပြောတာ ကောင်းတယ်။ ဗဟုသုတရတယ်။ ရှောင်ကြဉ်နိုင်တယ်။ ဒါပေမယ့် ဘုန်းကြီးတို့က သူတစ်ပါးလှူတာ စားသုံးနေရတော့ခက်တယ်ဗျ။
- နောက်တစ်ခေါက် ထပ်လာပြီး စကားပြောပါဦး ရွာသူ၊ ရွာသားတွေကို ဒီထက်သိစေချင်လို့ ကျယ်ကျယ်ပြန့်ပြန့် သိစေချင်လို့ ထပ်ဖိတ်ပါဦးမယ်။
- ဒကာကြီးတို့ ဒီလိုအသိပညာပေးပွဲတွေ များများလုပ်စေချင်တယ်၊ အကြိမ်ကြိမ်အခါခါ လာရောက်ဟောပြောစေချင်တယ်။

မှတ်မိတာရှိသလို မမှတ်မိတာများလည်းရှိပါတယ်။ မေးခွန်းများထပ်နေတာလည်းရှိပါတယ်၊ ပြန်လည်ဖြေကြားခဲ့ရတဲ့ အချုပ်ကိုတင်ပြ ရရင်-

ကျွန်တော်တို့ ယခုလိုလာရောက်ဟောပြောရတဲ့ နေရာမှာ အစွန်းနှစ်ဖက်လွတ်အောင် ပြောနေရပါကြောင်း၊ မည်သည့်စီးပွားရေးလုပ်ငန်းရှင်၊ ထုတ်လုပ်တင်ပို့ရောင်းချသူကိုမှ မသိရှိသလို သူတို့ရဲ့အကျိုးစီးပွားကို ထိခိုက်နစ်နာစေလိုသောစိတ်စေတနာ မရှိပါကြောင်း၊ စားသုံးသူများဘက်မှ စားသုံးသူအခွင့်အရေးကို သိရှိနားလည်ပြီး စားသုံးသူအခွင့်အရေးအတိုင်း ထုတ်ကုန်လုံခြုံစိတ်ချမှုရှိတဲ့ စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်ဆိုတဲ့ ဌာနမျှော်မှန်းချက်အတိုင်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ ကြီးထွားဆေး စသည်တို့ကို အသုံးမပြုရဘူးလို့ဆိုတာ မဟုတ်ရပါကြောင်း၊ တိုးတက်လာတဲ့ လူဦးရေ၊ တောင်းဆိုလာတဲ့ ဈေးကွက်အနေအထားအရ ပြည်တွင်းစားသုံးမှုဖူလုံရေးကို အဓိကထား၍ ရည်မှန်းချက်ပန်းတိုင်များအတိုင်း ထွက်ကုန်ရရှိအောင် ကြိုးစားကြရသလို နိုင်ငံတော်ဝင်ငွေရရှိအောင် ပိုလျှံတဲ့ကုန်ပစ္စည်းကို ပြည်ပတင်ပို့နိုင်ရေးအတွက် ကြိုးစားလုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒီသွင်းအားစု ကုန်ပစ္စည်းတွေကို စနစ်တကျ နည်းမှန်လမ်းမှန် သုံးစွဲကြဖို့ဖြစ်ပါကြောင်း။

အရက်နဲ့ပတ်သက်လို့ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းလိုင်စင်ဆောင်၊ အခွန်တော်ငွေသွင်းပြီး ရောင်းချနေကြတာဖြစ်တဲ့အတွက် အရေးယူဖို့ဆိုတာ မဖြစ်နိုင်ပါကြောင်း၊ သောက်သူရှိလို့ ရောင်းသူရှိတာဖြစ်ကြောင်း၊ ရွာတိုင်းမှာ လက်ဖက်ရည်ဆိုင်မရှိပေမယ့် အရက်ဆိုင်ရှိနေတာကို သိသာနိုင်ပါကြောင်း။

အန္တရာယ်ရှိတဲ့ အစားအသောက်တွေ ရောင်းချမှုနဲ့ပတ်သက်လို့ စီးပွားရေးလုပ်ငန်းရှင်ကတော့ ထုတ်လုပ်ရောင်းချမှာဖြစ်ကြောင်း၊ ဝယ်ယူစားသုံးသူက သတိထား အသိတရားနဲ့ ဝယ်ယူရမှာဖြစ်ကြောင်း။

ဘယ်လိုအရေးယူမလဲဆိုရင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို တိုင်ကြားပါက စစ်ဆေးညှိနှိုင်းပြီး သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊ လျော်ကြေးပေးစေခြင်း၊ အငြင်းပွားမှု ဖြစ်နေသောကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့်အသတ်ဖြင့်တားမြစ်ခြင်း၊ ကုန်စည်ကိုဈေးကွက်ထဲမှ ပြန်လည်သိမ်းဆည်းခြင်း၊ စားသုံးသူကို ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်ပစ္စည်းများကို ဖျက်ဆီးစေခြင်း၊ လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းစေခြင်း၊ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အရေးယူမှာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားရပါတယ်။

သူတစ်ပါးလှူတာကိုစားသုံးရတဲ့ ဆရာတော်သံဃာတော်များအနေနှင့်လည်း စားသုံးရန်သင့်မသင့်ကို အသိ၊သတိဖြင့် ဘုန်းပေးကြစေလိုကြောင်း၊

ထပ်မံဖိတ်ကြားခံရတဲ့ ကျေးရွာများကိုလည်း လူသာစုပေးစေလိုကြောင်း၊ မိမိတို့ အတွက်ဘာမျှ အကုန်အကျခံရန်မလိုပါကြောင်း မိမိစရိတ်နှင့်မိမိလာပြီး ဟောပြောမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ကြပါတယ်။

ဘာပဲဖြစ်ဖြစ် စားသုံးသူရှိလို့ ထုတ်လုပ် ဝယ်ယူ ရောင်းချသူဆိုတာ ရှိနေပါကြောင်း၊ အပြန်ပြန်အလှန်လှန် ထုတ်လုပ်ဝယ်ယူ ရောင်းချသူဆိုတာလည်း စားသုံးသူရှိနေလို့သာ ရှိနေပါကြောင်း၊ လက်ခုပ်တစ်ဖက်တည်းတီးလျှင် မမြည်ပါကြောင်း နှစ်ဖက်တီးမှသာ စုံကျမှသာ မြည်မှာဖြစ်ပါကြောင်း၊ ကိုယ့်ပတ်ဝန်းကျင်မှာ အန္တရာယ်ရှိသော အစားအစာမှာ အားမဖြစ်စေဘဲ အဆိပ်ကို မြိုရသလိုဖြစ်နေသော အစားအစာတွေ ရှိမှန်းသိနေရင် သတိအသိနဲ့ယှဉ်ပြီး စားသုံးရမှာဖြစ်ကြောင်း ဟောပြောခဲ့ရကြောင်းတင်ပြရင်း စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများနှင့် ပြည်သူတို့ရဲ့ အသံလှိုင်းတွေကတော့. . .



# NBA ကစားသမား လာဘွန်ဂျိမ်းစ် ESPY မှချီးမြှင့်သည့် ဆုငါးဆုဆွတ်ခူး

## အကောင်းဆုံး နိုင်ငံတကာ အားကစားသမားအဖြစ် စီရော်နယ်ဒိုရရှိ

ESPY မှနှစ်စဉ်ချီးမြှင့်လျက်ရှိသည့် ကမ္ဘာ့အထူးချွန်ဆုံးဆုများကို အမေရိကန်နိုင်ငံမှ NBA ဘတ်စကက်ဘောကစားသမား လာဘွန်ဂျိမ်းစ်က အကောင်းဆုံး အမျိုးသားအားကစားသမားဆု အပါအဝင်ဆုပေါင်း ငါးဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဥရောပချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးရယူပေးခဲ့သည့် ပေါ်တူဂီအသင်း၏ အသင်းခေါင်းဆောင် ခရစ္စတီယာနိုရော်နယ်ဒိုသည် အကောင်းဆုံး နိုင်ငံတကာအားကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါအခမ်းအနားသို့ စီရော်နယ်ဒိုတက်ရောက်ခဲ့ခြင်းမရှိသော်လည်း ပေါ်တူဂီအသင်းမှ ကွင်းလယ်ကစားသမား ပေ့ါဘာ တက်ရောက်ခဲ့သည်။ စီရော်နယ်ဒိုသည် အဆိုပါဆုကို ဒုတိယအကြိမ် ရရှိခဲ့ခြင်းဖြစ်သည်။

အေဘီစီရုပ်သံကုမ္ပဏီက တစ်နှစ်တာအတွင်း အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ကြသည့် အားကစားအသင်းများနှင့် အားကစားသမားများကို ရွေးချယ်၍ဆုများပေးအပ်ခြင်းဖြစ်သည်။ ၁၉၉၃ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိကို ESPN ကုမ္ပဏီကကြီးမှူး၍ ဆုများပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ABC က လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် တစ်နှစ်တာအတွင်း အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကိုမူ အမေရိကန်ဘက်စကက်ဘောမယ် ဘရီယာနာ စတီးဝက်ကရရှိခဲ့သည်။ အမေရိကန်အမျိုးသမီး လက်ရွေးစင်တိုက်စစ်မှူး အက်ဘီဝမ်းဘက်ချ်မှာဘတ်စကက်ဘောသမား ကိုဘီဘရိုင်ယန်နှင့်အတူ စံပြကစားသမားဆုကိုရရှိခဲ့သည်။ မေဂျာလိဂ်အကောင်းဆုံးကစားသမားဆုကို ဂျီယိုဗင်ကို၊ တင်းနစ်(အမျိုးသား)တွင် ဂျိုကိုဗစ်၊ ဂေါက်သီး(အမျိုးသမီး)တွင်လိုင်ဒီယာကိုတို့က အသီးသီးရရှိခဲ့ကြသည်။

## ကမ္ဘာ့အချမ်းသာဆုံး ကလပ်စာရင်းတွင် Dallas Cowboys အသင်း ထိပ်ဆုံးမှ ရပ်တည်နေ

ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်းများစာရင်းကို ကမ္ဘာ့စီးပွားရေးမဂ္ဂဇင်းကြီးတစ်စောင်ဖြစ်သည့် Forbes မဂ္ဂဇင်းကထုတ်ပြန်ကြေညာခဲ့ရာ NFL မှ အသင်းကြီးတစ်သင်းဖြစ်သည့် Dallas Cowboys က အမေရိကန်ဒေါ်လာ လေးဘီလီယံဖြင့် ထိပ်ဆုံးမှရပ်တည်နေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကမ္ဘာကျော်စီးပွားရေးမဂ္ဂဇင်း Forbes သည် အဆိုပါစစ်တမ်းကို ၂၀၁၁ ခုနှစ်မှစတင်ကာ ကောက်ယူခဲ့ခြင်းဖြစ်ပြီး စတင်ကောက်ယူသည့်နှစ် ၂၀၁၁ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် အင်္ဂလန်ပရီးမီးယားလိဂ်မှ မန်ချက်စတာယူနိုက်တက်အသင်းသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂ သန်းဖြင့် ပထမနေရာတွင် ရပ်တည်ခဲ့သည်။ သို့သော် ယခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်စာရင်းတွင်မူ မန်ချက်စတာယူနိုက်တက်အသင်းသည် ပဉ္စမနေရာတွင်ရပ်တည်လျက်ရှိသည်။

စပိန်လာလီဂါပြိုင်ပွဲဝင် ရီးရဲလ်မက်ဒရစ်အသင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅ ဘီလီယံဖြင့် ဒုတိယနေရာတွင်ရပ်တည်နေပြီး ဘာစီလိုနာအသင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ ဘီလီယံဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အဆိုပါမဂ္ဂဇင်းက ထုတ်ပြန်ခဲ့သည့် ပထမ ၁၀ သင်းစာရင်းတွင် အမေရိကန်မှ ဘတ်စကက်ဘောကလပ်အသင်းများ၊ အမေရိကန် NFL မှ အသင်းများသာ အများဆုံးပါဝင်ခဲ့သည်။ အင်္ဂလန်မှ ကလပ်အသင်းများအနက် အာဆင်နယ်အသင်းက အဆင့် ၂၃၊ မန်စီတီးအသင်းက အဆင့် ၂၈၊ ချဲလ်ဆီးက ၃၆၊ လီဗာပူးက ၄၁ နေရာတို့တွင်သာရပ်တည်နိုင်ခဲ့ကြောင်း အဆိုပါ မဂ္ဂဇင်း၏ ထုတ်ပြန်ချက်များအရ သိရသည်။

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ၂၀၁၆ ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲသို့ ရတနာပုံနှင့် ရန်ကုန်တို့ တက်ရောက်လာ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ၂၀၁၆ ပြိုင်ပွဲ၏အကြိုဗိုလ်လုပွဲသို့ ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇူလိုင် ၁၃ ရက်ကကျင်းပခဲ့ရာ ရတနာပုံအသင်းက လိဂ်-၂ပြိုင်ပွဲဝင် မြဝတီအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရယူခဲ့သည်။ အလားတူ ရန်ကုန်ယူနိုက်တက်အသင်းသည် ဟံသာဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၁ ရက်တွင် ရတနာပုံအသင်း၏အိမ်ကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၀ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်း၏ အိမ်ကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကွာတားဖိုင်နယ်အဆင့် ဒုတိယပွဲစဉ်များဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် မကွေးအသင်း၊ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့၏ ပွဲစဉ်များကို ဇူလိုင် ၂၀ ရက်တွင် အောင်ဆန်းကစားပြိုင်ဝင်းနှင့် သုဝဏ္ဏဘောလုံးကွင်းတို့တွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်ကြောင်း နည်းပြချုပ် ရော်ဂျာရိုင်နာ ပြောကြား

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းအနေဖြင့် အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်ကြောင်း မြန်မာအမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ် မစ္စတာရော်ဂျာရိုင်နာက ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းကို အနိုင်ရရှိခဲ့သည့် ခြေစမ်းပွဲအပြီးတွင် မစ္စတာရိုင်နာက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

“ပြိုင်ပွဲမတိုင်ခင် လက်ရှိချန်ပီယံကို အနိုင်ကစားနိုင်ခဲ့တာဟာ ကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်းကို အများကြီးအထောက်အကူဖြစ်စေပါတယ်။ ဒီခြေစွမ်းကို အနည်းငယ်ပြင်ဆင်လိုက်ရင် ပြိုင်ပွဲမှာ အကောင်းဆုံးခြေစွမ်းကို ပြသနိုင်မှာပါ။ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ၎င်းကပြောကြားခဲ့သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်နေခြင်းဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲရှစ်ပွဲမြောက်တွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်ဖြစ်သူ ရော်ဂျာရိုင်နာသည် နယ်သာလန်အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြချုပ်ဟောင်းဖြစ်ပြီး ၎င်းကို ပြီးခဲ့သည့်ဖေဖော်ဝါရီလမှစတင်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်သည်။



## အာဆီယံယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာယူ-၁၆ အသင်း ဩစီယူ-၁၆ အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်သုံးတွင် ရပ်တည်နေ

ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာယူ-၁၆ အသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ် ရရှိထားသည်။ မြန်မာ ယူ-၁၆အသင်းသည် ဩစီယူ- ၁၆အသင်းနှင့်အတူ ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်သုံးတွင် ရပ်တည်နေကြောင်း သိရသည်။

အုပ်စု(က)တွင် မြန်မာယူ-၁၆အသင်းသည် ဇူလိုင် ၁၀ ရက်က ဩစီအသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ဇူလိုင် ၁၂ ရက်တွင် မြန်မာ ယူ-၁၆အသင်းသည် စင်ကာပူ ယူ-၁၆အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဇူလိုင် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဗီယက်နမ် ယူ-၁၆အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အဆိုပါရှုံးပွဲကြောင့် မြန်မာ ယူ-၁၆အသင်းသည် လက်ကျန်ပွဲစဉ်နှစ်ပွဲဖြစ်သည့် ဇူလိုင် ၁၆ ရက်တွင်ယှဉ်ပြိုင်ကစားမည့် မလေးရှား ယူ-၁၆နှင့်ပွဲတွင်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဖိလစ်ပိုင် ယူ-၁၆နှင့်ပွဲတွင်လည်းကောင်း ဂိုးပြတ်သွင်းနိုင်ရန် လိုအပ်လာပြီဖြစ်သည်။

အုပ်စု(ခ)တွင် ယှဉ်ပြိုင်ကစားလျက်ရှိသည့် ပွဲစဉ်များတွင် အိမ်ရှင်ကမ္ဘောဒီးယားက နှစ်ပွဲနိုင် ရမှတ် ၆မှတ်ဖြင့် အုပ်စုပထမနေရာတွင်ရပ်တည်နေပြီး လက်ရှိချန်ပီယံ ထိုင်းအသင်းက တစ်ပွဲကစား တစ်ပွဲနိုင်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။ မြန်မာ ယူ-၁၆အသင်းသည် အဆိုပါပွဲစဉ်များတွင် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ချန်ပီယံဖြစ်ခဲ့ဖူးပြီး ၂၀၁၅ ခုနှစ်တွင် ဒုတိယရရှိခဲ့ကြောင်း သိရသည်။



## ဟားခါးမြို့အတွင်းရှိ အခြေခံပညာ ကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၅ရက်တွင် ဟားခါးမြို့ အခြေခံပညာ အလယ်တန်းကျောင်း၊ ချင်းဦးစီး၌လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် ဟားခါးမြို့ရှိ ရာလ်ရဲဘွာလ် အခြေခံပညာ မူလတန်းကျောင်း၌ လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အ. လ. က၊ ချင်းဦးစီးမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ပေါင်း၃၆၅ဦး၊ ရာလ်ရဲဘွာလ် အ. မ. ကမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၈၈ ဦး တက်ရောက်ပြီး၊ လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြေညာထားသော အစားအသောက်များစာရင်း၊ စံမည်မြေပဲဆီများစာရင်းကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ ကိစ္စရပ်များကို ကျောင်းသား၊ ကျောင်းသူအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန်အတွက် ရှင်းလင်းဟောပြောခဲ့ပါသည်။

ဒေါ်ကြယ် (ဟားခါးမြို့)

## ဘားအံမြို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခြင်းနဲ့ စားသုံးသူတို့ရဲ့ သဘောထားလေ့လာချက် စစ်တမ်း (၂၀၁၆) ကောက်ယူ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနဲ့ စားသုံးသူသဘောထားလေ့လာချက် စစ်တမ်း (၂၀၁၆) ကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ဘားအံမြို့တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းနဲ့ ဝန်ထမ်းများက ဇူလိုင် ၈ ရက်တွင် ကော့ကျိုက်ကျေးရွာ ဝါးဆူးကျေးရွာတို့မှာ လည်းကောင်း၊ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းနဲ့ ဝန်ထမ်းများက ဇူလိုင် ၁၂ ရက်မှာ အ. မ. က ၅ ကျောင်းတွင် လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းနဲ့ ပတ်သက်၍ သိကောင်းစရာများ၊ စား သုံးသူတို့ အခွင့်အရေးနဲ့ တာဝန်များ အကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တို့ ရဲ့ အခွင့်အရေး၊ တာဝန်နဲ့ တားမြစ်ချက်များအကြောင်း၊ အန္တရာယ်ရှိသော အစားအသောက်ပစ္စည်းများအကြောင်း၊ ဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း စသည်တို့ကို ပါဝါပွိုင့်များဖြင့် ရှင်းလင်း ပြောကြားပါသည်။ ထို့ပြင် ဟောပြောပွဲ တက်ရောက်လာကြတဲ့ ကျေးရွာအုပ် ချုပ်ရေးမှူးနဲ့ ဒေသခံများက သိလိုသည်များ မေးမြန်းခြင်းအား ပြန်လည် ဖြေကြားခြင်း၊ လက်ကမ်းစာစောင်ဖြန့် ဝေပေးခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ စာအုပ်များ ပေးအပ် ခြင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရှိရပါတယ်။

ထို့နောက် ဘားအံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် အဖွဲ့သုံးဖွဲ့ခွဲ၍ ဘားအံမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် အတွက် စားသုံးသူသဘောထားလေ့လာချက် စစ်တမ်းများ ကောက်ယူခြင်းကို ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပြုလုပ် ခဲ့ကြောင်း သတင်းရရှိပါတယ်။

ခင်ကြည် (စားသုံးသူ)

## အုတ်ဖိုမြို့နယ်ပြည်သူ့ဆေးရုံတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းအရာများဟောပြော

သာယာဝတီခရိုင်အုတ်ဖိုမြို့နယ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနတို့မှ ပူးပေါင်း၍ ဇွန်လ ၂၃ရက်တွင် ရပ်ကွက်၊ ကျေးရွာများမှ ဥက္ကဋ္ဌများ၊ အုတ်ဖိုမြို့နယ် တာဝန်ခံ ဦးမင်းသူနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ/ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ သူနာပြုဆရာမများ၊ ဆေးဆိုင်ပိုင်ရှင်များ စုစုပေါင်းအင်အား ၉၅ ဦး တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တိုင်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မြတ်မိုးကြည်က အများပြည်သူများ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချရစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ စပ်ဆေးများသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန်နှင့် စပ်ဆေးများ၏ အန္တရာယ်များကို ရှင်းလင်းပြောကြား ခဲ့ပါသည်။ ထို့နောက် ဒေါက်တာမျိုးကိုကိုကျော်က ဆိုးဆေးအန္တရာယ်အကြောင်း၊ ဓာတုဆိုးဆေးနှင့် သဘာဝဆိုးဆေးများအကြောင်း၊ တာရှည်ခံဆေးများ၏ အန္တရာယ်များကို ဆွေးနွေး ဟောပြောခဲ့ပါသည်။ ဆက်လက်၍ သာယာ ဝတီခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်သန်းက စားသုံးသူရေးရာဥပဒေ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

ခိုင်ခိုင်ရီ (စားသုံးသူ)

## နေပြည်တော်ရုံးချုပ် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ အထက(၁၂) ဥတ္တရသီရိမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် (ရုံးချုပ်) စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲနှင့် နေပြည်တော်ပျဉ်းမနားခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၄ရက်တွင် ဥတ္တရသီရိမြို့နယ် အထက(၁၂) စုဝေးခန်းမ၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲ တွင် နေပြည်တော်(ရုံးချုပ်) စားသုံးသူရေးရာဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်၍ အားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ စားသောက်ကုန်တစ်ခုဝယ်ယူပါက အနည်းဆုံးအမည်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ ကုန်ဆုံးရက်စွဲ ဆိုတဲ့ အချက် ၄ချက် မပါရှိပါကစားသုံးရန် မသင့်ပါကြောင်း၊ မိမိဖတ်ရှု၍ နားမလည်သော စာသားများပါရှိက ဝယ်ယူ စားသုံးခြင်းမပြုရန် အကျယ်တဝင့် ရှင်းလင်းပြီး ကြွက်ထောင်ချောက်ပုံပြင် ပြောပြ၍ ဥပမာပေးဟောပြောဆွေးနွေးခဲ့ရာ ဟောပြောဆွေးနွေးပွဲသို့ ဆရာ/ဆရာမ ၅ ဦးနှင့် ကျောင်းသား/သူ ၃၀၀ဦး တက်ရောက်ခဲ့ပါသည်။

အလားတူ အဆိုပါအဖွဲ့ သည် ဥတ္တရသီရိ မြို့နယ် အထကခွဲ (ရွှေနံ့သာ)၊ ဇဗ္ဗူသီရိ မြို့နယ် အထက (၅)၊ အထက (၆) တို့တွင်လည်း စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား ဟောပြောဆွေးနွေးခဲ့ပါသည်။

နေပြည်တော်(ရုံးချုပ်) စားသုံးသူရေးရာဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအတွင်း စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဇူလိုင်လ ဒုတိယ ပတ်အတွင်း ဥတ္တရသီရိမြို့နယ် အတွင်း ခြောက်နေရာ၊ ဒက္ခိဏသီရိမြို့နယ်အတွင်း ရှစ်နေရာ စုစုပေါင်း ၁၄ နေရာတို့တွင် ဆောင်ရွက်ခဲ့ရာ တက်ရောက်သူဦးရေ ၃၆၃၇ ဦးရှိကြောင်း သတင်း ရရှိပါသည်။

နော်ဂျက်စမင်ဇံ (စားသုံးသူ)

## မိတ္ထီလာမြို့နယ်ညောင်ကိုင်းရွာ၊ တမုန်ကန်ကျေးရွာနှင့် မလှိုင်မြို့နယ် အထက (၁) တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဟောပြောပွဲကျင်းပ

မိတ္ထီလာခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်မှူး ဦးကျော်မြင့် ဦးစီးသည့် အဖွဲ့သည် ဇူလိုင်လ ၅ ရက် နေ့တွင် မလှိုင်မြို့ အ. ထ. က(၁) တွင် လည်းကောင်း၊ ဦးစီးမှူးဦးသော်ဇင်ညွှန့် ဦးစီးသည့်အဖွဲ့သည် ဇူလိုင်လ ၈ ရက်တွင် မိတ္ထီလာမြို့ ညောင်ကိုင်း ရွာအ. ထ. က နှင့် တမုန်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့ကြပါသည်။

အဆိုပါဟောပြောဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ က စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ သိကောင်းစရာများအား အကျယ်တဝင့်ဆွေးနွေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ အသီးသီး ဖြန့်ဝေပေးခဲ့ကြပါသည်။

မလှိုင်မြို့နယ် အ. ထ. က(၁)တွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဦးဌာနမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၆၁၅ ဦးတက်ရောက်ခဲ့ကြ သည်။

မိတ္ထီလာမြို့ ညောင်ကိုင်းရွာ အထကတွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၃၀ တက် ရောက်ခဲ့ကြပြီး တမုန်ကန်ကျေးရွာတွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၅၄ ဦးတက် ရောက်ခဲ့ကြကြောင်း သတင်းရရှိပါ သည်။

တင်တင်ဌေး-မိတ္ထီလာ

# စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ် ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲများကျင်းပခဲ့



စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိသူများသည် တိုင်းကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဇူလိုင်လ ၁၂ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရာဇဂြိုလ်ဘုန်းတော်ကြီးပညာသင်ကျောင်း၌လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) တိုင်းကျန်းမာရေးဦးစီးဌာနတို့နှင့်ပူးပေါင်းကာ ဇူလိုင် ၁၄ ရက်နေ့တွင် ဗဟန်းမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၃)၌လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့် အသိပညာဗဟုသုတများကို ကျောင်းသားကျောင်းသူများ သိရှိလိုက်နာ ဆောင်ရွက်တတ်စေရန် ရှင်းလင်းလွယ်ကူစွာပြောကြားခြင်း၊ ဆိုးဆေးအန္တရာယ်များ၊ လက်ဆေးခြင်းသည်အဓိကဖြစ်သဖြင့် လက်ဆေးနည်းအဆင့်ဆင့်ကို ကဗျာဖြင့် လက်တွေ့သရုပ်ပြသင်ကြားပေးခြင်း၊ မိုးရာသီတွင် အဖြစ်များသော ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန် တုပ်ကွေးစသည့် ရောဂါများ ကြိုတင်ကာကွယ်နည်းများ၊ အစားအစာသန့်၊ ရေသန့်၊ လက်သန့်၊ ပတ်ဝန်းကျင်သန့် (သန့်လေးသန့်) သည် ကျန်းမာရေးအတွက် အဓိကအကျဆုံးဖြစ်ခြင်းကိုလည်းကောင်း အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ရာဇဂြိုလ်ဘုန်းတော်ကြီးပညာသင်ကျောင်း၌ ဆရာမ ၃၇ ဦး၊ သာမဏေ ၆၆ ပါး၊ သီလရှင် ၉၁ ပါး၊ ကျောင်းသား၊ ကျောင်းသူ ၁၄၉၇ ဦး၊ စုစုပေါင်း ၁၆၉၁ ဦး၊ ဗဟန်းမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၃)၌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမ ၁၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၉၉ ဦး၊ ကျောင်းမုန့်ဈေးတန်းမှ ဈေးရောင်းချသူ ကိုးဦး၊ စုစုပေါင်း ၄၂၃ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ကျောင်းမုန့်ဈေးတန်းကို ကြည့်ရှုစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဟောပြော ဆွေးနွေးပွဲ တက်ရောက်သူများသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိ တွံတေးခရိုင်အတွင်း ငါးနေရာ၊ လှည်းကူးခရိုင်အတွင်း လေးနေရာ၊ သန်လျင်ခရိုင်အတွင်း လေးနေရာ၊ အင်းစိန်ခရိုင်အတွင်း နှစ်နေရာတို့တွင်လည်း ၂၀၁၆ ခုနှစ် ဇူလိုင်လ၏ဒုတိယပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်း စစ်ဆေး အသိပညာပေးမှုများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။

**နီလာထွေး (စားသုံးသူ)ရန်ကုန်**

## မော်လမြိုင်ပညာရေးကောလိပ်၌ စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးဟောပြောပွဲ ကျင်းပ

မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ခင်နွဲ့မူဆွေဦး ဦးဆောင်သော ဝန်ထမ်းများသည် မော်လမြိုင် ပညာရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲအား ဇူလိုင်၄ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ဌာနအကြောင်း သိကောင်း စရာများနှင့် ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများအားလည်းကောင်း၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူဝင်းက အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သိကောင်းစရာများအားလည်းကောင်း၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ဆေးဝါးနှင့်အလှကုန်ပစ္စည်းများ ဘေးကင်းလုံခြုံရေးဆိုင်ရာ သိကောင်းစရာများ အားလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဦးအောင်ကျော်မိုးက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ဥပဒေ အကြောင်းများအား လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၇၃၀၊ ဆရာ၊ဆရာမ ၈၅ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **နေဇင် (မွန်)**

# လားရှိုးမြို့၊ အထက(၃)ကျောင်းတွင် စားသုံးသူ အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်



လားရှိုးမြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်း ဦးစီးသောအဖွဲ့သည် ဇွန်လ ၂၄ရက်တွင် အထက(၃)ကျောင်းရှိ စံပယ်ခန်းမ၌ ဆရာ၊ဆရာမ ၅ ဦး၊ ကျောင်းသား၊ကျောင်းသူ ၄၀၀ဦး စုစုပေါင်း ၄၀၅ ဦးအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များဖြန့်ဝေ၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ ဥပဒေအကြောင်းနှင့် သိကောင်းစရာများ၊ စားသုံးရန်မသင့်သော အစားအသောက်များနှင့် FDA ထောက်ခံချက် မရှိသော ပြည်တွင်း ပြည်ပ စားသောက်ကုန်များကို အကျယ်တဝင့် ဟောပြောခဲ့ပါသည်။

အလားတူ ဇူလိုင် ၁၂ရက်တွင် လားရှိုးမြို့နယ်၊ အထက(၁၆)တွင် ရောင်းချ လျက်ရှိသော ကျောင်းမုန့်ဈေးဆိုင် ၂၁ဆိုင်အား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါသည်။ကျောင်းမုန့်ဈေးသည်များအား ကလေးငယ်များ ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်/မုန့်များ၊ ရက်လွန်မှုိတက်နေသော မုန့်များ ရောင်းချမှု မရှိစေရေး အသိပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါကျောင်းရှိကမ္ဘောဇခန်းမတွင် ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ သားစုစုပေါင်း ၆၈၆ဦးတို့အား စားသုံးသူရေးရာအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ထို့နောက် ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်းနှင့် တာဝန်ရှိသူများသည် ဇွန်လ ၂၈ရက်တွင် လားရှိုးမြို့၊ အထက(၃)ကျောင်း၌ ရောင်းချနေသော ကျောင်းမုန့်ဈေးဆိုင် ၁၂ ဆိုင်အား စားသုံးရန်မသင့်သည့် အစားအသောက်များ၊ မုန့်များရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ စားသောက်ရန် မသင့်သည့် တရုတ်စာတန်းပါ ထောက်ခံချက်မရှိသည့် စုစုပေါင်းတန်ဖိုးကျပ် ၂၁၅၀ကျပ်ရှိ ဝေဖာချောင်း၂၈ချောင်း သိမ်းဆည်းခဲ့ပြီး ၎င်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ သားများနှင့် ဈေးသည်များရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

**အောင်ကျော်မြင့် (လားရှိုး)**

# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၊ ပဥ္စမအကြိမ်မြောက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ အစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး အစည်းအဝေးခန်းမ (၁)တွင် ပဥ္စမအကြိမ်မြောက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဇူလိုင် ၅ရက်တွင် ကျင်းပပြုလုပ်ရာ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒု ဥက္ကဋ္ဌ ဦးကြည်အောင်၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်လှိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ၊ မိတ်ဖက်ဌာနများ၊ လူမှုဖွံ့ဖြိုး အထောက်အကူပြုကော်မတီဝင်များ ၊ ARCCI အသင်း ဥက္ကဋ္ဌနဲ့ စားသုံးသူကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က ဇွန်လ ၆ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ စတုတ္ထအကြိမ်မြောက် အစည်းအဝေးမှ ဆုံးဖြတ်ချက်များနဲ့ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော်အပိုင်းနှင့် နိုင်ငံတကာ ပညာရှင်များ၏ ဆောင်ရွက်နေမှုများ၊ ပြည်သူလူထုလိုအပ်ချက်အတွက် စားသုံးသူရေးရာကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် ရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပါ တယ်။

တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က တိုင်းဒေသကြီးအသင်းကို ခိုင်ခိုင်မာမာဖွဲ့စည်းပြီး လှျင် ခရိုင်နဲ့ မြို့နယ်အသင်းကို ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေမှုများ၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် အပတ်စဉ် သောကြာနေ့တိုင်း ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများအား သင်တန်းပို့ချပေးလျက်ရှိပြီး မကြာမီဈေးသူ၊ ဈေးသားများ၊ ပြည်သူလူထုများကိုလည်း စားသုံးသူရေးရာကိစ္စရပ်များကို ဟောပြောဆွေးနွေးရန် စီစဉ်ထားရှိကြောင်း၊ နိုင်ငံတကာမှ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှသာ ဈေးကွက်ဖြန့်ချိတာဖြစ်ကြောင်း၊ မိမိတို့စားသုံးသူရေးရာဦးစီးဌာနမှလည်း စီးပွားရေးလုပ်ငန်းရှင်များကို ထိန်းကျောင်းပေးရန်ဖြစ်ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းပေးရေးအဖွဲ့ကို ရုံးခန်းဖွင့်လှစ်ပြီး ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း ပြောကြားပါတယ်။

ဆက်လက်၍ တက်ရောက်လာသော မိတ်ဖက် ဌာနဆိုင်ရာများဖြစ်တဲ့ FDA၊ စက်မှုစစ်ဆေးရေးနှင့်ကြီးကြပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ဥပဒေ၊ ARCCI အသင်းအဖွဲ့တို့မှလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၆ ကျင်းပမည်




တတိယအကြိမ်မြောက် မြန်မာ့နိုင်ငံတကာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို လာမည့် စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၏ စိုက်ပျိုးရေးကဏ္ဍတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးစသည့် စိုက်ပျိုးရေးဆိုင်ရာဓာတုပစ္စည်းများ၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများ၊ မျိုးစေ့များ၊ ထွက်ကုန်များ၊ ဝန်ဆောင်မှုများစသည့် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည့် တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ မလေးရှား၊ ကိုရီးယား စသည့်နိုင်ငံများမှလာရောက်ပြသကြမည်ဖြစ်သည်။

မွေးမြူရေးကဏ္ဍတွင် ဗီယက်နမ်နိုင်ငံမှ တိရစ္ဆာန်မွေးမြူကုသရေးဆိုင်ရာ ဆေးဝါးထုတ်လုပ်သူများက နည်းပညာမြင့်ထုတ်ကုန်များကို ပြသကြမည့်အပြင် အမေရိကန်၊ တရုတ်(တိုင်ပေ)၊ မလေးရှား စသည့်နိုင်ငံများမှ နိုင်ငံတကာဈေးကွက်တွင် ဦးဆောင်လျက်ရှိသည့် ကုမ္ပဏီများက လာရောက်ပြသကြမည် ဖြစ်သည်။

ရေလုပ်ငန်းဆိုင်ရာပြပွဲတွင် စင်ကာပူနိုင်ငံမှ BIOMIN၊ ဗီယက်နမ်နိုင်ငံမှ Greenfeed ၊ အိန္ဒိယနိုင်ငံမှ CLFMA of India ၊ တရုတ်(တိုင်ပေ) မှ Ching Fa Fishing Implements Factory Co., Ltd. နှင့် ဂျာမနီနိုင်ငံမှ K-Pro GMBH စသည့် ကုမ္ပဏီအသီးသီးက လာရောက်ပြသကြမည်ဖြစ်သည်။

ယင်းပြပွဲသို့ နိုင်ငံပေါင်း ၁၂နိုင်ငံမှ ပြသသူပေါင်း ၆၀ ခန့်လာရောက်ပြသကြမည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲတွင် ပါဝင်ပြသလိုသူများအနေဖြင့်လည်း ပြပွဲစီစဉ်သည့် ကုမ္ပဏီဖြစ်သည့် VEAS ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**

## ရက် ၁၀၀ အတွင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ယာဉ်ယန္တရားများနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများ

အစိုးရသစ်၏ ရက်ပေါင်း ၁၀၀ အတွင်း ကုန်သွယ်ရေးဦးစီးဌာန မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ယာဉ်ယန္တရားများတင်သွင်းမှုနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများမှာ သွင်းကုန်လိုင်စင်ရရှိခဲ့ပြီး တင်သွင်းရန်ကျန်ရှိသည့် ယာဉ်ယန္တရား ၈၀၀၃ စီးအား သွင်းကုန်လိုင်စင်သက်တမ်း တိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် မေ ၅ ရက်မှ ဇူလိုင် ၇ ရက်အထိ ယာဉ်ယန္တရား ၃၈၈၁ စီး၊ လယ်ထွန်စက် လေးစီး၊ သုံးဘီးဆိုင်ကယ် ၅၂၁ စီး တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ပမှတင်သွင်းခွင့်ပြုထားသည့် လုပ်ငန်းသုံးယာဉ်ယန္တရားများအား ကုမ္ပဏီတစ်ခုလျှင် တစ်နှစ်အတွင်း ၁၀ စီးသာတင်သွင်းခွင့်ပြုပေးခဲ့ရာမှ လိုင်စင်တစ်စောင်လျှင် လုပ်ငန်းသုံးယာဉ်ယန္တရား ၁၀ စီးနှုန်းဖြင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ပြင်ဆင်ဖြေလျှော့ခွင့်ပြုခဲ့မှုကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင် ထပ်မံခွင့်ပြုထုတ်ပေးခဲ့သည့် လိုင်စင်အသစ်ဖြင့် ယာဉ်ယန္တရား ၆၈၁ စီး၊ လယ်ထွန်စက် ၉၂ စီး၊ သုံးဘီးဆိုင်ကယ် ၁၉၆၆ စီးကို တင်သွင်းခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အိုင်တီစီကတ်ဖြင့် ဆိုင်ကယ်တင်သွင်းခွင့်ပြုထားခြင်းမရှိသေးဘဲ အိုင်တီစီကတ်ဖြင့် ကျပ် ၁၉၄၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက် ကီလိုဂရမ် ၅၀၀၀ ကိုသာ တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

**မယ်သီတာ**

# ရန်ကုန်-ဟိုချီမင်းခရီးစဉ်များအား Vietjet လေကြောင်းလိုင်းမှ တစ်ပတ်လျှင် ခရီးစဉ်ခုနစ်ခုအထိ တိုးချဲ့ပျံသန်းပြေးဆွဲမည်




Vietjet လေကြောင်းလိုင်းသည် ရန်ကုန်-ဟိုချီမင်းခရီးစဉ်များအား တစ်ပတ်လျှင် ခုနစ်ကြိမ် တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း Vietjet လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Vietjet ၏ ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂ ရက်မှစတင်ကာ ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က တစ်ပတ်လျှင် အသွားအပြန် ခရီးစဉ် ငါးခုသာ ပြေးဆွဲခဲ့သော်လည်း ယခုအခါ တစ်ပတ်လျှင် ခရီးစဉ်ခုနစ်ခုအထိ ပြေးဆွဲတော့မည်ဖြစ်သည်။

ရန်ကုန်မှ ဟိုချီမင်းသို့ ရောက်ရှိလာသော ခရီးသည်များသည် ဗီယက်နမ်ရှိ အထင်ကရ လည်ပတ်ရန်နေရာများနှင့် စီးပွားရေးအချက်အချာနေရာ ၁၇ ခုသို့ လည်ပတ်နိုင်မည်ဖြစ်သည့်အပြင် ဗီယက်နမ်မှ တစ်ဆင့် အာရှ၏ ခရီးသွားလာမှု အများပြားဆုံးမြို့များဖြစ်သည့် ဘန်ကောက်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ကွာလာလမ်ပူ၊ ဆိုးလ်နှင့် တရုတ် စသည့်ဒေသများသို့လည်း ချိတ်ဆက်ခရီးစဉ်များအဖြစ် သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် နှစ်အနည်းငယ်အတွင်း ကမ္ဘာ့အလှပဆုံးကမ်းခြေများ၊ အရသာရှိပြီးထူးခြားသည့် ဟင်းလျာများ၊ ကမ္ဘာ့အဆင်ပြေဆုံး တိုးတက်သည့် လမ်းဘေးအစားအစာများနှင့် ကမ္ဘာ့အရသာအရှိဆုံးကော်ဖီတို့ကို ရရှိခံစားနိုင်သည့် နေရာတစ်နေရာ ဖြစ်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် သဘာဝအလှနှင့် ရှေးဟောင်းနေရာဒေသများဖြစ်သည့် ကမ္ဘာ့အကြီးဆုံးမြေအောက်ဂူဖြစ်သည့်Son Đoòng, Halong ပင်လယ်အော်၊ ခေတ်ဟောင်း မင်းနေပြည်တော်ဖြစ်သည့် ဟွေးမြို့၊ ရှေးဟောင်းဆိပ်ကမ်းမြို့ Hoi An နှင့် သဘာဝအတိုင်း တိရစ္ဆာန်များနေထိုင်သည့် My Son တို့ တည်ရှိရာနိုင်ငံလည်း ဖြစ်သည်။

Vietjet သည် အာရှတိုက်အတွင်း ပြေးဆွဲပျံသန်းနေသည့် လေကြောင်းလိုင်းများအနက် စရိတ်အသက်သာဆုံးသော လေကြောင်းလိုင်းတစ်လိုင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတွင် Shunji Matsuo အလှပြင်ဆိုင် လာရောက်ဖွင့်လှစ်မည်

စင်ကာပူနိုင်ငံတွင် နာမည်ကျော်ကြား လူကြိုက်များလျက်ရှိသည့် Shunji Matsuo အလှပြင်ဆိုင်သည် မြန်မာနိုင်ငံတွင် လာမည့်လအတွင်း စတင်ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း Shunji Matsuo ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Shunji Matsuo သည် စင်ကာပူမှ ဂျပန်ဆံပင်ညှပ်ပညာရှင်များဖြင့် ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ်ဆံပင်ဒီဇိုင်းများကို မြန်မာနိုင်ငံသူနိုင်ငံသားများ ရရှိစေရန်ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်သည်။

Shunji Matsuo ဆံပင်ညှပ်ဆိုင်သည် ၎င်း၏ထူးခြားသော ဆံပင်ညှပ်နည်းပညာများကြောင့် ထင်ရှားကျော်ကြားလျက်ရှိသည်ဟုဆိုသည်။

Shunji Matsuo ဆံပင်ညှပ်ဆိုင်ကို Shiseido Ginza Tokyo, Shiseido Professional, Backes & Strauss (London), Frank Muller တို့နှင့် ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ Shunji Matsuo ဆံပင်ညှပ်ဆိုင်တွင် ဆံပင်ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ပုံသွင်းခြင်း၊ ဆံပင်ကောက်ခြင်း၊ ဖြောင့်ခြင်း၊ ဆေးဆိုးခြင်းနှင့်ပေါင်းတင်ခြင်းများကို ပြုလုပ်နိုင်ကြောင်း သိရသည်။

ထို့ပြင် လိုင်စင်ရ Nano Steam နည်းပညာကို အသုံးပြု၍ ဆံပင်ဆေးဆိုးခြင်း၊ ကောက်ခြင်း၊ ဖြောင့်ခြင်းနှင့် ပေါင်းတင်ခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း သိရသည်။

Shunji Matsuo မြန်မာ၏ Corporate Director ဖြစ်သူ Mr. Bernard Ong က "မြန်မာနိုင်ငံမှာ ပထမဦးဆုံး Shunji Matsuo ဆိုင်ကို ဖွင့်လှစ်ခွင့်ရတာ အရမ်းကိုဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း နိုင်ငံတကာမှာ ခေတ်စားနေတဲ့ ဆံပင်ပုံစံတွေကို မြန်မာနိုင်ငံမှာလည်း တစ်ပြေးညီဖြစ်အောင် နိုင်ငံတကာမှာအသုံးပြုနေတဲ့ ဆံပင်ညှပ် နည်းပညာတွေနဲ့ ဆိုင်ကိုလာပြီး ဆံပင်ပြုပြင်သူတွေကို အလှပဆုံးဖြစ်အောင်၊ အလန်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးမှာပါ"ဟု ပြောကြားခဲ့သည်။

Shunji Matsuo မြန်မာသည် Shiseido Professional ၏ တရားဝင်ဆံပင်အလှပြင်ဆိုင်ဖြစ်ပြီး Takara Belmont Tokyo မှ ပစ္စည်းများကို အသုံးပြုထားကာ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသည့် လိုင်စင်ရဆံပင်ညှပ်ပညာရှင်များက ဦးစီးလုပ်ကိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



# ဘရက်ဇစ်ဂယက်ကြောင့် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ထိခိုက်နိုင်

ဥရောပသမဂ္ဂ(အီးယူ)က ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ဆယ်စုနှစ်ပေါင်းများစွာ အရေးပါတဲ့ ဈေးကွက်တစ်ခုဖြစ်ခဲ့ပါတယ်။ အလားတူ ယူကေနိုင်ငံသို့ ဗီယက်နမ်နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေး ပို့ကုန်တန်ဖိုးက ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၇၀၃ သန်းအထိ ရောက်ရှိခဲ့ပြီး ယခုနှစ် ပထမငါးလမှာ အမေရိကန်ဒေါ်လာ ၃၀၈ သန်းအထိ ရောက်ရှိခဲ့ရာ ဗီယက်နမ် အသေးစားစိုက်ပျိုးထုတ်လုပ်သူများရဲ့ ရပ်တည်ရေးအတွက် ဒီဈေးကွက်ပေါ်မှာ မှီခိုလျက်ရှိတာကို တွေ့ရပါတယ်။

ယခုနှစ် နှစ်ဆန်းပိုင်းမှာ ဗြိတိန်နိုင်ငံဈေးကွက်သို့ တင်ပို့ခဲ့တဲ့ ပို့ကုန်များထဲမှာ သီဟိုဠ်စေ့၊ ကော်ဖီ၊ သစ်နဲ့ ပင်လယ်စာတို့ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၃၆ ဒသမ ၆၉ ရာခိုင်နှုန်း၊ ၁၄ ဒသမ ၈၆ ရာခိုင်နှုန်း၊ ၉ ဒသမ ၆၈ ရာခိုင်နှုန်းနဲ့ ၈ ဒသမ ၆၄ ရာခိုင်နှုန်း အသီးသီး ရှိခဲ့ပါတယ်။

ဗြိတိန်နိုင်ငံ အီးယူမှနုတ်ထွက်ဖို့ ဆုံးဖြတ်ချက်ချမှတ်ပြီး မကြာမီမှာပင် ဈေးကွက်တုံ့ပြန်မှုကို စောင့်ကြည့်လေ့လာတဲ့အနေနဲ့ ပင်လယ်ရပ်ခြားရှိ ကော်ဖီတင်သွင်းသူများက ကော်ဖီဝယ်ယူမှုကို ရပ်ဆိုင်းခဲ့ပါတယ်။ ကမ္ဘာ့ကုန်စည်ဈေးကွက်ထဲမှာ ဇွန် ၂၅ ရက်မှ ဇူလိုင် ၂ ရက်အတွင်း ကော်ဖီဈေးနှုန်းက တစ်ပတ်အတွင်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ နှုန်းအထိကျဆင်းကာ အဆမတန် ကျဆင်းမှုဖြစ်စေခဲ့ကြောင်း ဗီယက်နမ်ကော်ဖီနဲ့ ကိုကိုးအသင်း ဒုတိယဥက္ကဋ္ဌ ဒိုဟာနမ်းက ပြောပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ သစ်ကိုသုံးစွဲရာမှာ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ တရုတ်ပြီးလျှင် အီးယူက စတုတ္ထမြောက် သုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ကြောင်း ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကပြောပါတယ်။ အီးယူဈေးကွက်အတွင်းမှာ ဗြိတိန်က အကြီးဆုံးဖောက်သည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း သစ်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၇ သန်းအထိဝယ်ယူခဲ့ပါတယ်။ ယခုပထမငါးလအတွင်း အမေရိကန်ဒေါ်လာ ၁၃၆ သန်း ဝယ်ယူခဲ့ပါတယ်။

အီးယူအတွင်းရှိ နိုင်ငံပေါင်း ၂၈ နိုင်ငံအနက် ဗြိတိန်ဈေးကွက်က အကြီးမားဆုံးဈေးကွက်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်းမှာ စုစုပေါင်း သွင်းကုန်တန်ဖိုးက အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်ရှိခဲ့ကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနဲ့ ထုတ်လုပ်သူများအသင်းက ပြောပါတယ်။ ငွေကြေးတန်ဖိုးကျဆင်းမှုကြောင့် ရေတိုမှာ ပို့ကုန်လုပ်ငန်းတွေကို ထိခိုက်နိုင်ပေမယ့် ဘရက်ဇစ်ဂယက်ကြောင့် ရေရှည်မှာ ကြီးကြီးမားမား ထိခိုက်မှုမရှိနိုင်ဘူးလို့ ယုံကြည်ကြောင်း အသင်းရဲ့အထွေထွေအတွင်းရေးမှူး ထရောင်းဒင်ဟိုးက ပြောပါတယ်။

အီးယူမှဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ နှစ်နှစ်လောက်အချိန်ယူ ဆောင်ရွက်ရမှာဖြစ်ပြီး အဲဒီလအတွင်း ဝယ်လိုအားကို ထိခိုက်မှုမရှိဘဲ ဆက်လက်တည်ရှိနေမယ်လို့ ယုံကြည်ကြောင်းလည်း သူကပြောပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# ယခုနှစ်မှာ ဖိလစ်ပိုင်ရဲ့ ပို့ကုန်ရည်မှန်းချက် လွဲချော်နိုင်

ဘရက်ဇစ်ရဲ့ အကျိုးဆက်နဲ့ တရုတ်နိုင်ငံနဲ့ ဆက်နွယ်ဖြစ်ပွားနေတဲ့ နိုင်ငံရေး တင်းမာမှုတို့ကြောင့် ဖိလစ်ပိုင်နိုင်ငံရဲ့ ယခုနှစ်ပို့ကုန်ရည်မှန်းချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းနိုင်မှာမဟုတ်ဘူးလို့ ပို့ကုန်လုပ်ငန်း အရာရှိများကပြောကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

“စောစောပိုင်းကတည်းက ရည်မှန်းချက်ကို မပြည့်မီနိုင်တော့ဘူးလို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ ပို့ကုန်ဖွံ့ဖြိုးမှု ၆ ရာခိုင်နှုန်းရဖို့ရည်မှန်းချက်က များလွန်းနေပါတယ်။ ဒါကြောင့် ယခုနှစ်ပို့ကုန်ဖွံ့ဖြိုးမှုက ၃ ရာခိုင်နှုန်းပဲရှိမယ်လို့ ကျွန်တော်တို့ ခန့်မှန်းပါတယ်။ ယခုနှစ်ဝက်ကျိုးလာပါပြီ ပို့ကုန်ရည်မှန်း ချက်ကို ရရှိအောင် ကျွန်တော်တို့ မဆောင်ရွက်နိုင်သေး ပါဘူး” လို့ ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ဥက္ကဋ္ဌ ဆာဂီယို အောတစ်လူးဝစ် ဂျူနီယာကပြောပါတယ်။

ဘရက်ဇစ်လို့ခေါ်တဲ့ အီးယူမှဗြိတိန်နိုင်ငံ နုတ်ထွက်မှုနဲ့ တောင်တရုတ် ပင်လယ်အရေးအခင်းနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ အငြင်းပွားမှုမှာ ဖိလစ်ပိုင်နိုင်ငံ အနိုင်ရလိုက်ခြင်းတို့က ယခုနှစ်ပို့ကုန်ကျဆင်းရတဲ့ အဓိက အကြောင်းအရင်းတွေဖြစ်ကြောင်း အောတစ်လူးဝစ်က ပြောပါတယ်။

“ပို့ကုန်ပြဿနာက ဈေးကွက်နဲ့ ဆိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ ရောင်းလိုအားနဲ့ မူဝါဒကြောင့် မဟုတ်ပါဘူး။ ပို့ကုန်လုပ်ငန်းမှာ အမေရိကန်ပြည်ထောင်စုနဲ့ ကျွန်တော်တို့ တဖြည်းဖြည်းတိုးတက်မှု ရနေပါတယ်။ ဂျပန်နဲ့ကလည်း အခြေအနေ ကောင်းပါတယ်။ ဒါပေမယ့်ပြဿနာက တရုတ်နိုင်ငံနဲ့ ဆက်ဆံရေး ဖြစ်ပါတယ်” လို့ သူကပြောပါတယ်။

ယခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ ပို့ကုန်ဖွံ့ဖြိုးမှု ရည်မှန်းချက်အဖြစ် ရှစ်ရာခိုင်နှုန်း အကြားရနိုင်လိမ့်မယ်လို့ စောစောပိုင်းက ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။

ဖိလစ်ပိုင်ပို့ကုန်ဖွံ့ဖြိုးရေး စီမံကိန်း ( ၂၀၁၅-၂၀၁၇ ခု) အရ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးမှုနှုန်းကို ယခုနှစ်မှာ ၅ ဒသမ ၄ ရာခိုင်နှုန်းအကြားနဲ့ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၇ မှ ၁၀ ရာခိုင်နှုန်း အတွင်းရရှိအောင် ဆောင်ရွက်ဖို့ရည်မှန်းထားပါတယ်။

# ထိုင်းနိုင်ငံက ကုန်သွယ်ရေးနည်းဗျူဟာသစ်ကို အကောင်အထည်ဖော်မည်

ထိုင်းနိုင်ငံရဲ့ ပြည်ပကုန်သွယ်ရေး မူဝါဒသစ်ကို ရေးဆွဲကျင့်သုံးမှာဖြစ်ရာ အဆိုပါမူဝါဒသစ်အရ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းနဲ့ အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စတွေကို အဓိကအလေးပေးပြီး ဦးစားပေးနိုင်ငံတွေနဲ့ မဟာဗျူဟာအရ ပူးပေါင်းပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်တယ်လို့ ထိုင်းဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျက်ဆုဆရီပီတက်က ဇူလိုင် ၁၄ ရက်က ပြောပါတယ်။

လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်အတွက် စေ့စပ်ညှိနှိုင်းရာမှာ နှောင့်နှေးကြန့်ကြာမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုတွေကို အဓိကကုန်သွယ်ဖက်နိုင်ငံတွေနဲ့ ထိုင်းနိုင်ငံက နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအရာရှိတွေနဲ့ တွေ့ဆုံတဲ့ဆွေးနွေးပွဲမှာ ဆွမ်ကစ်က ပြောပါတယ်။

မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုအတွက် ထိုင်းနိုင်ငံက အဓိကဦးစားပေးနိုင်ငံအဖြစ် သတ်မှတ်ထားတဲ့နိုင်ငံတွေမှာ အိန္ဒိယ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်တို့ပါဝင်ပါတယ်။

အကောင်အထည်ဖော်ရေး အစီအစဉ်အရ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့်ကဏ္ဍတွေမှာ မိတ်ဖက်နိုင်ငံတွေအဖြစ် သဘောတူစာချုပ်တွေ ချုပ်ဆိုဆောင်ရွက်သွားဖို့ ထိုင်းနိုင်ငံက ရည်မှန်းထားပါတယ်။

ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က ဒစ်ဂျစ်တယ်နဲ့ အဆင့်မြင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုအတွက်လည်းကောင်း၊ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့က အသက် မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုများနဲ့ အိုင်တီလုပ်ငန်းများအတွက်လည်းကောင်း၊ ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့က အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုအတွက်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုတွေကို ပြုလုပ်မှာဖြစ်ကြောင်း ဆွမ်ကစ်က ပြောပါတယ်။

ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စွန့်ဦးတီထွင်သူ လုပ်ငန်းရှင်များနဲ့ ထူထောင်စ လုပ်ငန်းများကိုလည်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနနဲ့ ဉာဏပစ္စည်းမူပိုင်ခွင့်ဌာနတို့က ထောက်ပံ့ကူညီပေးသွားဖို့ ဆွမ်ကစ်က ပြောပါတယ်။

# စင်ကာပူနိုင်ငံသားများ အငြိမ်းစား ယူနိုင်ရန်အတွက် ယခင်မျိုးဆက်ထက် ကိုးနှစ် ပိုမိုစုဆောင်း

လူနေမှုစရိတ် မြင့်တက်လာမှုကြောင့် စင်ကာပူရှိ လုပ်သားများ အငြိမ်းစားယူနိုင်ရန်အတွက် ယခင်မျိုးဆက်ထက် ကိုးနှစ်ပိုမိုစုဆောင်းခဲ့ရတယ်လို့ ဇူလိုင် ၁၃ ရက်က ထုတ်ပြန်တဲ့ HSBC ဘဏ်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူနိုင်ငံသားများက ပျမ်းမျှခြင်းအားဖြင့် အငြိမ်းစားလစာအတွက် အသက် ၃၂ နှစ်ကစတင်ပြီး ၂၉ နှစ်စုဆောင်းရတယ်လို့ အစီရင်ခံစာက ဆိုပါတယ်။ ယခင်မျိုးဆက်တွေက အသက် ၃၉ နှစ်ကစပြီး ပျမ်းမျှခြင်းအားဖြင့် အနှစ် ၂၀ စုဆောင်းရတဲ့အတွက် ယခင်မျိုးဆက်နဲ့ နှိုင်းယှဉ်ရင် ယခုမျိုးဆက်က ကိုးနှစ်ပိုမိုစုဆောင်းရတဲ့ သဘောရှိပါတယ်။

အငြိမ်းစားယူမှုရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး HSBC က စစ်တမ်းကောက်ယူခဲ့တဲ့ "The HSBC Future of Retirement: Generations and Journeys" အစီရင်ခံစာအတွက် စင်ကာပူနိုင်ငံသား (အလုပ်ဝင်သူနဲ့ အငြိမ်းစားယူထားသူ) ၁၀၀၈ ဦးအပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ လုပ်သား ၁၈၀၀၀ ကျော်ကို စစ်တမ်းကောက်ယူခဲ့တာဖြစ်ပါတယ်။

စင်ကာပူ နိုင်ငံသားတွေက အငြိမ်းစားကာလအတွက် စုဆောင်းမိနိုင်အောင် နေ့စဉ်အပိုဝင်ငွေရအောင် ရှာဖွေခြင်း၊ အိမ်ရာအတွက် အသုံးစရိတ်လျှော့ချခြင်းဖြင့် ငွေသားပိုမိုစုဆောင်းနိုင်အောင် ကြိုးစားကြတယ်လို့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။ အငြိမ်းစားလစာအတွက် အထောက်အပံ့ရစေဖို့ စင်ကာပူနိုင်ငံသား ၂၁ ရာခိုင်နှုန်းက အိမ်ခြံမြေကို အရွယ်အစား လျှော့ချခြင်း သို့မဟုတ် ပြန်လည်ရောင်းချခြင်းတို့ကို ပြုလုပ်ကြ ပါတယ်။

စစ်တမ်းကောက်ယူခဲ့တဲ့ စင်ကာပူနိုင်ငံသားများအနက် ၆၀ ရာခိုင်နှုန်းက သူတို့ရဲ့ အငြိမ်းစားလစာ ရရှိရေးအတွက် ငွေသားစုဆောင်းဖို့ ကြိုးစားကြကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ၄၀ ရာခိုင်နှုန်းကတော့ အလုပ်ဆက်လုပ်ဖို့ စဉ်းစားကြပါတယ်။ ဒီအထဲက ၁၂ ရာခိုင်နှုန်းကအစိုးရရဲ့ အငြိမ်းစားလစာအစီအစဉ်ကို အားကိုးကြပါတယ်။

# စီးပွားရေးနဲ့ ဘဏ္ဍာရေးအတွက် စည်းလုံးညီညွတ်ကြဖို့ အာဆီယံကို စင်ကာပူဝါရင့်ဝန်ကြီးတိုက်တွန်း

တောင်တရုတ်ပင်လယ် နယ်မြေပိုင်ဆိုင်ခွင့် စီရင်ချက်ချပြီးနောက်ပိုင်း ပထဝီနိုင်ငံရေး တင်းမာမှုတွေ မြင့်တက်လာချိန်မှာ စီးပွားရေးနဲ့ဘဏ္ဍာရေး ဆက်ဆံမှုတွေ ပိုမိုနက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်ဖို့နဲ့ ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုကို အလေးထားဆောင်ရွက်ဖို့ စင်ကာပူ ဝါရင့်ဝန်ကြီးတစ်ဦးက အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းကြောင်း ဆောက်ချိုင်းနားမောနင်းပို့စ်သတင်းမှာ ဖော်ပြပါတယ်။ ဇူလိုင် ၁၄ ရက်က စင်ကာပူမှာကျင်းပတဲ့ OCBC ဘဏ်ရဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးလုပ်ငန်းဖိုရမ်မှာ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဝါရင့်ဝန်ကြီး ဂျိုးဇက်ဖင်းတဲအိုက ယခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂရဲ့တစ်ခုတည်းသော ဈေးကွက်ပုံစံ ကို နမူနာယူပြီး အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) အဖွဲ့ဝင်နိုင်ငံတွေက အာရှစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အေအီးစီ ဖွဲ့စည်းပုံက ငွေကြေးဈေးကွက်တွေကို ဖြေလျှော့ဖို့နဲ့ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် လမ်းပြမြေပုံနဲ့ ဘုံကြီးကြပ်ထိန်းသိမ်းရေး မူဘောင်တစ်ခုဖြစ်ပါတယ်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အဖွဲ့ဝင် တစ်နိုင်ငံချင်းစီက လွတ်လပ်စွာ ကုန်သွယ်မှုပြုနိုင်ပြီး မိမိကိုယ်ပိုင်စွမ်းအင်တွေကို အသုံးပြုခွင့်ရမှာဖြစ်ပါတယ်။

ဟောင်ကောင်ကလည်း ယခုနှစ်အတွင်းမှာ အာဆီယံနဲ့ ကိုယ်ပိုင်လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူ စာချုပ်ချုပ်ဆိုသွားမှာဖြစ်ပြီး ဒီလိုဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ ကုန်သွယ်မှု စည်းမျဉ်းတွေကို ချမှတ်နိုင်ပြီး ဘုံဈေးကွက်အတွင်းမှ အကျိုးစီးပွားများကို ရယူနိုင်တော့မှာဖြစ်ပါတယ်။

ယခုလက်ရှိအချိန်ထိ အေအီးစီက နှစ်နိုင်ငံဘဏ်လုပ်ငန်းများ အပြန်အလှန် ဆောင်ရွက်ရေး သဘောတူညီမှုအတွက် ကိုယ်ပိုင်မူဘောင်တစ်ခုကို ချမှတ်ထားနိုင်ပြီး ဖြစ်ပါတယ်။ ဒီသဘောတူညီချက်အရ ဈေးကွက်အသီးသီးကို ဝင်ရောက်ပြီး ဘဏ်လုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ စီမံခန့်ခွဲရေး လုပ်ငန်းတွေကို ဆောင်ရွက်ခွင့်ရမှာ ဖြစ်ပါတယ်။



# အာဆီယံငါးနိုင်ငံက ဗီယက်နမ်တွင် အနုပညာပြပွဲ ပြသမည်

ဇူလိုင် ၁၈ ရက်မှ ၂၅ ရက်အထိ ဗီယက်နမ်အလယ်ပိုင်း ကွမ်ထရီပြည်နယ်ရှိဒေါင်ဟာမြို့မှာ အနုပညာပြပွဲတစ်ရပ်ကို ခင်းကျင်းပြသမည်ဖြစ်ရာ အဆိုပါပြပွဲသို့ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနဲ့ ထိုင်းနိုင်ငံမှ အနုပညာအဖွဲ့ပေါင်း ၂၁ ဖွဲ့ ပါဝင်မယ်လို့ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန လက်အောက်ရှိသဘင်အနုပညာဌာနမှပြောကြောင်း ဗီယက်နမ်နယူးစ် သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်မှ အနုပညာအဖွဲ့ ၁၇ ဖွဲ့ နဲ့ ပြည်ပအနုပညာအဖွဲ့ လေးဖွဲ့မှ အနုပညာသည်ပေါင်း ၉၆၀ ပါဝင်မှာဖြစ်ပြီး အဆိုပါ အခမ်းအနားတွင် ပညာရှင်များရဲ့ စင်တင်ဖျော်ဖြေပွဲပေါင်း ၂၂၁ ကို တင်ဆက်သွားမှာဖြစ်ပါတယ်။ တင်ဆက်မှုများအနက် အကောင်းဆုံးယှဉ်ပြိုင်နိုင်သူများကို ရွှေနဲ့ ငွေတံဆိပ်များချီးမြှင့်သွားမှာ ဖြစ်ပါတယ်။

အနုပညာတင်ဆက်မှု အခမ်းအနားကို သဘင်အနုပညာနဲ့အတူ ပြည်နယ်ယဉ်ကျေးမှု၊ အားကစားနဲ့ခရီးသွားရေးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန၊ ဗီယက်နမ်ကချေသည် အသင်းနဲ့ ဗီယက်နမ်သီချင်းရေးဆရာများ အသင်းတို့က ပူးတွဲကျင်းပပေးမှာ ဖြစ်ပါတယ်။ ယခုအခမ်းအနားက အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးရေးကို ရရှိစေရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်တဲ့အပြင် ဗီယက်နမ်ရဲ့ အနုပညာ၊ ရေမြေနဲ့ ပြည်သူများကို အိမ်နီးချင်းနိုင်ငံများက သိရှိနားလည်ပြီး သဘောကျ နှစ်ခြိုက်အောင် ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ယခင်ကလည်း ကွမ်ထရီပြည်နယ်မှာ ကမ္ဘောဒီးယား-လာအို- ဗီယက်နမ် အနုပညာပွဲတော်“ အာရှဖြတ်လမ်း”နဲ့ အင်ဒိုချိုင်းနား ဂီတပွဲတော်တို့ကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ရာ ယခုပွဲက ထိုပွဲတော်များရဲ့ အဆက်ပဲဖြစ်ပါတယ်။ တင်ဆက်မှုများအနက်မှ အကောင်းဆုံးငါးခုကို ရွေးချယ်ပြီး ပွဲတော်ကာလအတွင်း ပြုလုပ်မယ့် အများပြည်သူပြပွဲမှာ တင်ဆက်ပြသခွင့်ပေးမှာဖြစ်ပါတယ်။

**ညဏ်တင်-စုစည်းတင်ပြသည်**

# ကျေးလက်အခြေပြု ခရီးသွားလုပ်ငန်းအတွက် အာဆီယံခရီးသွားလုပ်ငန်း နှီးနှောဖလှယ်ပွဲကို ဖူးခက်တွင် ကျင်းပမည်

ခရီးသွားလုပ်ငန်း ထူထောင်ရေး ထိုင်း-အင်ဒိုနီးရှား ဆက်ဆံရေး အထိမ်း အမှတ်အဖြစ် " Seminar on Asean Community Based Tourism" နှီးနှောဖလှယ်ပွဲကို ဇူလိုင် ၁၉ ရက်နဲ့ ၂၀ ရက် တွေမှာ ဖူးခက်တက္ကသိုလ်ဝင်းရှိ ဖူးခက်ကွန်မြူနီတီကောလိပ်မှာ ကျင်းပသွားမှာဖြစ်ကြောင်း ဖူးခက်နယူးစ် သတင်းမှာဖော်ပြထားပါတယ်။

အင်္ဂလိပ်ဘာသာစကားနဲ့ ပြောဆိုဆွေးနွေးမယ့် နှီးနှောဖလှယ်ပွဲသို့ သုတေသီများနဲ့ သင်တန်းကျောင်းသို့မဟုတ် ကောလိပ်ကျောင်းများမှ ညွှန်ကြားရေးမှူးများ အပါအဝင် လူ ၁၀၀ တက်ရောက်မည်ဖြစ်ပြီး အားလုံး အခမဲ့ တက်ရောက်ခွင့် ရကြမှာဖြစ်ပါတယ်။

အခမ်းအနားကို ဝိုင်းဝန်းပံ့ပိုးကြမယ့်အဖွဲ့များမှာ ကာသုစည်ပင်သာယာအဖွဲ့ ဖူးခက်ခရီးသွားလုပ်ငန်း အသင်း၊ ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ဖူးခက်ရုံး၊ ဆောင်ကလာ ဒေသရှိ အင်ဒိုနီးရှား ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ရုံးတို့ ဖြစ်ပါတယ်။

“ အခမ်းအနားကျင်းပရတဲ့ ရည်ရွယ်ချက်က အာဆီယံမူဘောင်အရ ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ရဲ့ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဖြစ်ပါတယ်” လို့ ဆောင်ကလာမင်းသား တက္ကသိုလ်မှ ပါမောက္ခတာနာဝပ် ဝေါင်လွတ်ဆာနာပန်က ပြောပါတယ်။

အခမ်းအနားမှာ ထိုင်းနိုင်ငံ ခရီးသွားကောင်စီရဲ့ ဖူးခက်ဒေသ ဥက္ကဋ္ဌ၊ ဘူးရစ်မာဆော့ ဆာကထိုင်း ခရီးသွားလုပ်ငန်းအခြေအနေ အကျဉ်းချုပ်ကိုလည်းကောင်း၊မာလန်၊အစ္စလမ်တက္ကသိုလ်မှ ဒေါက်တာမူတမိန်းနားမွတ်စတာဖာက အင်ဒိုနီးရှားခရီးသွားလုပ်ငန်းအကျဉ်းချုပ်ကိုလည်းကောင်း တင်ပြမှာဖြစ်ပါတယ်။

နှီးနှောဖလှယ်ပွဲမှာ တစ်နိုင်ငံချင်းစီမှ ကိုယ်စားလှယ်တစ်ဦးစီက ဦးဆောင်ပြီး အဖွဲ့လိုက်ဆွေးနွေးပွဲ Panel Discussion ကိုကျင်းပမှာဖြစ်ပါတယ်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှာ ၂၀၁၅ ခုနှစ်အတွင်းက ဧည့်သည်ဝင်ရောက်မှုမှာ ၄၆၉၂၂၆ ဦး ရှိတဲ့အနက် အင်ဒိုနီးရှားနိုင်ငံမှ ထိုင်းနိုင်ငံအတွင်းသို့ ဧည့်သည်ဝင်ရောက်မှုက အဆင့် ၁၈ နေရာမှာရှိကြောင်း ထိုင်းခရီးသွားလုပ်ငန်းဌာနက ပြောပါတယ်။

အစိုးရရဲ့ ၂၀၁၅-၂၀၁၇ ခုနှစ် ခရီးသွား လုပ်ငန်းမဟာဗျူဟာမှာ ကျေးလက်လူမှုအခြေပြု ခရီးသွားလုပ်ငန်းကို အဓိကရည်မှန်းချက်အဖြစ်ထားရှိပြီး ခရီးသွားလုပ်ငန်းမှဝင်ငွေဘတ် ၂ ဒသမ ၅ ဘီလီယံအထိ ရရှိဖို့လည်း ရည်မှန်းထားပါတယ်။ ကျေးလက်လူမှု အခြေပြုခရီးသွားလုပ်ငန်းက “ လူမှုရေး မညီမျှမှုလျော့ချရေး ” အတွက်ချမှတ် ထားတဲ့ အစိုးရရဲ့ ရည်မှန်းချက်ထဲမှာ ပါဝင်ပြီး ကျေးလက်အဖွဲ့အစည်း ၁၄၅ ခုကိုအဓိက ရည်မှန်းချက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# ၂၀၁၉ခုနှစ် အာဆီယံခရီးသွား လုပ်ငန်းဖိုရမ်ကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

၂၀၁၉ ခုနှစ်၊ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် (ASEAN Tourism Forum 2019) ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် အစီအစဉ်ကို ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ဇွမ်ဖတ်က အတည်ပြုခဲ့ကြောင်း ဇူလိုင် ၁၁ ရက်က တီတီအာဝိကလီး သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများအချင်းချင်း ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ၂၀၁၉ ခု အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်က အရေးပါတဲ့ အခမ်းအနားတစ်ခုဖြစ်ရာ အခမ်းအနားကျင်းပနိုင်ရေးအတွက် အသေးစိတ် အစီအစဉ်ကို စတင်ရေးဆွဲဖို့ ဝန်ကြီးချုပ်က ယဉ်ကျေးမှု၊ အားကစားနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီးကို အမိန့်ပေးထားကြောင်း ပြည်တွင်းမီဒီယာတွေမှာ ဖော်ပြပါတယ်။

အခမ်းအနားကျင်းပဖို့ အကြမ်းဖျင်းရွေးချယ်ထားတဲ့ ဒေသတွေထဲမှာ ဟန္နိုင်း၊ ဟိုချီမင်းစီးတီးနဲ့ ဒါနန်းဒေသတွေ ပါဝင်ပါတယ်။ အာဆီယံခရီးသွားဖိုရမ်မှာ ဆောင်ရွက်ဖို့ အဓိကသတ်မှတ်ထားတဲ့ အကြောင်းအရာတွေထဲမှာ အာဆီယံခရီးသွားလုပ်ငန်း အစည်းအဝေး ကျင်းပပြီးတဲ့နောက် အာဆီယံခရီးသွား ဝန်ကြီးများနဲ့ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ရုရှားနဲ့ တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များရဲ့ အစည်းအဝေးများကို ကျင်းပသွားမှာဖြစ်ပါတယ်။

အခမ်းအနားမှာ ကုန်သွယ်ရေးပြပွဲများဖြစ်တဲ့ အာဆီယံခရီးသွားဖိုရမ်ရဲ့ ခရီးသွားလုပ်ငန်း ဖလှယ်ရေး Travex ( Travel Exchange) အစီအစဉ်လည်း ပါဝင်ပါတယ်။ ဒီအစီအစဉ်က ရက်ရှည်ကျင်းပပေးမယ့် ခရီးသွားလုပ်ငန်းပြပွဲ အစီအစဉ်ဖြစ်ပါတယ်။ Travex လို့ ခေါ်တဲ့ အစီအစဉ်အတွက် စင်ကာပူအခြေစိုက် TTG Media ကလည်း ပါဝင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါပေမယ့် ဗီယက်နမ်နိုင်ငံရဲ့ တင်းကျပ်တဲ့ အစဉ်အလာအတိုင်း အခမ်းအနားကို တာဝန်ယူဆောင်ရွက်မယ့် လေလံတွေကို နောက်ဆုံး ဆုံးဖြတ်ချက်မချမီ အသိပေးကြေညာမှာ မဟုတ်ပါဘူး။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို အာဆီယံအဖွဲ့ထဲမှာပါဝင်တဲ့ နိုင်ငံ ၁၀ နိုင်ငံကို အက္ခရာစဉ်အရ အလှည့်ကျ ရွေးချယ်ပေးတာဖြစ်ပြီး စင်ကာပူက ၂၀၁၇ ခုနှစ်နဲ့ ထိုင်းနိုင်ငံက ၂၀၁၈ ခုနှစ်မှာ ကျင်းပပေးမှာ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းသို့ အပြည်ပြည်ဆိုင်ရာ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၅ ခုနှစ်ကခရီးသွား ၉၈ သန်းရှိခဲ့ရာ ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ပါက ခရီးသွားဦးရေ ၇ ဒသမ ၃ သန်း ပိုမိုမြင့်တက်ခဲ့ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်နိုင်ငံက ထုတ်ပြန်လိုက်တဲ့ စီးပွားရေး ကိန်းဂဏန်းတွေအရ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ခန့်မှန်းထားတာထက် ပိုမိုတိုးတက်ခဲ့တာကို တွေ့ရပါတယ်။ အလားတူ အာရှအီကွိတီရှယ်ယာ ဈေးကွက်တွေကလည်း ခိုင်မာလာတဲ့အတွက် ဒေသတွင်းငွေကြေး အများစုရဲ့ တန်ဖိုးတွေက ဇူလိုင် ၁၅ ရက်မှာ မြင့်တက်လာတာကို တွေ့ရပါတယ်။

စီးပွားရေး တည်ငြိမ်မှုရစေဖို့အတွက် တရုတ်အစိုးရက တိုးမြှင့်ပြီး ကြိုးပမ်း ဆောင်ရွက်ခဲ့တဲ့အတွက် ဒုတိယသုံးလပတ်မှာ တရုတ်စီးပွားရေးက ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ မူလခန့်မှန်းချက်ထက် ပိုမိုတိုးတက်ခဲ့တာကို တွေ့ရပါတယ်။ စက်မှုထုတ်ကုန်နဲ့ လက်လီရောင်းချမှု အခြေအနေတွေကလည်း မူလခန့်မှန်းချက်ထက် တိုးတက်ခဲ့ ပါတယ်။

တောင်ကိုရီးယား ဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို မပြောင်းလဲဘဲထားတဲ့အတွက်ကြောင့် လည်းကောင်း၊ စတော့ရှယ်ယာဈေးကွက်မှာ ငွေကြေးများစီးဝင်မှုကြောင့် လည်းကောင်း၊ တောင်ကိုရီးယား ဝမ်ငွေကြေးက ရက်သတ္တပတ် ၁၀ ပတ်အတွင်း အမြင့်ဆုံးအနေအထားကို ရောက်ရှိခဲ့ပါတယ်။

မလေးရှား ဗဟိုဘဏ်ကလည်း ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မူဝါဒအတိုးနှုန်းကို သုညဒသမ ၂၅ရာခိုင်နှုန်း လျှော့ချသတ်မှတ်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

### တရုတ်ယွမ်

တရုတ်နိုင်ငံရဲ့ ဂျီဒီပီ တိုးတက်နှုန်းက မူလခန့်မှန်းချက်ထက် ပိုမိုကြောင်း တရုတ်အစိုးရက ကြေညာပြီးနောက်ပိုင်း ဇူလိုင်၁၅ရက်နေ့က ယွမ်ငွေကြေးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ရှန်ဟဲရှိ Onshore ယွမ်ငွေကြေး တန်ဖိုးက ဇူလိုင်၁၄ရက်နေ့ ဈေးပိတ်ချိန်နဲ့ နှိုင်းယှဉ်ရင် သုညဒသမ ဝ၆ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၇၉၄ ယွမ်နှုန်း ရှိခဲ့ပါတယ်။ ဟောင်ကောင်ရှိ Offshore ယွမ်ရဲ့ တန်ဖိုးမှာ သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၈၀၅ ယွမ်နှုန်း ရှိခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ် ရည်ညွှန်းအတိုးနှုန်းကို ဇူလိုင် ၁၄ရက်နေ့ကထက် သုည ဒသမ ဝ၆ ရာခိုင်နှုန်း တိုးမြှင့်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၈၀၅ယွမ်နှုန်း သတ်မှတ်ပေးခဲ့ပါတယ်။

### အိန္ဒိယရူပီး

ပြည်တွင်း အီကွိတီရှယ်ယာ တန်ဖိုးမြင့်တက်ပြီး ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိကန် ဒေါ်လာကို ပြန်လည်ရောင်းချတဲ့အတွက် ဇူလိုင် ၁၅ ရက်မှာ ရူပီး တန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ဝ၆ ရူပီး မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၈၅ ရူပီးနှုန်းရှိခဲ့ပါတယ်။

### ဂျပန်ယန်း

တရုတ်စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံသူတို့က ဂျပန်ယန်းငွေများကို ပြန်လည်ရောင်းထုတ်လာကြသည့်အတွက် ဇူလိုင် ၁၅ ရက်က အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ယန်းငွေတန်ဖိုးက တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေး ဖလှယ်နှုန်းက ဇူလိုင် ၁၄ ရက်ညနေ ၅နာရီက နယူးယောက်မှာ ၁၀၅ ဒသမ ၃၀ ယန်းနဲ့ တိုကျိုမှာ ၁၀၅ဒသမ ၄၃ ယန်းနှုန်းရှိခဲ့ရာမှ နောက် တစ်နေ့နံနက် ၉ နာရီက တိုကျိုမှာ ၁၀၅ ဒသမ ၁၃ ယန်းနှုန်း ရှိခဲ့ပါတယ်။

ယူရိုတန်ဖိုးက ဇူလိုင်၁၄ရက်နေ့ညနေက နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၁၂ဒေါ်လာနဲ့ ၁၁၇ ဒသမ ၁၆ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုမှာ ၁ ဒသမ ၁၀၉၈ ဒေါ်လာနဲ့ ၁၁၇ ဒသမ ဝ၁ ယန်းနှုန်းဖြင့် လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့ တိုကျိုဈေးကွက်မှာ ၁ဒသမ ၁၁၀၆ ဒေါ်လာနဲ့ ၁၁၆ ဒသမ ၇၆ယန်းနှုန်း ရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

မလေးရှားရင်းဂစ်ကို ဝယ်ယူမှုအရှိန်အဟုန် ကျဆင်းလာတဲ့အတွက် ဇူလိုင် ၁၅ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးက ဈေးအဖွင့်မှာ ယခင်နေ့က နှုန်းအတိုင်း ရှိခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက ဇူလိုင်၁၄ရက်နေ့က နှုန်းအတိုင်း နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၃ဒသမ ၉၄၅၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ မလေးရှားဗဟိုဘဏ်က ဇူလိုင် ၁၃ ရက်က ဗဟိုဘဏ်အတိုးနှုန်းကို ရုတ်တရက် လျှော့ချလိုက်တဲ့အတွက် ဇူလိုင် ၁၄ ရက်မှာ ရက်သတ္တပတ် ၁၀ ပတ်အတွင်း အမြင့်ဆုံးနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။

အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ဇူလိုင် ၁၅ရက်က တောင်ကိုရီးယား ရှယ်ယာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ အများအပြား ဝယ်ယူခဲ့တဲ့အတွက် ရှယ်ယာဈေးနှုန်းတွေက ပဉ္စမမြောက်နေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ပါတယ်။ ပြည်တွင်းဝမ်ငွေကြေး တန်ဖိုးက အမေရိကန် တစ်ဒေါ်လာကို ၁၁၃၃ ဒသမ ၃၀ ဝမ်နှုန်း ရှိခဲ့တဲ့အတွက် ယခင်နေ့ကထက် ၃ ဒသမ ၆၀ ဝမ်နှုန်း မြင့်တက်ခဲ့ ပါတယ်။

### ထိုင်းဘတ်

နိုင်ငံခြားငွေ စီးဝင်မှုမြင့်တက်ခြင်းနဲ့ ဘတ်ငွေတန်ဖိုး မြင့်တက်နေသော်လည်း စိုးရိမ်မှုမရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့တဲ့အတွက် ဘတ်ငွေတန်ဖိုးက ရက်သတ္တပတ် ၁၀ ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါတယ်။ ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ယခင်နေ့ကနဲ့ နှိုင်းယှဉ်ရင်ဘတ်ငွေတန်ဖိုးက ဇူလိုင် ၁၅ရက်မှာ အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၉၆ ဘတ်နှုန်း ရှိခဲ့ပါတယ်။



## တောင်ကိုရီယားဗဟိုဘဏ်က အတိုးနှုန်းကို ပုံမှန်အတိုင်းထိန်းထား

အစိုးရရဲ့ ဘဏ္ဍာရေးလှုံ့ဆော်အားပေးမှုအစီအစဉ်နဲ့ ဥရောပသမဂ္ဂ (အီးယူ) မှ ဗြိတိန်နုတ်ထွက်ဖို့ မဲပေးဆုံးဖြတ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဂယက်တွေကို စောင့်ကြည့် အကဲဖြတ်ဖို့လိုသေးတဲ့အတွက် တောင်ကိုရီးယားဗဟိုဘဏ်က ဘဏ်ရဲ့ အခြေခံအတိုးနှုန်းကို ပုံမှန်အတိုင်း ဆက်လက်ထိန်းထားဖို့ ဇူလိုင် ၁၄ ရက်က ဆုံးဖြတ်ကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ခုနစ်ရက်သက်တမ်းရှိ ဘွန်းစာချုပ်တွေရဲ့ အတိုးနှုန်းကို ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတိုင်း ဗဟိုဘဏ်က ဆက်လက်ထားရှိပါတယ်။ ဒီနှုန်းက အနိမ့်ဆုံးအဖြစ် စံချိန်တင်ရောက် ရှိနေတဲ့နှုန်းဖြစ်ပြီး ဒီနှုန်းအတိုင်း ဆက်ထားလိမ့်မယ်လို့လည်း ဘလွမ်းဘတ်ရဲ့စစ်တမ်းမှာ စီးပွားရေးပညာရှင် ၂၀ က သဘောထားမှတ်ချက်ပေးထားပါတယ်။

တောင်ကိုရီးယား နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနဲ့ ငွေကြေးဖောင်းပွမှု နှုန်းက ဧပြီမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၁ဒသမ ၂ ရာခိုင်နှုန်း အသီးသီးရှိမယ်လို့ ဗဟိုဘဏ်က ခန့်မှန်းထားပါတယ်။

ကြွေးမြီထူပြောနေတဲ့ ကုမ္ပဏီတွေ ပြန်လည်ဖွဲ့စည်းရခြင်းနဲ့ ကမ္ဘာ့ကုန်သွယ်ရေး နှေးကွေးကျဆင်းမှုတို့ကြောင့် တောင်ကိုရီးယားဗဟိုဘဏ်က ယခုနှစ် ဇွန်လမှာ အတိုးနှုန်းတွေကို ရုတ်တရက် လျှော့ချခဲ့ပါတယ်။ ဘရက်ဇစ်ဂယက်ကြောင့် ကမ္ဘာ့ကုန်သွယ်မှုကို ကျဆင်းစေပြီး အာရှစီးပွားရေး အလားအလာကိုပါ ထိခိုက်လာမှာကို စိုးရိမ်မှု တွေကြောင့် ယခုလအတွင်း မှာ တောင်ကိုရီးယား အစိုးရရဲ့ ဘွန်းစာချုပ် အတိုးနှုန်း တွေ ကျဆင်းခဲ့ပါတယ်။

## အတိုးနှုန်း မြှင့်တင်ရေးကို အလောတကြီး ပြုလုပ်မှာ မဟုတ်ကြောင်း အမေရိကန်ဗဟိုဘဏ်ပြောကြား

အမေရိကန်ပြည်ထောင်စု စီးပွားရေးမှာ အလုပ်အကိုင်အားလုံး ရရှိနိုင်လုနီးပါး တိုးတက်တဲ့ လက္ခဏာတွေ ပြသလာပေမယ့် ဥရောပသမဂ္ဂ (အီးယူ) မှ ဗြိတိန်နိုင်ငံထွက်ခွာဖို့ ဆုံးဖြတ်ပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ရဲ့ အတိုးနှုန်းမြှင့်တင်ရေး ကိစ္စကို အဆောတလျင်ပြုလုပ်ဖို့ မဖြစ်နိုင်သေးဘူးလို့ ပြည်ထောင်စုဗဟိုဘဏ် မူဝါဒရေးဆွဲသူသုံးဦးကပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါ တယ်။

အမေရိကန်ဗဟိုဘဏ်မှ တာဝန်ရှိသူအများစုက ယခုနှစ် အတွင်းမှာ ဗဟိုဘဏ်အတိုးနှုန်းကို အနည်းဆုံး နှစ်ကြိမ်တိုးပေးဖို့ သဘောရှိကြောင်း ဇွန်လအတွင်းက ပြသခဲ့ကြပါတယ်။ ဒါပေမယ့် ဇူလိုင် ၂၆ ရက်နဲ့ ၂၇ ရက်မှာ နောက်တစ်ကြိမ်ကျင်းပမယ့် အစည်းအဝေးမတိုင်မီ ယခုအချိန်မှာတော့ အတိုးနှုန်းကို မပြောင်းဘဲ ဆက်လက်ထားရှိဖို့နဲ့ လက်ရှိအခြေအနေအတိုင်း လပေါင်းများစွာ ဆက်လက်ထားရှိလိုတဲ့ သဘောထားများကို ပြသလာပါတယ်။

စိန့်လူးဝစ်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျိမ်းဘူးလတ်၊ ဒါးလက်ဗဟိုဘဏ်ဥက္ကဋ္ဌ ရောဘတ်ကက်ပလန်နဲ့ အတ္တလန္တာ ဗဟိုဘဏ်ဥက္ကဋ္ဌ ဒင်းနစ်လော့ခ်ဘတ် တို့က အတိုးနှုန်း တိုးမြှင့်ရေးကိစ္စကို သတိထားပြီး သည်းခံဆောင်ရွက်ဖို့ ယခုရက်များအတွင်းမှာ ပြောကြားခဲ့ပါတယ်။




| | | |
|---|---|---|
| Head Office | : | No. 242/ 243, Di Pe Yinn Won Htauk U Mye Street, Shwe Lin Ban Industrial Zone, Hlaing Thar Yar Tsp, Yangon, Myanmar.<br>Tel : (+95-1) 613 868, 613 869, 613 657, 617 009, 617 010<br>E-mail : bddhq@myanmarkaido.com |
| Yangon Branch | : | No.1 (A), Bayintnaung Road, Aye Yeik Mon Housing, Ward-4, Hlaing Tsp, Yangon.<br>Tel : (+95-1) - 681 660~662, 683 513, 682 189, 682 345, Fax : (+95-1) – 680 722 |
| Mandalay Branch | : | No. Nga-7/8, Yangon-Mandalay Road, Between Kywe Sei Kan Street 1st & 2nd, Pyigyitagon Tsp, Mandalay, Myanmar.<br>Tel : (+92-2) – 703 30, 363 20, 235 43,599 59, Fax : (+95-2) – 703 30 |
| Nay Pyi Taw Branch | : | No-171, Thiri Yadanar Shopping Complex, Nay Pyi Taw, Myanmar.<br>Tel : (+95-67) – 421 759,421 729, Fax : (+95-67) -421 259 |
| Website | : | www.myanmarkaido.com |

# GRAND PHOENIX AUTO CO.,LTD.






ဂျပန်နိုင်ငံမှ တိုက်ရိုက် တင်သွင်းထားသော Toyota , Honda , Nissan နှင့် အခြား Brand မျိုးစုံကို
အရောင်အသွေးအမျိုးအစား ကောင်းမွန်စုံလင်စွာဖြင့် တင်သွင်းရောင်းချပေးနေပါသည်။

အရောင်းစင်တာ ( ၁ ) - အမှတ် ( ၃၆ ) ပါရမီလမ်းမကြီး ရန်ကင်းမြို့နယ် ရန်ကုန်မြို့။ (ပါရမီ မီးရထားကုန်းကျော်အနီး)
အရောင်းစင်တာ ( ၂ ) - အမှတ်( ၁၀၅/ခ) နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့။(ဗဟိုအမျိုးသမီးဆေးရုံအနီး)

ဖုန်း - ၀၁ ၆၆၃၆၆၈ , ၆၅၈၁၁၃ , ၂၂၅၆၉၀ , ၂၃၀၂၂၉၂ , ၂၃၀၂၂၉၃ , ၀၉ ၉၇၁၆၁၇၇၂၂, ၀၉ ၉၇၁၆၁၇၇၃၃ , ၀၉ ၉၇၁၆၁၇၇၄၄

Email - grandphoenixauto@gmail.com
Website - www.grandphoenixauto.com

# NAING Family (Mogok)

## Gems & Jewellery Co.,Ltd.



Pama Qr,Kyat Pyin
Mogok(West)
Mandalay Division.
Tel : 95-86-25067
Ph : 95-9-65 38617

127 D(1-B), Old Yay Tar Shay Road.
Bahan Tsp, Yangon,
Myanmar. (Burma)
Tel : 95-1-554146, Ph : 95-9-5418619
E-mail:naingfamily.mogok@gmail.com.

# COMMERCE INTERNATIONAL



## ဗီယက်နမ် လယ်ယာစိုက်ပျိုးရေး မြှင့်တင်ဖို့အတွက် နည်းပညာကအရေးပါ

ဗီယက်နမ်နိုင်ငံက အပြည်ပြည်ဆိုင်ရာပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှာနည်းပညာသစ်တွေ တီထွင်ဖန်တီးအသုံးချရေးက အရေးတကြီးဆောင်ရွက်ရမယ့် လုပ်ငန်းတစ်ခု ဖြစ်လာတယ်လို့ ဇူလိုင် ၁၄ရက်က မဲခေါင်မြစ်ဝကျွန်းပေါ်ပြည်နယ်တစ်ခုဖြစ်တဲ့ ဟောဂျန်းမှာ ကျင်းပတဲ့ ကွန်ဖရင့်ကို တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

"တန်ဖိုးမြှင့်တင်ရေး လုပ်ငန်းအဆင့်ဆင့်မှာ ပါဝင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေက နည်းပညာအသုံးပြုမှုနဲ့ တီတွင်ဖန်တီးမှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ထောက်ပံ့ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးရန်အတွက် အဆိုပါကွန်ဖရင့်ကို ကျင်းပခဲ့တာ ဖြစ်ပါတယ်။

"ဆန်မျိုးကောင်း ရွေးချယ်ရေး အမျိုးသားနည်းပညာ အစီအစဉ်ကို ယခုနှစ်အတွင်း အပြီးသတ်ရေးဆွဲနိုင်မှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ရေးဆွဲပြီးသွားရင် မဟာဗျူဟာ၊ မူဝါဒနဲ့ နည်းပညာ အစီအစဉ်တွေ ဆောင်ရွက်နေတဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေကို အထောက်အကူပေးနိုင်မှာဖြစ်ပြီး ကုမ္ပဏီတွေရဲ့ ယှဉ်ပြိုင်မှုစွမ်းရည်ကိုလည်း မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်"လို့ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာန၊ နည်းပညာအသုံးချရေးနဲ့ ဖွံ့ဖြိုးရေးဌာနအကြီးအကဲ တာဗီယက်ဒန်းက ပြောပါတယ်။

ဆန်မျိုးစေ့ ရွေးချယ်ရေး နည်းပညာကို အသုံးပြုခြင်းအားဖြင့် ၁၉၈၆ ခုနှစ်က တစ်ဟက်တာကို သုံးတန်ထွက်ရှိခဲ့ရာမှ ထူးထူးခြားခြားမြင့်တက်ပြီး ၂၀၁၅ ခုနှစ်မှာ ၅ ဒသမ ၇၇ တန်အထိ ထွက်ရှိခဲ့ကြောင်း နည်းပညာ အသုံးချရေးနဲ့ ဖွံ့ဖြိုးရေးဌာနမှ ထရန်ဒိုင်ကွိုင်က ပြောပါတယ်။

ယခင်နှစ်က ဗီယက်နမ်မှာ ဆန်စပါးစိုက်ပျိုးမြေဧရိယာဟက်တာ ၇ ဒသမ ၆၆ သန်း စိုက်ပျိုးခဲ့ပြီး ဆန်မျိုးကောင်းမျိုးသန့် ၂၅၅ မျိုးကို အသုံးပြုခဲ့တဲ့အနက် စပ်မျိုး ၁၅ မျိုး ပါဝင်ပါတယ်။ နှစ်စဉ် ဆန်မျိုးကောင်းမျိုးသန့် လိုအပ်ချက်က တန်ချိန် ၁ ဒသမ ၂ သန်းရှိပြီး မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရဲ့လိုအပ်ချက်က လေးပုံတစ်ပုံ နီးပါးရှိပါတယ်။

"ယခုအချိန်မှာ ပုံမှန်မျိုးစေ့ လိုအပ်ချက်ကို ရာနှုန်းပြည့်ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပြီး ပြည်ပမှ စပ်မျိုးစပါးတင်သွင်းမှုက အမေရိကန်ဒေါ်လာ ၃၅ သန်း ရှိပါတယ်" လို့ ကွိုင်က ပြောပါတယ်။

သိပ္ပံကျောင်း၊ တက္ကသိုလ်နဲ့ စီးပွားရေးလုပ်ငန်းခုနစ်ခုက မျိုးစေ့သစ်တွေကို ထုတ်ပေးလျက်ရှိပါတယ်။

ဆန်မျိုးသစ်အများစုက တိုင်းရင်းမျိုးတွေ ဖြစ်တဲ့အတွက် ဈေးအရနည်းပြီး ဗီယက်နမ်မျိုးတွေကို ပြည်ပသို့ တင်ပို့ခြင်း မရှိဘူးလို့ သူကပြောပါတယ်။ ဗီယက်နမ်သိပ္ပံပညာရှင်နဲ့ သုတေသီတွေက ရောဂါ၊ မိုးခေါင်ခြောက်သွေ့မှု၊ ရေလွှမ်းမိုးမှုနဲ့ ဆားငန်ရေဝင်တဲ့ ဒဏ်တွေကို ခံနိုင်တဲ့မျိုးစေ့တွေကို ထုတ်လုပ်ဖို့လိုကြောင်းလည်း သူကပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## ဘရက်ဇစ်ဂယက်ကြောင့် အမေရိကန်စီးပွားရေး ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်မည်ဆိုပါက အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းကို ထိန်းထားသင့်ကြောင်း အိုင်အမ်အက်ဖ်က ပြော

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို နှေးကွေးကျဆင်းစေမယ်ဆိုရင် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့်ကိစ္စကို ဆိုင်းငံ့ထားသင့်တယ်လို့ ဇူလိုင် ၁၂ ရက်က အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က ပြောကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးက ယခုနှစ်မှာ ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး ၂၀၁၇ ခုနှစ်မှာ ပြန်လည်မြင့်တက်လာမယ်လို့ အိုင်အမ်အက်ဖ်က ခန့်မှန်းထားပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအပေါ် ဘရက်ဇစ်ရဲ့ဂယက်ရိုက်ခတ်မှုက အနည်းငယ်သာရှိမယ်လို့ အိုင်အမ်အက်ဖ်ရဲ့ အမေရိကန်စီးပွားရေးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြ ထားပါတယ်။

"ဒါပေမယ့် စီးပွားရေးအပေါ် ဂယက်ရိုက်ခတ်မှုနဲ့ပတ်သက်ပြီး မရေရာသေးတဲ့အတွက် ခန့်မှန်းချက် အလားအလာတွေက အကျဘက်ကိုလည်း ဦးတည်သွားမယ်ဆိုရင်တော့ ဗဟိုဘဏ်အတိုးနှုန်းမြှင့်တင်ရေးကိစ္စ ဆိုင်းငံ့ထားသင့်ပါတယ်" လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ကာလတိုအတွင်း ဖြစ်ပေါ်လာမယ့် အမေရိကန် စီပွားရေးအခြေအနေနဲ့ပတ်သက်ပြီး အိုင်အမ်အက်ဖ်ကအကောင်းမြင်ဘက်မှာရှိနေကြောင်း အိုင်အမ်အက်ဖ်ရဲ့ အနောက်ကမ္ဘာခြမ်းဆိုင်ရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး နီအဲချော့က ပြောပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ယူရိုဇုန်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း နှေးကွေးမှုတို့ကလည်း အကျပ်အတည်းတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ မရေရာမှုတွေကတော့ အများကြီးရှိနေပါတယ်လို့ သူက သတင်းထောက်တွေကို ပြောပါတယ်။

အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၂ ဒသမ ၄ ရာခိုင်နှုန်းရှိမယ်လို့ ယခုနှစ် စောစောပိုင်းက အိုင်အမ်အက်ဖ်က ခန့်မှန်းထားပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှု၊ ရေနံဈေးများကြောင့် စွမ်းအင်ကဏ္ဍတိုးတက်နှုန်း ကျဆင်းမှုနဲ့ ပြည်တွင်းစားသုံးမှု ကျဆင်းမှုတို့ကြောင့် ထပ်မံလျှော့ချခန့်မှန်းထားပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

<< June And June Sailing Schedule >>

Date : 18th July 2016
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘပ္ပနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။